# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သီလသမာဓိဖြင့်**

**တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏**

သီလ မရှိ၊ သမာဓိ မရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ သမထ ဝိပဿနာကို ရှုမှတ်နေသောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

**သဟဿဝဂ်(ဓမ္မပဒ-၁၁၀)**


၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်၊ စနေနေ့။ 20, Saturday August 2016 (၈၆၅၉)


# နိုင်ငံတော်အစိုးရက ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည်များ တတ်စွမ်းသမျှ ဖြည့်ဆည်းထောက်ပံ့သွားမည်

# ဌာနဆိုင်ရာများကလည်း စာရင်းဇယားတိကျမှန်ကန်စွာပြုစုတင်ပြ၍ ရသင့်ရထိုက်သူများရရှိအောင် ဆောင်ရွက်



ရန်ကုန်- ပုသိမ်ကားလမ်း ရေကျော်မှုအား ပြန်လည်ပြုပြင်နေမှုကို နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာမြင့်ထွေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းတို့နှင့်အတူ နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့သို့ ရောက်ရှိကြသည်။

သာပေါင်းမြို့ အမှတ်(၁)ရပ်ကွက်ရှိကညင်ချောင်းဘုန်းတော်ကြီးကျောင်း ဓမ္မဗိမာန်၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံရာ နိုင်ငံတော်သမ္မတက အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများအားလုံး မျှမျှတတရရှိနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက်သွားရန်၊ နိုင်ငံတော်အစိုးရက ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည်များကို တတ်စွမ်းသမျှဖြည့်ဆည်းထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း စာရင်းဇယားများ မှန်ကန်တိကျစွာ ပြုစုတင်ပြသွားရန်နှင့် ရသင့်ရထိုက်သူများ လက်ဝယ်သို့ မှန်မှန်ကန်ကန် ရရှိအောင် ဆောင်ရွက်ပေးသွားရန် မှာကြားပြီး ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်သည်။



**စာမျက်နှာ ၃ ကော်လံ ၁ သို့**


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေး

**ပေကျင်း ဩဂုတ် ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ပေကျင်းမြို့ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ Villa 18 ၌ တွေ့ဆုံကြသည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)


THE MAZDA AWARDS HISTORY, THE CHOICE IS CLEAR

HOTLINE - 01 554633, 09 260259991

CX-5 CAR Of THE YEAR JAPAN 2014-2015(2013-2014 Emotional Category Award), GOOD DESIGN AWARD 2014 Best 100, Award for Excellence - Nikkei Sangyo Shimbun Award (1st prize).

MAZDA 6 What Car? Car of the Year 2010 - Best family car, Japan Car Design Award: Golden Marker Trophy, Carsales Car of the Year 2015: BEST FAMILY CAR (over $30K).

MAZDA 3 ASEAN COTY 2015 Malaysia : Family Car of the Year, The Best Small-to-medium Sedan, Automotive Best Buys for 2016 : "Compact Cars" category.

MAZDA 2 Carsales Car of the Year 2015: BEST CITY CAR, Car Dealer Power Car of the Year 2015, Scottish Car of the Year 2015: Scottish Supermini of the Year 2015,Environmental Communication Awards 2015.

BT-50 New Zealand 4WD Magazine Overall 4WD of the Year, UTE of the Year 2012, Drive Car of the Year 2012 : Best UTES.

World car of the year

## ကြေးမုံ

# အကျင့်ပျက်လာဘ်စားမှု၏ မျက်နှာစာများ

အကျင့်ပျက်လာဘ်စားမှု(သို့မဟုတ်)အဂတိတရားသည် နိုင်ငံတော်၏ယန္တရားအဆင့်တိုင်း၌ ဖြစ်ပေါ်နိုင်သော ကိစ္စရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အကျင့်ပျက်လာဘ်စားမှု(သို့မဟုတ်)အဂတိတရား တိုက်ဖျက်ရေးကိစ္စဆောင်ရွက်ရာ၌ အထူးဂရုပြုကိုင်တွယ်ဆောင်ရွက်ရန် အရေးကြီးပါသည်။ အကျင့်ပျက်လာဘ်စားမှု(သို့မဟုတ်) အဂတိတရား၌ မျက်နှာစာမျိုးစုံတို့ရှိသည်ဖြစ်၍ ၎င်းမျက်နှာစာတို့ကို ခြုံငုံသုံးသပ်၍ မူဝါဒချမှတ်နိုင်ရန် အရေးကြီးပါသည်။ အဆိုပါမျက်နှာစာမျိုးစုံခြုံငုံရေးကို ဆောင်ရွက်သည်နှင့်တစ်ပြိုင်နက်တည်း ပြည်သူလူထု၏ပူးပေါင်းဆောင်ရွက်မှုကိုပါ မဖြစ်မနေ ရယူဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်သူလူထုမှာ တိုက်ရိုက်ပါဝင်ဆောင်ရွက်ရန်မဖြစ်နိုင်၍ ပြည်သူလူထုကြား ရပ်တည်ဆောင်ရွက်နေသော အရပ်ဘက်အဖွဲ့အစည်းများက တက်ကြွသောအခန်းကဏ္ဍမှပါဝင်ရန် လိုအပ်ပါသည်။

အကျင့်ပျက်လာဘ်စားမှု(သို့မဟုတ်)အဂတိတရားပြဿနာတို့သည် တိုင်းပြည်၌ နှစ်ပေါင်းများစွာအမြစ်တွယ်လာခဲ့သော ပြဿနာတို့ဖြစ်၍ ၎င်းပြဿနာမျိုးစုံတို့ကို ချက်ချင်းလက်ငင်းဖြေရှင်းရန် မဖြစ်နိုင်သည်ကို နှလုံးသွင်း၍ မူဝါဒတို့ကိုတစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ရေးကို ဦးတည်ဆောင်ရွက်ရမည်ဟု ခံယူပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်ခဲ့သော လူထုအစိုးရက အကျင့်ပျက်လာဘ်စားမှု(သို့မဟုတ်)အဂတိတရားပြဿနာတို့ကို ထိထိရောက်ရောက်ကိုင်တွယ်ရန်လိုအပ်သကဲ့သို့ ထိုသို့ကိုင်တွယ်ဆောင်ရွက်နေသည်ကိုလည်း ပြည်သူလူထုတစ်ရပ်လုံးက လက်ခံယုံကြည်ရန်လိုအပ်ပါသည်။ ပြည်သူလူထု၏ အဆိုပါလက်ခံယုံကြည်မှုရရှိရေးသည် လူထုအစိုးရသစ်၏ အရေးကြီးသော နိုင်ငံရေးတာဝန် ဖြစ်သကဲ့သို့ စီးပွားရေးတာဝန်လည်းဖြစ်ပါသည်။ တစ်နည်းဆိုရသော် လူထုအစိုးရသစ်သည် အကျင့်ပျက်လာဘ်စားမှု (သို့မဟုတ်)အဂတိတရားတိုက်ဖျက်ရေးအတွက် နိုင်ငံရေးသန္နိဋ္ဌာန်ချမှတ်ထားသည်ဟု ပြည်သူလူထုက လက်ခံယုံကြည်ရန် အရေးကြီးပါသည်။

ပြည်သူလူထုနှင့် နေ့စဉ်ထိတွေ့ရင်ဆိုင်နေရသော နိုင်ငံတော်ယန္တရားတစ်ရပ်လုံးကို စနစ်တကျပြင်ဆင်ဖွဲ့စည်းရေးသည် ရှုထောင့်ပေါင်းစုံမှ လေ့လာသုံးသပ်၍ အချိန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ သို့သော် အဆိုပါရေရှည်လုပ်ငန်းစဉ်အတွက် လေ့လာသုံးသပ်နေစဉ်အတွင်း လက်ရှိလုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ်ဘောင်အတွင်းမှ လုပ်ငန်းစွမ်းဆောင်ရည်တို့ မည်သို့မည်ပုံတိုးမြှင့်နိုင်သည်ကို လေ့လာသုံးသပ်ရန် လိုအပ်သည်ဟု ယူဆပါသည်။ နိုင်ငံတော်ယန္တရားတို့၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးမြှင့်လာသည်နှင့်အမျှ အကျင့်ပျက်လာဘ်စားမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကိုလည်း ရရှိလာမည်ဖြစ်ပါသည်။ ၎င်းပြည်သူလူထု၏ ယုံကြည်ကိုးစားမှုတို့သည် အကျင့်ပျက်လာဘ်စားမှု(သို့မဟုတ်) အဂတိတရားတိုက်ဖျက်ရေးလုပ်ငန်းတို့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာ၌ ခွန်အားတစ်ရပ်ဖြစ်လာမည်ဖြစ်ပါသည်။

အကျင့်ပျက်လာဘ်စားမှု(သို့မဟုတ်) အဂတိတရားတိုက်ဖျက်ရာ၌ နိုင်ငံတော်ယန္တရားအရပ်ရပ်၏ အဆင့်အမျိုးမျိုးသော ဝန်ထမ်းတို့ကို စားဝတ်နေရေးစရိတ်ဖူလုံစေမည့် လုပ်ခလစာတို့ကို ပေးအပ်နိုင်ရန်လည်း အရေးကြီးပါသည်။ ၎င်းလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရမည်ဖြစ်ပါသည်။ ထိုသို့မြှင့်တင်နိုင်ရေးသည်လည်း အချိန်ယူဆောင်ရွက်ရမည်ဖြစ်၍ လိုအပ်သော ဖွံ့ဖြိုးတိုးတက်မှု မဆုပ်ကိုင်နိုင်သေးသောကြားကာလ၌ ဝန်ထမ်းသက်သာချောင်ချိရေးအား မည်သို့မည်ပုံ ဆောင်ရွက်နိုင်သည်ကိုလက်တွေ့ကျကျ ဆောင်ရွက်ရန်လိုအပ်သည်ဟု ရှုမြင်ပါသည်။ ဝန်ထမ်းတို့၏စွမ်းဆောင်ရည်မြှင့်တင်ရေးသည်လည်း အကျင့်ပျက်လာဘ်စားမှု(သို့မဟုတ်) အဂတိတရားတိုက်ဖျက်ရာ၌ ဖြည့်ဆည်းပေးရမည့်မျက်နှာစာတစ်ရပ်ဖြစ်ပါသည်။ ခြုံငုံတင်ပြရပါက အကျင့်ပျက်လာဘ်စားမှု(သို့မဟုတ်) အဂတိတရားတိုက်ဖျက်ရေးသည် မျက်နှာစာပေါင်းစုံမှ သုံးသပ်ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်၍ နိုင်ငံတော်ယန္တရားအဆင့်ဆင့်သည် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုအင်အားကို ရယူဆောင်ရွက်ပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အရေးပေါ်ကူညီထောက်ပံ့ငွေကျပ် သိန်း ၁၀၀၀ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၉**

မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ငွေကျပ် သိန်း ၁၀၀၀ ကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးမင်းမင်းဦးထံသို့ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် စုစုပေါင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခု၏ အစိုးရအဖွဲ့ဝန်ကြီးချုပ်များထံသို့ ဖောင်ဒေးရှင်းတာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ် သိန်း ၁၀၀၀ စီကို လှူဒါန်းခဲ့သည်။

ယခုအချိန်တွင် မြန်မာပြည်အနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသဖြင့် သက်ဆိုင်ရာ အစိုးရအဖွဲ့များအနေဖြင့် အရေးပေါ်အကူအညီများကို ပံ့ပိုးကူညီ ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။



မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)သည် ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ၁၃ ခုသို့ အလှူငွေကျပ် သိန်း ၁၀၀၀ စီဖြင့် စုစုပေါင်း ကျပ်သိန်းပေါင်း ၁၃၀၀၀ကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။

**(ဝ၁၀)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆက်သွယ်ရေးပစ္စည်းများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လဟယ်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)တွင် အသုံးပြုရန်အတွက် အလှူရှင် ဦးပြုံးမောင်မောင်၊ အကယ်ဒမီ ဒေါ်ခင်သီတာထွန်းတို့က ဩဂုတ် ၁၈ ရက်တွင် ငွေကျပ် ၅၆ သိန်း နှစ်သောင်းတန်ဖိုးရှိ V-SatRemote Terminal System သုံး Information Technology ပစ္စည်းများကို တပ်ဆင်လှူဒါန်းခဲ့ကြောင်း သိရသည်။



"နဂိုကတည်းက အစ်မတို့နာဂဒေသမှာ လှူဒါန်းဖို့အစီအစဉ်ရှိတယ်။ ဘာကြောင့်လဲဆိုတော့ အင်တာနက် မရှိတဲ့နေရာတွေမှာ ဒီစက်ကိုတပ်ဆင်လိုက်တာနဲ့ ချက်ချင်းအင်တာနက်သုံးလို့ရတယ်။ နောက်အလွယ်တကူ ဖုန်းလိုင်းရော၊ အင်တာနက်ပါသုံးလို့ရတယ်။ အခုလို ဝေးလံတဲ့နေရာတွေ၊ အဆက်အသွယ်ပြတ်တဲ့နေရာမှာ ဝန်ကြီးချုပ်နဲ့ ဌာနဆိုင်ရာတွေ ဆက်သွယ်ဖို့ခက်ခဲတယ်။ ဒါတပ်ဆင်လိုက်ခြင်းအားဖြင့် အွန်လိုင်းကနေဆက်သွယ်မှုရလာမယ်။ အချိန်နဲ့ တစ်ပြေးညီ သတင်းတွေ အွန်လိုင်းကနေသိနိုင်တယ်။ အချင်းချင်းဆက်သွယ်လို့ရသွားမယ်။ လောလောဆယ် ချက်ချင်းလှူဖြစ်သွားတာက လဟယ်နားက ဝက်သက်ရောဂါဖြစ်တဲ့ အခါမှာ ဒါကိုအချိန်နဲ့ တစ်ပြေးညီသိဖို့အတွက် ဒီစက်က အမြန်လိုအပ်လာပြီဆိုတော့ ဝန်ကြီးချုပ်ကို ဆက်သွယ်ပြီးတော့ လှူဖြစ်သွားတာပါ"ဟု မကြည်ဖြူသျှင်က လှူဒါန်းရခြင်းအကြောင်းရင်းကို ပြောကြားသည်။

နာဂဒေသအတွက် အလှူပေးရန်ဆန္ဒရှိသူများနှင့်ဆက်သွယ်ပြီး လေရှီးနှင့် နန်းယွန်းမြို့နယ်များတွင် ၎င်းစက်များ ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်း ခက်ခဲသော အင်တာနက်လိုင်းမရရှိသည့် နေရာများအတွက် အဓိကရည်ရွယ်ပြီး (communication development service center)များ ပြုလုပ်ရန် အစီအစဉ်ရှိကြောင်း၊ ၎င်းစင်တာများမှ ဘဏ်ကိုငွေလွှဲခြင်း၊ ဘဏ်အကောင့်ဖွင့်ခြင်းစသည့် လုပ်ငန်းများပါ လုပ်ဆောင်၍ရကြောင်း၊ ထို့ပြင် ကားလက်မှတ်၊ လေယာဉ်လက်မှတ်များလည်း အင်တာနက်ဖြင့် ချိတ်ဆက်ဝယ်ယူနိုင်ကြောင်း၊ ဌာနဆိုင်ရာနှင့် ပတ်သက်သည့်လုပ်ငန်းများ၊ ပင်စင်လစာထုတ်ပေးခြင်းစသည်တို့ကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

**(ယုဇန)**

■



ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၁၂
မန်နေဂျာ ၀၁-၈၆၁၀၈၆၅ စီပ်/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းရေးရာ

## ■ နိုင်ငံတော်အစိုးရမှ



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဒါးကမြို့ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဧရာဝတီဖောင်ဒေးရှင်းတို့မှ ဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ဒေသခံပြည်သူလူထု၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က တင်ပြကြရာ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမသို့ ရောက်ရှိကြပြီး နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြား၍ ဆန်အိတ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေးတို့က ဆေးပစ္စည်းများနှင့် အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ကြသည်။

ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထိုမှတစ်ဆင့် ကျုံပျော်မြို့နယ် အင်းရဲကျွန်းကျေးရွာအုပ်စုရှိ အင်းရဲကျွန်းပိုးကရင် နှစ်ခြင်းအသင်းတော်ခန်းမဆောင်သို့ ရောက်ရှိပြီး နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာမြင့်ထွေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း၊ ဧရာဝတီဖောင်ဒေးရှင်းနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းတို့က ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများကိုပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီက ကျေးဇူးတင်စကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက် မဟာဗောဓိမွှာရုံ ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးများက ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ဒါးကမြို့အနီး ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ် (၂၀/၁) မှ (၃၂/၄) အကြား ရေကျော်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဒေသလိုအပ်ချက်များကို ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကျုံပျော်မြို့နယ် အင်းရဲကျွန်းကျေးရွာ ရေကြီးနစ်မြုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတသည် လမ်းပြင်ဆင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးထံပေးအပ်သည်။

ထိုမှတစ်ဆင့် ကန်ကြီးထောင့်မြို့ မြို့နယ်အားကစားခန်းမ၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးများက ထောက်ပံ့ရေးပစ္စည်းများပေးအပ်ကြသည်။

၂၀၁၆ ခုနှစ် ဇူလိုင်လလယ်ခန့်က စတင်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၉ မြို့နယ်ရှိ အိမ်ထောင်စု ၁၂၃၆၄၃ စုမှ လူဦးရေ ၅၀၄၄၇၁ ဦး ရေဘေးသင့်ခဲ့ကြသည်။ အဆိုပါရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်း ၃၆၂ ခုဖွင့်လှစ်၍ နေရာချထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန်အိတ် ၄၆၃၀ နှင့် ငွေကျပ်သိန်းပေါင်း ၁၄၀၅ သိန်း၊ တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဩဂုတ် ၁၈ ရက်အထိ ငွေကျပ်သိန်းပေါင်း ၁၄၅၉ သိန်းကျော်တန်ဖိုးရှိ အရေးပေါ်စားနပ်ရိက္ခာများနှင့် အိမ်ဆောက်ပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ ငွေကျပ်သိန်း ၂၀၀၀ တို့ကို လှူဒါန်းထောက်ပံ့ပေးထားကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ ဧရာဝတီတိုင်းဒေသကြီးခရီးစဉ်အတွင်း ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့တို့အတွက် ဆန်၊ ဆီ၊ ငါးသေတ္တာနှင့် ရေသန့်ဆေးပြားများကို လှူဒါန်းထောက်ပံ့ပေးခဲ့သည်။

**(သတင်းစဉ်)**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)



ရန်ကုန်-ပုသိမ် ကားလမ်းရေကျော်ပျက်စီးမှုအား တပ်မတော်သားများ ပြန်လည်ပြုပြင်နေစဉ်။(သတင်းစဉ်)

# ဆီးရီးယားပြည်တွင်းစစ်ပွဲများကြောင့် ကလေးငယ်များ အသက်ဘေးနှင့်ရင်ဆိုင်နေရ



**ဒမတ်စကတ် ဩဂုတ် ၁၉**
ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ အလက်ပိုမြို့တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ပြိုကျပျက်စီးခဲ့သော အဆောက်အအုံတစ်ခုအတွင်းမှ လွတ်မြောက်လာသည့် ကလေးငယ်တစ်ဦး ကြောက်ရွံ့ထိတ်လန့်နေပြီး ထိခိုက်ဒဏ်ရာများကြောင့် သွေးလူးနေသည့်ဓာတ်ပုံသည် အွန်လိုင်းစာမျက်နှာများမှတစ်ဆင့် ကမ္ဘာတစ်ဝန်း ပျံ့နှံ့သွားရာ ကမ္ဘာအရပ်ရပ်ရှိပြည်သူများက ဆီးရီးယားနိုင်ငံရှိ ကလေးငယ်များအတွက် စိုးရိမ်သောက ရောက်ခဲ့ကြရကြောင်းနှင့် ပြည်တွင်းစစ်ပွဲများကြောင့် ကလေးငယ်များ ဘေးဒုက္ခရောက်နေကြသည့်အတွက် နိုင်ငံ့ခေါင်းဆောင်ကြီးများ လိုအပ်သော အရေးယူမှုများဆောင်ရွက်ပေးရန် လူမှုကွန်ရက်များမှတစ်ဆင့် တောင်းဆိုခဲ့ကြကြောင်း အင်န် အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါပုံထဲတွင် အိုရန်ဒါက်နီးရှ်အမည်ရှိ ငါးနှစ်အရွယ်ကလေးငယ်ကို ဩဂုတ် ၁၉ ရက်က လေကြောင်းတိုက်ခိုက်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံအပျက်အစီးများကြားမှ ကယ်ဆယ်နိုင်ခဲ့ပြီး အရေးပေါ်လူနာတင်ယာဉ်ထဲတွင် ထိုင်နေသည့်ပုံကို ပြသထားသည်။ ပုံထဲတွင် ကလေးငယ်သည် အရေးပေါ်လူနာတင်ယာဉ်ထဲတွင် ငြိမ်သက်စွာထိုင်နေပြီး မျက်နှာပေါ် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သွေးများပေကျံနေသည်ကို တွေ့ရသည်။

အဆိုပါဓာတ်ပုံသည် အွန်လိုင်းမှတစ်ဆင့် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သွားသည်။

ဆူဒန်လူမျိုးကာတွန်းဆရာတစ်ဦးက ဆီးရီးယားကလေးငယ်များ အသက်ဘေးနှင့် ရင်ဆိုင်နေရခြင်းကို ထင်သာမြင်သာရှိစေရန် 'ဆီးရီးယားကလေးငယ်များ၏ ရွေးချယ်မှု'ခေါင်းစဉ်ဖြင့် ကာတွန်းပုံတစ်ပုံကို အွန်လိုင်းစာမျက်နှာတစ်ခုတွင် ပို့စ်တင်ထားသည်။

အဆိုပါကာတွန်းပုံတွင် တစ်ဖက်တွင် ငါးနှစ်အရွယ်ကလေး အိုရန်ဒါက်နီးရှ်၏ ဒဏ်ရာရရှိခဲ့သည့်ပုံကို ရေးဆွဲထားပြီး သူ့ဘေးတွင် 'ဒီနိုင်ငံမှာနေမယ်ဆိုရင်' ဆိုသည့်စာသားကို ရေးသားထားသည်။ အဆိုပါပုံ၏ဘေးတွင် ပြီးခဲ့သည့်စက်တင်ဘာလက ဂရိနိုင်ငံသို့ မော်တော်ဘုတ်ဖြင့် ထွက်ခွာသွားစဉ် တူရကီကမ်းလွန်ပြင်တွင် လှေမှောက်ကာ ရေနစ်သေဆုံးသွားသည့် သုံးနှစ်အရွယ် ကလေးငယ်တစ်ဦး၏ရုပ်ပုံကိုရေးဆွဲထားကာ 'ဒီနိုင်ငံက ထွက်ခွာမယ်ဆိုရင်'ဆိုသည့်စာသားကို အဆိုပါရုပ်ပုံ၏ဘေးတွင် ရေးသားထားသည်။

ဆီးရီးယားနိုင်ငံတွင် ပြည်တွင်းစစ်ပွဲများကြောင့် ၂၀၁၁ ခုနှစ်ကစပြီး ယခုအချိန်ထိ သေဆုံးသွားသော ကလေးငယ်အရေအတွက် ၁၄၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ဆီးရီးယားနိုင်ငံရှိ လူသားချင်းစာနာထောက်ထားသည့် အဖွဲ့တစ်ဖွဲ့က ဆိုသည်။

နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့တစ်ခုဖြစ်သည့် Save the Children က ဆီးရီးယားနိုင်ငံတွင်း ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းစစ်များအဆုံးသတ်ပြီး အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကာ တောင်းဆိုထားသည်။ အဆိုပါထုတ်ပြန်ကြေညာချက်တွင် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ကလေးငယ်များ ဗုံးဒဏ်ထိမှန်ကာ သေဆုံးသူအရေအတွက် များပြားလျက်ရှိကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသည့် ကလေးငယ်အများစုမှာ ဆေးကုသမှုခံယူရန် အခက်အခဲများစွာရင်ဆိုင်နေရကြောင်း ရေးသားထားသည်။ **အင်န်အိတ်ချ်ကေ။**

# တရုတ်စစ်သင်္ဘောများ ဂျပန်ပင်လယ်တွင် စစ်ရေးလေ့ကျင့်

**ပေကျင်း ဩဂုတ် ၁၉**
တရုတ်ရေတပ်မှ စစ်သင်္ဘောများသည် ဂျပန်ပင်လယ်ပြင်အတွင်း စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း တရုတ်စစ်ဘက်မှ တရားဝင်ထုတ်ဝေသောသတင်းစာ၌ ဩဂုတ် ၁၉ ရက်တွင် ဖော်ပြသည်။ ယင်းစစ်ရေးလေ့ကျင့်မှုများမှာ လုပ်ရိုးလုပ်စဉ်ဖြစ်ပြီး လေ့ကျင့်မှုများကို အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ ပြုလုပ်ခြင်းဖြစ်သည်ဟု ရေးသားဖော်ပြသည်။

တရုတ်ရေတပ်သည် ၎င်း၏စစ်ရေးစွမ်းဆောင်ရည် ထက်မြက်ရေးအတွက် ကြိုးပမ်းသည့်အနေဖြင့် မိခင်နိုင်ငံရင်းနှင့် ဝေးကွာသော ပင်လယ်ရေပြင်များ၌ လေ့ကျင့်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ လွန်ခဲ့သည့် ငါးနှစ်ကလည်း တရုတ်ရေတပ်မှ စစ်ရေယာဉ်ငါးစင်းသည် အလာစကာကျွန်းကမ်းလွန်ရှိ ဘာရင်းပင်လယ်ရေပြင်၌ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ဖူးသည်။

တရုတ်စစ်ရေယာဉ်များ ဂျပန်ပင်လယ်အတွင်း နောက်ဆုံးပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုတည်နေရာကိုမူ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ သတင်းစာ၌ တိကျစွာ ဖော်ပြခြင်းမရှိဘဲ ဂျပန်ပင်လယ်အတွင်းတစ်နေရာဟုသာ ဖော်ပြခဲ့သည်။




တရုတ်စစ်ရေယာဉ်များ၏ စစ်ရေးလေ့ကျင့်မှုမှာ နှစ်စဉ်ပြုလုပ်မြဲဖြစ်သည်။ နှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှု၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ယင်းစစ်ရေးလေ့ကျင့်မှုသည် စစ်ရေယာဉ်စု၏ ပင်လယ်ပြင်တိုက်ပွဲဝင်စွမ်းရည်တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေကြောင်း စစ်ရေးလေ့ကျင့်မှု၏ ကွပ်ကဲရေးမှူး ကူပိုင်းစွက ပြောကြားသည်။

အမေရိကန်နိုင်ငံက လက်ခံကျင်းပသော ပစိဖိတ်နှုတ်ခမ်းသားနိုင်ငံများမှ ရေတပ်ဖွဲ့များ၏ နိုင်ငံစုံရေတပ်စစ်ရေးလေ့ကျင့်ပွဲမှ ပြန်လာကြသည့် တရုတ်စစ်ရေယာဉ်များလည်း ဂျပန်ပင်လယ်တွင် ပြုလုပ်သည့်စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ကြောင်း၊ ပစိဖိတ်နှုတ်ခမ်းသားနိုင်ငံများမှ နိုင်ငံစုံစစ်ရေးလေ့ကျင့်မှုကို ဟာဝိုင်ယီတွင် ပြုလုပ်ခဲ့ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သတင်းစာ၌ ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်အတွင်းရှိ ဝေးကွာသော ပင်လယ်ရေပြင်တွင်း၌ ကမ္ဘာပေါ်ရှိ ရေတပ်များက စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ကြမြဲဖြစ်ပြီး တရုတ်ရေတပ်သည်လည်း ယခုနှစ်အတွင်း စစ်ရေယာဉ်များစုစည်း၍ ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းဒေသတွင် စစ်ရေးလေ့ကျင့်မှုအကြိမ်များစွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းစာ၌ ရေးသားဖော်ပြသည်။

**ရိုက်တာ။**



# ထိုင်း၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့မှု မလေးရှားနှင့်အတူ စုံစမ်းစစ်ဆေးနေ

**ဗန်ကောက် ဩဂုတ် ၁၉**
ထိုင်းနိုင်ငံတောင်ပိုင်း၌ လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်က ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် မလေးရှားနိုင်ငံနှင့်ပူးပေါင်းကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနှင့်မလေးရှား ရဲတပ်ဖွဲ့များ၏ ပူးတွဲစုံစမ်းဖော်ထုတ်ချက်အရ ဗုံးပေါက်ကွဲမှုများနှင့်ပတ်သက်၍ မသင်္ကာသူ ထိုင်းလူမျိုး အမျိုးသားတစ်ဦး မည်သူမည်ဝါဖြစ်သည်ကို တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အကြမ်းဖက်သမားအဖြစ် မသင်္ကာရသူတစ်ဦးမှာ မလေးရှားနိုင်ငံနှင့် ထိစပ်နေသော ထိုင်းနယ်စပ်အနီး နာရာသီဝပ်ပြည်နယ်မှ အာဟာမာလန်ဂါဆိုသူဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ ကစ္စနား ဖာတန်ချာရိုယန်က ပြောကြားသည်။

ထိုင်းနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေရာ ဖူးခက်ကျွန်း၌ ပင်လယ်ကမ်းခြေတစ်နေရာတွင် ဗုံးခွဲတိုက်ခိုက်ရန် ကြိုးပမ်းသူအဖြစ် မသင်္ကာရသူတစ်ဦးကို ဖမ်းဆီးရန် စစ်ဘက်ဆိုင်ရာ တရားရုံးတစ်ရုံးက ဩဂုတ် ၁၈ ရက်တွင် ဖမ်းဝရမ်းထုတ်ပေးခဲ့သည်။ အာဟာမာကို ယခုအချိန်အထိ ထိန်းသိမ်းနိုင်ခြင်းမရှိသေးကြောင်း၊ ၎င်းသည် ထိုင်းနိုင်ငံအတွင်းရှိနေဆဲ ဟုတ်၊ မဟုတ် အတိအကျမသိရကြောင်း ဖာတန်ချာရိုယန်က ပြောကြားသည်။

**ရိုက်တာ။**

# ခရိုင်းမီးယားဒေသ၌ ရုရှား စစ်ရေးလေ့ကျင့်

**မော်စကို ဩဂုတ် ၁၉**
ပြည်မကြီးမှ ခရိုင်းမီးယားကျွန်းဆွယ်သို့ တပ်ဖွဲ့ဝင်များနှင့်ပစ္စည်းကိရိယာများ ရွှေ့ပြောင်းကာ ရုရှားလက်နက်ကိုင်တပ်ဖွဲ့က စစ်ရေးလေ့ကျင့်မှုတစ်ရပ်လုပ်ဆောင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ကြီးမားသောကမ်းတက်သင်္ဘော ဆီဇာကူနီကော့ဗ်၊ ဒီဇယ်သုံးရေငုပ်သင်္ဘော စထရီအော့စ်ကော်လ်၊ မိုင်းရှင်းသင်္ဘောအများအပြားနှင့် ဒုံးကျည်တပ် ခရုဆာသင်္ဘောများအပြင် မီးရထားများနှင့် မြစ်ကူးရေယာဉ်များပါဝင်သော ပင်လယ်နက်ရေယာဉ်အုပ်စုမှ သင်္ဘောများပါဝင်ခဲ့ကြောင်း၊ အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုတွင် ထည့်သွင်းပြောကြားသည်။ စစ်ရေးလေ့ကျင့်မှုပါတပ်ဖွဲ့များက အဖျက်သမားအုပ်စုများကို ဖျက်ဆီးခြင်းနှင့် ရေငုပ်သင်္ဘောတိုက်ခိုက်မှုတစ်ရပ်ကို တွန်းလှန်ခြင်းတို့ကိုလည်း ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

နိုဗိုရော့စစ်ခ်ဆိပ်ကမ်းမြို့၌ပြုလုပ်သည့် ယင်းစစ်ရေးလေ့ကျင့်မှုများပါ တပ်ဖွဲ့များအား ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုအီဂူက ကြည့်ရှုစစ်ဆေးခဲ့သည်။ ယခုစစ်ရေးလေ့ကျင့်မှုမှာ တပ်ဖွဲ့ဝင် ၂၅၀၀နှင့် မော်တော်ယာဉ် ၃၅၀ ပါဝင်သော ဩဂုတ် ၁၇ ရက်က ရုရှားနိုင်ငံတောင်ပိုင်းတွင် စတင်ပြုလုပ်ခဲ့သည့် ပိုမိုကြီးမားသော ထောက်ပံ့ပို့ဆောင်ရေးစစ်ရေးလေ့ကျင့်မှု၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ လူထုဆန္ဒခံယူပွဲတစ်ရပ် ကျင်းပပြီးနောက် ၂၀၁၄ ခုနှစ်တွင် ရုရှားနိုင်ငံအတွင်းသို့ထည့်သွင်းခဲ့သည့် ခရိုင်းမီးယားဒေသကို မော်စကိုကအသိအမှတ်ပြုခဲ့သော်လည်း ယူကရိန်းနိုင်ငံက ပယ်ချခဲ့သည်။ ခရိုင်းမီးယားဒေသ၌ပြုလုပ်မည့် အကြမ်းဖက်တိုက်ခိုက်မှုများစွာကို ကြိုတင်ကာကွယ်နိုင်ခဲ့ကြောင်း ရုရှားဖက်ဒရယ်လုံခြုံရေးဌာနက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ပြောကြားခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုများကို ယူကရိန်းက ကြိုးကိုင်ကာ စီစဉ်ညွှန်ကြားနေကြောင်း ယူကရိန်းနိုင်ငံအား စွပ်စွဲလိုက်သည်။ ယူကရိန်းက အဆိုပါစွပ်စွဲချက်ကို ငြင်းဆန်ခဲ့ပြီး နှစ်နိုင်ငံစလုံးက နယ်စပ်ဒေသ၌ တင်းမာမှုများရှိကာ စစ်ရေးအတွက် အသင့်အနေအထားတွင်ရှိနေသည်။ **ဆင်ဟွာ။**

# နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှုပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ


ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ၁၉၅၇ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး နည်းပညာများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ပြောကြားသည်။

နိုင်ငံတော်သမ္မတထံမှပေးပို့ထားသည့် နျူကလီးယား ဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှု ပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှ အတည်ပြု ပါဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒေါက်တာမျိုးသိမ်းကြီးက ၂၀၀၅ ခုနှစ်တွင် ကျင်းပသည့် သံတမန်များညီလာခံ၌ နျူကလီးယားဒြပ်ပစ္စည်းသာမက နျူကလီးယား အဆောက်အအုံများကိုပါ ရုပ်ပိုင်းဆိုင်ရာအကာအကွယ်ပြုရန် နျူကလီးယားဒြပ်ပစ္စည်းများအား ရုပ်ပိုင်းဆိုင်ရာအကာအကွယ်ပြုမှုပဋိညာဉ်ကို ပြင်ဆင်ဖြည့်စွက်သည့် ပဋိညာဉ်အား အတည်ပြုချမှတ်ခဲ့ပါကြောင်း၊ ပဋိညာဉ်၏အမည်ကိုလည်း နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှုပဋိညာဉ်အဖြစ် ပြောင်းလဲခဲ့ပါကြောင်း။

နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှုပဋိညာဉ်တွင် မြန်မာနိုင်ငံအနေဖြင့် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် နောက်မှအတည်ပြုပါဝင်ခြင်း နည်းလမ်းဖြင့် ပါဝင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှုပဋိညာဉ်တွင် အတည်ပြုပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးပြုမည့် နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ ကာကွယ်ရေးကို ပိုမိုစနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ နျူကလီးယားဒြပ်ပစ္စည်းအား တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းကို ထိန်းချုပ်နိုင်ခြင်း၊ နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအပေါ် အကြမ်းဖက်မှုများနှင့် ဆက်နွယ်နေသည့် ပြစ်မှုများကို ကာကွယ်နိုင်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အပြစ်ပေးခြင်းတို့အတွက် ထိရောက်မှုရှိသော အစီအမံများကို ချမှတ်လိုက်နာဆောင်ရွက်သွားနိုင်မည်ဖြစ်ခြင်း၊ နျူကလီးယားလက်နက်မပြန့်ပွားရေးကို ပံ့ပိုးရာတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးချရေး၌သာ စိတ်ဆန္ဒရှိကြောင်း ပြသနိုင်ခြင်း၊ နျူကလီးယားလုံခြုံရေးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုရရှိလာနိုင်မည်ဖြစ်ခြင်း၊ နျူကလီးယားဒြပ်ပစ္စည်းသို့မဟုတ် နျူကလီးယား အဆောက်အအုံတစ်ခုခုကို အဖျက်အမှောင့်သဘောဖြင့် ခြိမ်းခြောက်သည့်ကိစ္စရပ်၊ ထိုအဖျက်အမှောင့်လုပ်ရပ်ကြောင့် ဓာတ်ရောင်ခြည် သက်ရောက်ခံရသည့် အခြေအနေဖြစ်ပွားခဲ့လျှင် IAEA (သို့မဟုတ်) သက်ဆိုင်ရာ နိုင်ငံ၏သံတမန်လမ်းကြောင်းမှတစ်ဆင့် သို့မဟုတ် အခြားသောနည်းလမ်း တစ်ရပ်ရပ်ဖြင့် သတင်းပေးပို့မှုကို ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှုပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုပါဝင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှုပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နျူကလီးယားဘေးအန္တရာယ် ကင်းရှင်းရေးပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက အတည်ပြုပါဝင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ IAEA မှ ကျင်းပသည့် ညီလာခံတွင် မြေပြင်အခြေစိုက် နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ထားသည့် နိုင်ငံများအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ နျူကလီးယားစက်ရုံများ၏ အမြင့်ဆုံးအဆင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အစီအမံများထားရှိရန် ရည်ရွယ်၍ နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးပဋိညာဉ်ကို အတည်ပြုချမှတ်ခဲ့ရာ ၁၉၉၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအနေဖြင့် ယင်းပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် နောက်မှ အတည်ပြုပါဝင်ခြင်း နည်းလမ်းဖြင့် ပါဝင်မည်ဖြစ်ကြောင်း။

နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးပဋိညာဉ်တွင် အတည်ပြုပါဝင်ပါက နျူကလီးယားစက်ရုံများ တည်ဆောက်လည်ပတ်မှုမှထွက်ရှိလာသည့် ဓာတ်ရောင်ခြည်ဆိုင်ရာဘေးအန္တရာယ်ကို စောင့်ကြည့်ထိန်းချုပ်နိုင်မည်ဖြစ်ပြီး ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ခြင်း၊ နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာ အသုံးချနေသော ဆေးကုသရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်မှုကြောင့် ရေဒီယိုသတ္တိကြွပစ္စည်းများ သဘာဝပတ်ဝန်းကျင်သို့ ထုတ်လွှတ်မှုကို ဟန့်တားကာကွယ်နိုင်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုကို အစဉ်အမြဲထိန်းသိမ်းထားခြင်းဖြင့် အချိန်နှင့် ဘဏ္ဍာငွေသက်သာခြင်း၊ ယုံကြည်စိတ်ချမှုကိုလည်း ထိန်းသိမ်းနိုင်ခြင်းနှင့် မြန်မာနိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးချရေးတွင်သာ စိတ်ဆန္ဒရှိကြောင်း ပြသနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ပဋိညာဉ် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုပါဝင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်သွင်းကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာအတည်ပြုထုတ်ပြန်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ရန် ရှင်းလင်းတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ အတည်ပြုထုတ်ပြန်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းပြင်ဆင်ခြင်းနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

■

## (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ကျင်းပစဉ် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး အသိပေး

**နေပြည်တော် ဩဂုတ် ၁၉**

(၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ နှင့် Horizon Lake View Hotel တို့၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ အစည်းအဝေးဖွင့်ပွဲအခမ်းအနား အစည်းအဝေးကျင်းပပုံနှင့် သတင်းထုတ်ပြန်ခြင်း အခမ်းအနားတို့သို့ ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာသမားများအား သတင်းရယူခွင့်ပြုသွားမည်ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားတို့သို့ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်းသတင်းမီဒီယာသမားများအနေဖြင့် www.aebf2016.com သို့ဝင်ရောက်၍ Media Registration Form ရယူဖြည့်သွင်းကာ moe.irinfo@ gmail.com (သို့) ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇)သို့ စက်တင်ဘာ ၁၀ ရက် နောက်ဆုံးထားပေးပို့ မှတ်ပုံတင်သွားရန် လိုအပ်ပါသည်။ မှတ်ပုံတင်ထားသည့် သတင်းမီဒီယာသမားများအတွက် ဝင်၊ ထွက်ခွင့်ကတ်များကို အစည်းအဝေးကျင်းပမည့် Horizon Lake View Hotel ရှိ Media Center တွင် စက်တင်ဘာ ၁၉ ရက်မှ စတင်ထုတ်ပေးမည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဖုန်း ၀၆၇-၄၁၀၂၇၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ ဗိုလ်လုပွဲသို့တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဘောလုံးကွင်းများ၌ ယနေ့ညနေပိုင်းတွင် ကျင်းပရာ ကရင်ပြည်နယ် ဘောလုံးအသင်းနှင့် ရှမ်းပြည်နယ် ဘောလုံးအသင်းတို့သည် ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကချင်ပြည်နယ်ဘောလုံး အသင်းနှင့် ရှမ်းပြည်နယ်ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ် ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကရင်ပြည်နယ် ဘောလုံးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ် ဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

ဩဂုတ် ၂၁ ရက်တွင် တတိယနေရာလုပွဲအဖြစ် နံနက် ၇နာရီခွဲတွင် ကချင်ပြည်နယ် ဘောလုံးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို ညနေ ၃ နာရီတွင် ကရင်ပြည်နယ်ဘောလုံးအသင်းနှင့် ရှမ်းပြည်နယ် ဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌လည်းကောင်းအသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်ဇော်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဘက်စုံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အားဖြည့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဝက်သက်ရောဂါကပ်အသွင်ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ဘက်စုံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေ)၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အာဟာရဌာနခွဲမှ ပြည်သူ့ကျန်းမာရေးအထူးကုဆရာဝန်ကြီးတို့ ပါဝင်သောအဖွဲ့သည် ဒေသဆိုင်ရာအာဏာပိုင်များ၊ နိုးနွယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း၍ လိုအပ်သောထောက်ပံ့ကူညီမှုများ ပေးခြင်း၊ ဝက်သက်ရောဂါ ကပ်အသွင်ဖြစ်ပွားခဲ့သည့် လဟယ်မြို့နယ် ထန်ခေါ်လာမား ကျေးရွာသို့ ဩဂုတ် ၁၉ ရက်တွင် ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း စသည့် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနခွဲမှ တီဘီရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီး နှစ်ဦးသည် လဟယ်မြို့နယ်သို့သွားရောက်၍ တီဘီရောဂါရှာဖွေကုသရေး လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်တွင် မကျန်ကျေးရွာနှင့် စန်တုံကျေးရွာတွင် လူနာများကို ဆေးကုသပေးခဲ့ပြီး တီဘီသံသယလူနာကိုးဦး ဖော်ထုတ်ရှာဖွေ ကုသပေးနိုင်ခဲ့သည်။ အဆိုပါကျေးရွာများရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားပေါင်း ၉၇ ဦးအားလည်း တီဘီရောဂါ ရှိ/မရှိ စစ်ဆေးပေးခဲ့သည်။ ဩဂုတ် ၁၈ ရက်တွင် လဟယ်မြို့နယ် လုံခင်ကျေးရွာနှင့် ခါးလယ်ကျေးရွာများရှိ လူနာပေါင်း ၁၃၅ ဦးကို ဆေးကုသမှုပေးခဲ့ပြီး တီဘီသံသယလူနာ ငါးဦးအား ရှာဖွေဖော်ထုတ် ကုသမှုပေးနိုင်ခဲ့သည်။

ပြည်သူ့ကျန်းမာရေးအထူးကုဆရာဝန်ကြီးများပါဝင်သော ကွင်းဆင်းအဖွဲ့များသည် ဗီတာမင်နှင့် အာဟာရမှုန့်တိုက်ကျွေးခြင်း၊ အသက်(၂)နှစ်မှ (၉)နှစ်အတွင်း ကလေးများအားသံချဆေးတိုက်ကျွေးခြင်း စသည့် အာဟာရကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါအပါအဝင် ကူးစက်ရောဂါများနှင့်ပတ်သက်၍ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၆ ရက်မှစတင်၍ လဟယ်မြို့နယ်အတွင်းရှိ အသက်(၉)လမှ (၁၅)နှစ်အတွင်းရှိ ကလေးငယ်များအားလုံးအား ဝက်သက်ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်တွင် ရွှေလောကျေးရွာ၊ လောင်ငေါက်ကျေးရွာ၊ မကျန်ကျေးရွာနှင့် နောက်လော်ကျေးရွာများမှ ကလေး ၆၁၇ ဦး၊ ဩဂုတ် ၁၈ ရက်တွင် ကာမွေလောရီကျေးရွာမှ ကလေး ၅၀၀ တို့ကို ဝက်သက်ကာကွယ်ဆေး ဆက်လက် ထိုးနှံပေးနိုင်ခဲ့သဖြင့် ဩဂုတ် ၁၈ ရက်အထိ ကလေးစုစုပေါင်း ၂၇၃၁ ဦးကို ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**





# ဒါးက-အိမ်မဲရထားလမ်းကူး ကြိမ်ချောင်းတံတား ချဉ်းကပ်မြေထိန်းနံရံ ပြိုကျပျက်စီးမှုဖြစ်ပွား

**ပုသိမ် ဩဂုတ် ၁၉**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကတိုက်နယ်အတွင်းရှိ ပုသိမ်-ရန်ကုန်ရထားလမ်းသစ်-ဒါးက-အိမ်မဲ-လမ်းပိုင်း၌ရှိသော ကြိမ်ချောင်းတံတားချဉ်းကပ်မြေသားထိန်းနံရံများ ဩဂုတ် ၁၂ ရက်ညက ဒါးက မြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါတံတားသည် ယခင်အစိုးရလက်ထက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသ မြို့ရွာအနှံ့ပင်လယ်ကမ်းခြေအဆုံး ရန်ကုန်မြို့ကိုဗဟိုပြု၍ နေ့ချင်းပေါက်ကုန်စည်ကူးသန်းရောင်းဝယ်နိုင်ရေးနှင့် ဒေသတစ်ခွင်ဖွံ့ဖြိုးစည်ပင်ရေးအတွက် ကားလမ်း၊ ရထားလမ်း၊ တံတားသစ်များတည်ဆောက်ပေးခဲ့ရာမှ ရန်ကုန်-ပုသိမ်ရထားလမ်းမကြီး၏ အဓိကကျသောတံတားမှာ ဒါးက-အိမ်မဲရထားလမ်းကူးကြိမ်ချောင်းတံတားဖြစ်သည်။ သို့သော်မကြာမီက ဒါးကမြစ်ရေသည် စိုးရိမ်အမှတ်ထက် သုံးပေကျော်မြင့်တက်ခဲ့ပြီး ပုသိမ်-ရန်ကုန်ကားလမ်းမကြီး၏ ဒါးက-ကြိမ်ချောင်းလမ်းပိုင်းမှ မြစ်ရေများဖြတ်ကျော် တိုက်စားမှုကြောင့် ရန်ကုန်-ပုသိမ် ရထားလမ်း ဒါးက-အိမ်မဲလမ်းပိုင်း ကြိမ်ချောင်းရထားလမ်းကူးတံတား အိမ်မဲဘက်အခြမ်း ကျောင်းစုရွာအနီးရှိ ချဉ်းကပ်မြေသားထိန်းနံရံများ ပြိုကျပျက်စီးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူတို့က အဆိုပါ ရထားလမ်းကူးကြိမ်ချောင်းတံတားကြံ့ခိုင်မှုအတွက် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**

**✱ ကျောဖုံးမှ**

စစ်တွေမြို့မှ ခိုင်သန္တာလင်း၊ တောင်ကြီးမြို့မှ နန်းသီရိဟန်၊ တောင်ငူမြို့မှ အိစက်မွန်၊ တာချီလိတ်မြို့မှ နန်းဖောင်းတစ်နှင့် ရန်ကုန်မြို့မှ ရွှေအိမ်စည်၊ ခင်လပြည့်ဇော်၊ စိုးရတနာထွန်း၊ ရွှန်းယမုံ၊ ဇွန်သံစဉ်၊ ရှင်မင်းဆက်၊ နန်းအိန္ဒြေရှင်တို့ ဖြစ်သည်။

၎င်းအလှမယ်များထဲမှ နောက်ဆုံးဆန်ခါတင်အလှမယ် သုံးဦးရွေးချယ်ပွဲကို လာမည့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၆ ရက် ညနေ ၆ နာရီမှ စတင်ကာ ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ် Ballroom ၌ ကျင်းပသွားမည်ဖြစ်သည်။ ယင်းနေ့တွင် အလှမယ်များထဲမှ Miss Universe Myanmar သရဖူရရှိသူသည် ၂၀၁၇ ခုနှစ်အတွက် (၆၆) ကြိမ်မြောက် Miss Universe ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ယင်းအပြင် 1st RunnerUp သရဖူရရှိသူသည် ၂၀၁၇ ခုနှစ်အတွက် Miss Grand International ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် အခွင့်အလမ်းရရှိမည်ဟု သိရသည်။

ယင်းအပြင် ပရိသတ်အများဆုံး ကြိုက်နှစ်သက်သည့် Miss popular ဆုအတွက်လည်း စက်တင်ဘာလမှ စတင်ကာ voting စနစ်ဖြင့် ရွေးချယ်သွားမည်ဟုသိရသည်။ voting ပေးပို့လိုသည့် ပရိသတ်များအနေဖြင့် MPT ဖုန်းများဖြင့် SMS voting ပေးပို့နိုင်သည့်အပြင် www.missuniversemyanmar.com တွင်လည်း voting ပြုလုပ်နိုင်သည်ဟု သိရသည်။ ယင်းအပြင် ပြိုင်ပွဲဝင်များ၏ အကြိုလှုပ်ရှားမှုများကို ကြည့်ရှုလိုသည့် ပရိသတ်များအနေဖြင့်လည်း Hello Miss Universe တီဗွီအစီအစဉ်အဖြစ် mntv တွင် အပတ်စဉ် ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့များတွင် ညနေ ၅ နာရီခွဲနှင့် Channel 9 တွင် အပတ်စဉ် ကြာသပတေး၊ သောကြာ၊ စနေနေ့နံနက် ၁၀ နာရီခွဲတွင် ထုတ်လွှင့်ပြသလျက်ရှိကြောင်း သိရသည်။

၁၉၅၂ ခုနှစ်မှ စတင်ကာကျင်းပခဲ့သည့် နိုင်ငံတကာမယ်စကြာဝဠာပြိုင်ပွဲသို့ မြန်မာနိုင်ငံ Miss Universe Myanmar အဖွဲ့အစည်းမှ ၂၀၁၃ ခုနှစ်မှ စတင်ကာ နှစ်စဉ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် အလှမယ် မိုးစက်ဝိုင်၊ ၂၀၁၄ ခုနှစ်တွင် အလှမယ် သျှားထွဋ်အိန္ဒြာ၊ ၂၀၁၅ ခုနှစ်တွင် အလှမယ် မေဘရဏီသော်တို့က အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဖြစ်သည်။ ၂၀၁၆ ခုနှစ်အတွက် အလှမယ်ထက်ထက်ထွန်းက သရဖူကို ရယူနိုင်ခဲ့ပြီး သူသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် (၆၅) ကြိမ်မြောက် ၂၀၁၆ ခုနှစ် နိုင်ငံတကာမယ်စကြာဝဠာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်တော့မည်ဖြစ်သည်။ **(သတင်း - ခင်ဇာလီ၊ ဓာတ်ပုံ-မီချိုကိုဟန်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁. ၃၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀. ၈၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂. ၆၀' |
| ၄။ | ပသိရေလှောင်တမံ | ပဲခူး- တောင်ငူ | ၃၀၅၀၀ | ၀. ၃၀' |
| ၅။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၄၀' |
| ၆။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၄၀' |
| ၇။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၆၀' |
| ၈။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁. ၀၀' |
| ၉။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁. ၂၀' |
| ၁၀။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀. ၂၀' |
| ၁၁။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၁. ၁၅' |
| ၁၂။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၄၀' |
| ၁၃။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀. ၅၀' |
| ၁၄။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၀. ၁၀' |
| ၁၅။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၆. ၃၀' |
| ၁၆။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၁၇။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၇. ၄၀' |
| ၁၈။ | မဒေးရေလှောင်တမံ | မကွေး- ကံမမြို့ | ၅၃၉၀၈ | ၀. ၂၀' |
| ၁၉။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၅၀' |
| ၂၀။ | ပြိုင်းချောင်းရေလှောင်တမံ | ရခိုင်-ကျောက်တော်မြို့ | ၂၅၂၀၅ | ၀. ၅၀' |
| ၂၁။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၇၀' |
| ၂၂။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၁၇၃၅ | ၀. ၆၀' |
| ၂၃။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀. ၅၀' |
| ၂၄။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀. ၆၅' |
| ၂၅။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ - အင်္ဂပူမြို့ | ၄၀၄၈၇ | ၀. ၂၀' |
| ၂၆။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၂၀' |

**(သတင်းစဉ်)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*


# အဖြူရောင်သဘောထား


## သန်းဝင်းမောင်(မင်္ဂလာဒုံ)


ပြည်သူ့သဘောထားစင်မြင့်ဆိုတဲ့ ကဏ္ဍလေးမှာ အကြံပြု ဖော်ပြတင်ဆက်ကြတဲ့ဆောင်းပါးလေးတွေကို ကျွန်တော် ကြိုဆိုပါတယ်။ ကြိုက်လည်းကြိုက်ပါတယ်။ ဆောင်းပါးပဲ ဆိုဆို၊ ပြည်သူ့ဆန္ဒပဲတွေးတွေး၊ ပြည်သူ့အာဘော်ပဲခေါ်ခေါ် အဓိကကတော့ ပြည်သူထဲကပြည်သူတစ်ဦးက သတင်း ဆောင်းပါးကဏ္ဍရဲ့ အများနဲ့ဆိုင်တဲ့ ကဏ္ဍတစ်ခုမှာ နိုင်ငံ အတွက် အကျိုးဖြစ်ထွန်းစေချင်တဲ့ message တစ်ခု ပေးလိုက်ခြင်းလို့ပဲ ခံယူနှစ်ခြိုက်မိပါတယ်။

ကျွန်တော်တို့နိုင်ငံက ရာစုနှစ်ဝက်တစ်ခုလောက်တိုင် အောင် ပြည်သူတွေရဲ့ကိုယ်စီဒုက္ခအကျပ်အတည်း အသီး သီးကို ရင်ဝယ်ပိုက်၍ ခါးစည်းခံခဲ့ကြရတယ်။ သူတို့ရဲ့ အမြင်၊ အတွေးအခေါ်၊ ဆန္ဒနဲ့ ခံစားမှုတွေကိုလည်း အောင့်အည်းမြိုသိပ်ခဲ့ကြရတယ်။ မမဲ့ရဲခဲ့ကြသလို မပြုံးနိုင်သူများအဖြစ်လည်း ရပ်တည်ခဲ့ကြရတယ်။

အဲဒီအချိန်က ပြည်သူ့ဆန္ဒ၊ ပြည်သူ့အာဘော်ဆိုတာ ရပ်ကွက်ထဲမှာ အမြင်မတော်တာကို အော်တဲ့အဆင့် လောက်ပဲ ပျားရည်နဲ့ဝမ်းချပြီး ပြည်သူ့အော်သံဆိုတဲ့ကဏ္ဍ နဲ့သာ ဖြေလျှော့မှုတစ်ခု ခပ်ပါးပါးလေးရှိခဲ့တယ်။ အများ ပြည်သူနဲ့ဆိုင်တဲ့ နိုင်ငံရေးရာ၊ အုပ်ချုပ်သူအစိုးရနဲ့ဆိုင်တဲ့ အရေးအရာတွေမှာ ပွင့်လင်းမြင်သာတဲ့ အပြုသဘောဝေဖန် တဲ့ အရေးအသား၊ အတွေးအခေါ် ဆန္ဒသဘောထားတွေဆို ခဲ့ရင် တည်းဖြတ်မှု၊ စိစစ်မှုအဆင့်ဆင့်ကို ကျော်လွှားဖို့ ခက်ခဲခဲ့ကြတယ်။ သို့အတွက် ရင်နဲ့အမျှ ပြည့်နေတဲ့ ပြည်သူအများစုတွေဟာ လမ်းမနံဘေး လက်ဖက်ရည်ဆိုင် များ၊ အခြားလွတ်ကင်းရာနေရာတွေ အသီးသီးမှာ တီးတိုး သဖန်းပိုးထိုးရင်း သူတို့ရဲ့ ရင်ထဲက အစိုင်အခဲတွေကို ဖြေလျှော့၍ ထွက်ပေါက်ရှာခဲ့ကြတယ်။ ယင်းကဲ့သို့ ထွက်ပေါက်ရှာ ဖြေလျှော့ခြင်းကိုပင်လျှင် ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်ကြည့်ရှုပြီးမှ မလုံ့တလုံ မရဲတရဲ တီးတိုး လေးမျှ သဖန်းပိုးထိုးနိုင်ခဲ့ကြတယ်။ တကယ်တော့လည်း ဒီအစဉ်အလာတွေ မကောင်းခဲ့လို့ ပြည်သူတွေရဲ့ ရင်ထဲမှာ အစဉ်မွန်းကျပ်ခံစားနေခဲ့ရလို့ ပြည်သူအများသည် "ပြောင်းလဲခြင်းကို" ဆာဟာရသဲကန္တာရ အလယ်ရဲ့ နွေခေါင်ခေါင်မှာ ရေငတ်သလိုမျိုး မွတ်သိပ်ပြင်းပြတောင့်တ ခဲ့ကြတာလည်းဖြစ်ပါတယ်။ ဒီအခြေခံ သဘောတရားတွေ ကို အရင်းပြုပြီး ဒီကနေ့ ကျွန်တော်တို့နိုင်ငံကြီး ပြောင်းလဲ လာခဲ့တာလည်း တွေ့မြင်နေရပါတယ်။ ကျွန်တော့်အနေနဲ့ တော့ ဒီဖြစ်ပျက်ပြုပြင်ပြောင်းလဲခြင်းအတွက် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို မှန်ကန်စွာ ဝေဖန်ပိုင်းခြားရှုမြင် သုံးသပ်၍ဆက်လက်ချီတက်နိုင်ဖို့ သင်ခန်းစာယူစေချင်မိ ပါတယ်။

ဒီနေရာမှာ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထား၊ ပြည်သူ့အာဘော် ကဏ္ဍအနေနဲ့ ဝေဖန်အကြံပေးခြင်း၊ message ပေးခြင်းအပိုင်းကိုလည်း ကျွန်တော်အနည်းငယ် ပြောချင်ပါသေးတယ်။ ဝေဖန်ခြင်း၊ အကြံပေးခြင်းတို့ကို ဆောင်းပါးအစရှိသဖြင့် တင်ဆက်ပုံအမျိုးမျိုးနဲ့တင်ဆက် ကြတဲ့အခါမှာ တင်ဆက်သူတွေမှာလည်း ရှိသင့်တဲ့အခြေခံ အချက်တွေ၊ ကျင့်ဝတ်တွေကို စောင့်ထိန်းလိုက်နာရပါမယ်။ ပုဂ္ဂိုလ်ရေးရာတိုက်ခိုက်မှုကို အခြေမခံသော၊ တိုင်းပြည်၊ နိုင်ငံနဲ့ လူမျိုးရဲ့ အကျိုးစီးပွားကိုရှေးရှု၍ တည်ဆဲအစိုးရ အပေါ်မှာ တော်တည့်မှန်ကန်စွာ သဘောထားသော အပြုသဘောဝေဖန်တဲ့ စေတနာ၊ ယဉ်ကျေးသိမ်မွေ့ ညင်သာပျော့ပျောင်းတဲ့ တင်ဆက်မှု စတဲ့ အဖြူရောင် သဘောထားတွေကို အခြေခံရေးသားတင်ဆက်ဖို့လည်း လိုအပ်ပါတယ်။

လူတစ်စု၊ အဖွဲ့အစည်းတစ်ရပ်၊ အုပ်ချုပ်သူ အဖွဲ့ အစည်းတို့ရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နဲ့ ဖြစ်စဉ်ဖြစ်ရပ် များ၊ ယင်းဖြစ်စဉ်ဖြစ်ရပ်အပေါ်မှာ ကိုင်တွယ်ဆောင်ရွက် ခဲ့တဲ့ လုပ်ငန်းစဉ်အဆင့်ဆင့် အဲဒီအချက်အလက်တွေရဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေ အဲဒီအကျိုးရလဒ်တွေက စေတနာနဲ့အမှား သို့တည်းမဟုတ် အတ္တအကျိုး စီးပွားနဲ့ယှဉ်ပြီးလုပ်တဲ့ ငါစွဲအတ္တနဲ့အမှားမျိုး၊ ဒါတွေကို တင်ဆက်သူက ပြည်သူများကိုယ်စား သေချာစွာ ဆန်းစစ် လေ့လာပြီး တင်ပြနိုင်မှသာ အပြုသဘောဆောင်တဲ့ အဖြူရောင်သဘောထားဖြစ်မှာ ဖြစ်ပါတယ်။

ထို့အတူ အုပ်ချုပ်သူအဆင့်ဆင့်သည်လည်း ပြည်သူ့ သဘောထား၊ ပြည်သူ့အသံကို ကြည်ဖြူစွာလက်ခံကျင့်သုံး ရာမှာ ပုဂ္ဂိုလ်ရေးမပါသော ပြည်သူရဲ့ဝေဖန်အကြံပြု တင်ဆက်မှု၊ ဆန္ဒသဘောထားတစ်ရပ်ရပ်ကို "ဟိုအစိုး ရမို့ . . ဒီအစိုးရမို့ . . ငါ့ဆရာမို့ . . သူ့ဆရာမို့"ဆိုတဲ့ ပုဂ္ဂိုလ် ရေး ဂိုဏ်းဂဏအဖွဲ့အစည်းရဲ့ လောင်းရိပ်မလွတ်နိုင်မှု၊ မိမိရဲ့တစ်ဦးတည်းအမြင် အစရှိတဲ့ လွှမ်းမိုးမှုတစ်ခုခုကြောင့်၊ ဖော်ပြဖို့ခက်ခဲတဲ့ သတင်းဆောင်းပါးတစ်ပုဒ်ကို "ထိလွယ် ရှလွယ်"ဆိုတဲ့ အကြောင်းပြချက်လေးတစ်ခုနဲ့ အကာ အကွယ်ပေး ချန်လှပ်ထားမည်ဆိုလျှင် လျော်ကန် သင့်မြတ်မှုရှိ၊ မရှိ ပြည်သူ့ဝန်ထမ်းတစ်ဦးရဲ့ ပြည်သူ့အပေါ် ထားရှိတဲ့ စေတနာ၊ ပြည်သူ့အပေါ် သစ္စာစောင့်သိမှုရှိ၊ မရှိစဉ်းစားနိုင်ဖို့ စတာတွေကို ကျွန်တော်ထောက်ပြချင် ပါတယ်။ အပြုသဘောဆောင်တဲ့ အလုံးစုံသော ဝေဖန် အကြံပြုခြင်းကို လက်ခံဖြေရှင်းပြုပြင်နိုင်ခြင်းသည် "အောင်မြင်ခြင်း၏ သော့ချက်တစ်ခု ဖြစ်သကဲ့သို့" "ငါတည်းဟူသော ဆန္ဒစွဲဖြင့် ပြည်သူ့အမြင်၊ ပြည်သူ့ သဘောထားကို လျစ်လျူရှုဆောင်ရွက်ခြင်းသည်လည်း ကျရှုံးမှု၏ သင်္ကေတတစ်ခုဖြစ်နိုင်သည်"ဟုလည်း သတိ ချပ်၍ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ပါသည်။


**ဝေဖန်ခြင်း၊ အကြံပေးခြင်းတို့ကို ဆောင်းပါးအစရှိသဖြင့် တင်ဆက်ပုံအမျိုးမျိုးနဲ့ တင်ဆက်ကြတဲ့အခါမှာ တင်ဆက်သူတွေမှာလည်း ရှိသင့်တဲ့အခြေခံအချက်တွေ၊ ကျင့်ဝတ်တွေကို စောင့်ထိန်းလိုက်နာရပါမယ်။ ပုဂ္ဂိုလ်ရေးရာတိုက်ခိုက်မှုကို အခြေမခံသော၊ တိုင်းပြည်၊ နိုင်ငံနဲ့ လူမျိုးရဲ့ အကျိုးစီးပွားကိုရှေးရှု၍ တည်ဆဲအစိုးရအပေါ်မှာ တော်တည့်မှန်ကန်စွာ သဘောထားသော အပြုသဘောဝေဖန်တဲ့စေတနာ၊ ယဉ်ကျေးသိမ်မွေ့ညင်သာပျော့ပျောင်းတဲ့ တင်ဆက်မှု စတဲ့အဖြူရောင်သဘောထားတွေကို အခြေခံရေးသားတင်ဆက်ဖို့လည်း လိုအပ်ပါတယ်။**


လူတစ်ဦးချင်းမှအစ တိုင်းပြည်တစ်ပြည်၊ အဖွဲ့ အစည်းတစ်ရပ်အတွက် ဝေဖန်ရေးဆိုသည်မှာ ယင်းတို့ရဲ့ လားရာ တစ်နည်းအားဖြင့် အနာဂတ်တိုးတက်မှုများသည် ပေးသူနဲ့ယူသူတို့ရဲ့ သဘောထားမှန်ကန်မှုအပေါ်မှာ အခြေတည်ပြီး အကျိုးဖြစ်ထွန်းပေါ်ပေါက်စေနိုင်ပါတယ်။

ဝေဖန်ရေးဟုဆိုရာမှာ အများပြည်သူက ဝေဖန်အကြံ ပြုခြင်းရှိသလို ဝေဖန်ရေးနဲ့ မိမိကိုယ်ကိုဝေဖန်ရေးဆိုတာ လည်းရှိပါတယ်။ ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရေးကို ကွန်မြူနစ်ဝါဒီ၊ ဆိုရှယ်လစ်ဝါဒီတို့က သီအိုရီအရ တွင်တွင်ကျယ်ကျယ် ရေပန်းစားခဲ့ပြီး လက်တွေ့ကျင့်သုံးမှု အားနည်းခဲ့လို့ အောင်မြင်မှုမရခဲ့တဲ့ သာဓကတွေလည်း ကျွန်တော်တို့ သိခဲ့ရတွေ့ခဲ့ရပြီး ဖြစ်ပါတယ်။ ယင်းသီအိုရီ ဟာ တကယ်တော့လည်း လောကဝတ်၊ ဓမ္မဝတ်အနေနဲ့ ပြောရရင်တော့ "မိမိကိုယ်ကို ရိုသေခြင်း (Self respect) ပါပဲ။ မိမိရဲ့လုပ်ဆောင်မှုကို မည်သူတစ်ဦးတစ်ယောက်မျှ မသိနိုင်၊ မဝေဖန်နိုင်သော်လည်း မိမိကိုယ်ကိုရဲ့ လုပ်ဆောင်မှု အကောင်းအဆိုးသည် မိမိသာလျှင် အသိ ဆုံးဖြစ်၍ပဲဖြစ်ပါတယ်။ မိမိကိုယ်ကိုသာလည်း ဆုံးမပဲ့ပြင်၊ ပြင်ဆင်ကျင့်သုံးနိုင်ဆုံးလည်း ဖြစ်ပါတယ်။ တိုးတက် အောင်မြင်သော လူ့အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်တွေ မှာ မိမိကိုယ်ကိုရိုသေခြင်း၊ တစ်နည်းအားဖြင့် မိမိကိုယ်ကို မှန်မှန်ကန်ကန် ဝေဖန်သုံးသပ်၍ ပြုပြင်တည်ဆောက် ခြင်းသည်၊ ပဲ့ပြင်သွန်သင်မှုကို လိုက်နာခြင်း (Learning) အားလုံးရဲ့ တစ်ခုတည်းသော ရလဒ်ကောင်းအဖြစ် အမြဲ ထာဝရ မှန်ကန်နေမည်သာဖြစ်ပါတယ်။

အထက်ကဆိုခဲ့သလို လူပုဂ္ဂိုလ်အဖွဲ့အစည်း တစ်ရပ် ရပ်သည် မိမိကိုယ်ကို ရိုသေခြင်း အားနည်းခဲ့ရင်၊ မိမိ ကိုယ်ကို ဝေဖန်ပြုပြင်တည်ဆောက်ခြင်း အားနည်းခဲ့ရင် အများရဲ့ ဝေဖန်မှု၊ ပြုပြင်မှု၊ တောင်းဆိုဆန္ဒပြမှု စတဲ့ အချက်တွေနဲ့ မလွဲမသွေပြုပြင်ပေးရခြင်းရှိလာမှာ ဖြစ်ပါ တယ်။ တစ်နည်းအားဖြင့်တော့ အများပြည်သူရဲ့ အပြု သဘောဝေဖန်ခြင်းကို ကြည်ဖြူစွာလက်ခံ၍ ပြုပြင် တည်ဆောက်လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။ ယင်းကဲ့သို့ လိုက်နာလက်ခံကျင့်သုံးခြင်းသည်လည်း ယနေ့ ခေတ်ရဲ့ အတွင်ကျယ်ဆုံးအသုံးအနှုန်းဖြစ်တဲ့ ပွင့်လင်း မြင်သာစွာဆောင်ရွက်မှု(Transparency) ကို လက်ခံ ကျင့်သုံးရန် ဖိတ်ခေါ်ခြင်းလည်းဖြစ်ပါတယ်။

ဒါကြောင့် ယနေ့ ပြည်သူ့သဘောထား၊ ပြည်သူ့ အာဘော်၊ ပြည်သူ့စင်မြင့်ဆိုသည်မှာ မိမိကိုယ်ကိုနှင့် မိမိ အဖွဲ့အစည်းကို ဝေဖန်ခြင်း ချည့်နဲ့အားနည်းနေသော လူနှင့် လူ့ပတ်ဝန်းကျင်တစ်ခုကို အများကထင်သာမြင်သာ ပြုပြင်စရာ အစီအစဉ်တစ်ခုအဖြစ်၊ အပြုသဘောဆောင် ဝေဖန်အကြံပြုတင်ဆက်နိုင်တဲ့ အစီအစဉ်ကောင်း တစ်ခု လည်းဖြစ်ပါတယ်။ ဒီအခြေအနေကို မလွဲမသွေလက်ခံ ကျင့်သုံးကြရပါမယ်။ "ပြည်သူ့သဘောထား" ရယ်လို့ အမည်တပ်ပြီး အုပ်ချုပ်သူအစိုးရက အများပြည်သူမြင်သာ အောင် ဆောင်ပုဒ်တွေ၊ အဆိုအမိန့်တွေ၊ ရိုက်နှိပ်ရေးသား ဖြန့်ဝေခြင်း၊ မြို့ကြီးတွေရဲ့ လမ်းဆုံလမ်းခွတွေမှာ တစ်ဆောင်တစ်ယောင်နဲ့ ဝေဝေဆာဆာ ဖော်ပြနေခြင်း စတာတွေဟာ လူ့အဖွဲ့အစည်းကို တိုးတက်ပြောင်းလဲစေနိုင် တဲ့၊ ကောင်းမွန်သင့်လျော်တဲ့ ပြည်သူ့သဘောထားတစ်ရပ် အဖြစ် မရပ်တည်နိုင်ပါ။ ပြုလုပ်သူတို့ရဲ့ တစ်ဖက်သတ်ဝါဒ မှိုင်းအဖြစ်သာ အများပြည်သူအမြင်မှာ ထင်ဟပ်စေတဲ့ အတွက် အောင်မြင်ဖြစ်ထွန်းမှုရမည် မဟုတ်သည်မှာလည်း အသေအချာပင်ဖြစ်ပါတယ်။ အဲဒီရဲ့ အခြေခံရလဒ်ကိုလည်း ပြီးခဲ့ပြီးသော ရလဒ်သင်ခန်းစာများက ပြည့်ပြည့်စုံစုံ သေသေသပ်သပ်ဖော်ပြခဲ့ပြီး ပြည်သူ့အစိုးရတစ်ရပ် ပေါ်ထွန်းလာခဲ့ပြီးဖြစ်လို့ အထူးတလည်ဖော်ပြရန်ပင် လိုမည်မထင်ပါ။

အုပ်ချုပ်သူအစိုးရဟူသည် နိုင်ငံတော်အဆင့် အကြီး အမှူးများမှ အစပြု၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအောက်ခြေအဆင့်အထိ အဆင့်ဆင့်သော အုပ်ချုပ်ခွင့်အာဏာရှိသူများ၊ ဥပဒေပြု လွှတ်တော်အဆင့်ဆင့်များ၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်များ အားလုံးက အကျုံးဝင် နေတာဖြစ်ပါတယ်။ အစိုးရအဖွဲ့တစ်ခု၏ မူဝါဒအပေါ် လိုက်နာကျင့်သုံးမှုတစ်ရပ်သည် အထက်အဖွဲ့အစည်း တစ်ရပ်မှ လိုက်နာကျင့်သုံး၊ အကောင်အထည်ဖော်နေသည် နှင့်အတူ အောက်ခြေအဆင့်ဆင့်ကိုလည်း လိုက်နာကျင့်သုံး အကောင်အထည်ဖော်နိုင်ဖို့ "ငါပြောသလိုလုပ် ငါလုပ် သလိုလုပ်"ဟူသော စံနမူနာကောင်းဖြင့် ပြသလုပ်ဆောင် ရမှာလည်း ဖြစ်ပါတယ်။ ထို့အတူ မိမိတို့ရဲ့ စံနမူနာပြ မူဝါဒကို အောက်ခြေအဆင့်ဆင့်မှ လိုက်နာကျင့်သုံးမှုအတွက် လည်း စဉ်ဆက်မပြတ်ဆန်းစစ်လေ့လာအကဲဖြတ်ပြီး ဆုပေး ဒဏ်ပေးစနစ်နဲ့ လက်တွဲခေါ်ဆောင် အကောင်အထည်ဖော် စီမံခန့်ခွဲဖို့ အထူးလိုအပ်ပါတယ်။ သို့မှသာ မိမိရဲ့ချမှတ် ထားတဲ့မူဝါဒကို အပြည့်အဝအကောင်အထည်ဖော်နိုင်တဲ့ အဖွဲ့အစည်းတစ်ရပ်အဖြစ်တည်ရှိနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်သည့်အတွက် အုပ်ချုပ်သူများ၏ နား၊ မျက်စိ သဖွယ်ဖြစ်သော ဝေဖန်ရေးနှင့် မိမိကိုယ်ကို ဝေဖန်ရေး၊ အများပြည်သူများ၏ အဖြူရောင်အမြင် သဘောထား ဆန္ဒဖြင့် ဆင်ခြင်သုံးသပ်လုပ်ဆောင်စေဖွယ်ရာ ဝေဖန် အကြံပြုခြင်းများ၊ ပွင့်လင်းမြင်သာပြုပြင်ဖွယ်ရာ ပြည်သူ့ သဘောထားဆန္ဒများ စသည့် ပြုပြင်ပြင်ဆင်ဖွယ်ရာ ပြည်သူများ၏ အဖြူရောင်သဘောထားဆန္ဒများကို အကြီးအကဲများနှင့်အတူ အလယ်အလတ်အဆင့်မှသည် အောက်ခြေအဆင့်ထိတို့သည် အဖြူရောင်အမြင်သဘော ထားများဖြင့် ကျေနပ်ကြည်ဖြူစွာခံယူပြီး အမိမြန်မာနိုင်ငံ တော်ကြီး တိုးတက်စည်ပင်ဝပြောအောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွား ကြဖို့ လိုအပ်ပါကြောင်း စေတနာကောင်းဖြင့် နှိုးဆော် တိုက်တွန်းအပ်ပါကြောင်း။ ။



# ပြည်တွင်းရေးရာ

❒ **ရှေ့ဖုံးမှ**

မြန်မာ-တရုတ် "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးနှင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အတူတကွဖော်ထုတ်ခဲ့ကြသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကိုအခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေရေးအတွက် အတူတကွ ကြိုးပမ်းသွားကြရန်၊ မြန်မာ-တရုတ် နှစ်ဖက်အကြား အိမ်နီးချင်းကောင်းပီသသောမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ပြီး မဟာဗျူဟာကျသော မိတ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ နှစ်နိုင်ငံအကြား အစဉ်အလာရှိသော အဆင့်မြင့်ခေါင်းဆောင်များအကြား ရင်းနှီးစွာဆက်ဆံမှုကို ဆက်လက်၍ထိန်းသိမ်းရန်နှင့် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ကြသည်။

သမ္မတရှီကျင့်ဖျင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်နိုင်ငံခရီးစဉ်သည် အစိုးရသစ်တာဝန်ယူပြီးနောက် ပထမဆုံးလာရောက်သည့် မြန်မာနိုင်ငံမှ အဆင့်မြင့်ခေါင်းဆောင်၏ ခရီးစဉ်ဖြစ်သည့်အတွက် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်းနှင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်သူများ၏နေထိုင်မှုဘဝမြှင့်တင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီမည့် အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း တရုတ်နိုင်ငံ၏ "တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း" ကနဦးဆောင်ရွက်ချက်ကို ကြိုဆိုကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နံနက်ပိုင်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asia Infrastructure Investment Bank-AIIB) ဥက္ကဋ္ဌ Mr. Jin Liqun နှင့်အဖွဲ့အား ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာရေးရာ လူငယ်အဖွဲ့အား ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ နှုတ်ဆက်စကားပြောကြားပြီး လူငယ်အဖွဲ့၏မေးမြန်းချက်များကို ဖြေကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာရေးရာဝန်ကြီး H.E. Mr. Song Tao တည်ခင်းဧည့်ခံသည့် တရုတ်ရိုးရာလက်ဖက်ရည်ပွဲသို့ တက်ရောက်သည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် ဥက္ကဋ္ဌ Mr. Jin Liqun နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပေကျင်းမြို့ အခြေစိုက် နိုင်ငံတကာသတင်းဌာနများမှ သတင်းမီဒီယာများနှင့်တွေ့ဆုံပြီး မေးမြန်းချက်များကို ဖြေကြားသည်။

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင် Mr. Yang Jiechi တို့သည် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် National People's Congress (NPC) ဥက္ကဋ္ဌ H.E. Mr. Zhang Dejiang တို့သည် ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် National People's Congress (NPC) ဥက္ကဋ္ဌ H.E. Mr. Zhang Dejiang တို့ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီနိုင်ငံတကာရေးရာ လူငယ်အဖွဲ့အား ခင်မင်ရင်းနှီးစွာတွေ့ဆုံစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ၌ သတင်းရယူကြမည့် မီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ဩဂုတ် ၃၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် **Union Peace Conference-21st Century Panglong** ကို နှိပ်ကာ **MEDIA REGISTRATION FORM** တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Go ပြုလုပ် မှတ်ပုံတင်ခြင်းကို ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဩဂုတ် ၃၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာ သတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ အခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်/ထွက်ခွင့်ရရှိရေးအတွက် သိရှိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း-၀၆၇-၄၁၂၀၀၂ သို့လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅ နှင့် ၄၁၂၁၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်သည်။

ညီလာခံသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပ မီဒီယာများ တည်းခိုမှုလွယ်ကူစေရန် Sky Palace Hotel တွင် ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်ရေးစီစဉ်ထားကြောင်းနှင့် Sky Palace Hotel မှ ညီလာခံကျင်းပရာ နေရာ (MICC-2) သို့ Shuttle Bus များဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ငွေကျပ် ၂၀၀ တန်ထီ စက်တင်ဘာလ ၁ ရက် ဖွင့်မည်

**ရန်ကုန် ဩဂုတ် ၁၉**

(၃၃၂)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီမှစတင်၍ အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် အမှတ်(၃၈၄)ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ ငါးဆု၊ ငွေကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ငွေကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ငွေကျပ်သိန်း ၁၀၀ (၁၈)ဆု၊ ငွေကျပ်သိန်း ၅၀ ဆု (၂၀)၊ ငွေကျပ် ၂၅ သိန်း ဆု(၂၀)၊ ငွေကျပ် ၁၀ သိန်း ဆု(၃၀)၊ ငွေကျပ် ငါးသိန်း (၃၄)ဆု၊ ဝေဝေဆာဆာပဒေသာဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း ၅ လုံးတူ (၁၀)ယူနစ်အတွက် ငွေကျပ် သုံးသိန်း ဆု(၁၀၀)၊ အက္ခရာနှင့် ရှေ့ဂဏန်း ၄ လုံးတူ (၁၀)ယူနစ်အတွက် ငွေကျပ် ၂ သိန်း ဆု (၁၀၀၀)၊ အက္ခရာနှင့် ရှေ့ဂဏန်း ၃ လုံးတူ (၉)ယူနစ်အတွက် ငွေကျပ် ၁ သိန်း ဆု (၉၀၀၀)နှင့် အက္ခရာနှင့် ရှေ့ဂဏန်း (၂)လုံးတူ (၃)ယူနစ်အတွက် ငွေကျပ် ၅ သောင်း ဆု (၃၀၀၀၀) အပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံအတွက် ပိုမိုကောင်းမွန်သော တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးသည့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားမည်

ပေကျင်း ဩဂုတ် ၁၉

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးတွဲကြေညာချက်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။ အဆိုပါပူးတွဲကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာလီခချန်း၏ ဖိတ်ကြားချက်အရ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်မှ ၂၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ခရီးသွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာလီခချန်းနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပြီး တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်းနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ နှစ်ဖက်လုံးမှ အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုကို အနာဂတ်ကာလတွင် ဆက်လက်ဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး တိုးတက်စေရေးတို့အပေါ် အလေးအနက် အမြင်ချင်းဖလှယ်ခဲ့ကြပြီး အရေးပါသော တူညီဆန္ဒများချမှတ်နိုင်ခဲ့ပါသည်။

၂။ နှစ်ဖက်လုံးက မြန်မာ-တရုတ် "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးနှင့် မြန်မာနိုင်ငံနှင့် တရုတ် နိုင်ငံတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို အတူတကွဖော်ထုတ်ခဲ့ကြသည့် နိုင်ငံများဖြစ်ကြသည့် အားလျော်စွာ အဆိုပါမူကြီးများကို ဆက်လက်ထိန်းသိမ်းကျင့်သုံးရေးနှင့် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှု၊ တန်းတူညီမျှရေးနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းမှုတို့ကိုအခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖြစ်ပေါ်စေရေးအတွက် အတူတကွ ကြိုးပမ်းသွားကြရန် ဆွေးနွေးခဲ့ကြပါသည်။ နှစ်ဖက်အကြား အိမ်နီးချင်းကောင်းပီသသော မူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ပြီး နှစ်ဖက်ပြည်သူများ၏ အကျိုးစီးပွားနှင့် နှစ်နိုင်ငံလုံးအတွက် ပိုမိုကောင်းမွန်သော တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးသည့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့ကြပါသည်။ နှစ်ဖက်အကြား ပြည်သူများ၏ အကျိုးစီးပွားကို အစဉ်ရှေ့တန်းတင်ရေးနှင့် ရေရှည်အကျိုးကိုမျှော်၍ ပြီးပြည့်စုံပြီး မဟာဗျူဟာကျသော မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုတွင် တိုးတက်အောင်မြင်မှုအသစ်များရရှိရေး ဆောင်ရွက်သွားကြရန် အတည်ပြုခဲ့ကြပါသည်။

၃။ နှစ်နိုင်ငံအကြား အစဉ်အလာရှိသော အဆင့်မြင့်ခေါင်းဆောင်များအကြား ရင်းနှီးစွာဆက်ဆံမှုကို ဆက်လက်၍ ထိန်းသိမ်းရန်၊ မဟာဗျူဟာမြောက် ဆက်သွယ်မှုမြှင့်တင်ရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ အတွေ့အကြုံဖလှယ်မှု ပိုမိုနက်ရှိုင်းစေရန်တို့ကို သဘောတူခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား အဆင့်အသီးသီးတွင် အထူးသဖြင့် နိုင်ငံရေးပါတီများနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်သွားရန် သဘောတူညီခဲ့ကြပါသည်။

၄။ နှစ်ဖက်နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးမြှင့်တင်ရန်၊ ပြည်သူတို့၏ လူမှုဘဝဖူလုံရေးကို အထောက်အကူဖြစ်စေမည့် ကုန်သွယ်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ မြှင့်တင်ရေးနှင့် အသွင်အမျိုးမျိုးဖြင့် ချစ်ကြည်ရင်းနှီးမှုဖလှယ်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

၅။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်သည့်ညှိနှိုင်းမှု ဆက်လက်ဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကဲ့သို့သော စိန်ခေါ်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စရပ်များကို နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုကို ထိန်းသိမ်းသွားရန် နှစ်ဖက်သဘောတူညီခဲ့ကြသည်။

၆။ တရုတ်နိုင်ငံ၏ "တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်းနှင့် "ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (BCIM) စီးပွားရေးစင်္ကြံ" ကနဦးဆောင်ရွက်ချက်များကို မြန်မာနိုင်ငံမှ ကြိုဆိုခဲ့ပါသည်။ နှစ်နိုင်ငံအကြား ဖွဲ့စည်းပြီးဖြစ်သော စီးပွားရေးနှင့် ကုန်သွယ်ရေးပူးတွဲကော်မတီ၊ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီနှင့် လျှပ်စစ်ပူးပေါင်းဆောင်ရွက်မှုကော်မတီများအပါအဝင် အစိုးရအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုယန္တရားများကို ကောင်းမွန်စွာ ဆက်လက်အသုံးပြုသွားကြမည်ဖြစ်ပြီး စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ လျှပ်စစ်၊ ထုတ်လုပ်မှုနှင့် ဘဏ္ဍာရေး အစရှိသော ကဏ္ဍများတွင်လည်း အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြမည်ဖြစ်ပါသည်။

၇။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုနှင့် ပြည်သူများ၏ နေထိုင်မှုဘဝမြှင့်တင်ရေးအတွက် အစိုးရ၏အမြင်နှင့်မူဝါဒများကို အသိအမှတ်ပြုပြီး မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးခိုင်မာစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးသဟဇာတဖြစ်မှု မြှင့်တင်ရန် ရည်ရွယ်၍ အမျိုးသားရေးအခြေအနေနှင့် ကိုက်ညီပြီး အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းအပေါ် လျှောက်လှမ်းရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတို့ကို ထောက်ခံခဲ့ပါသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစွမ်းကုန်ဆက်လက်၍ အကူအညီများပေးသွားရန်နှင့် မြန်မာပြည်သူများ၏ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို ခိုင်မာသော ဆောင်ရွက်မှုများဖြင့် ပံ့ပိုးကူညီသွားရန် အသင့်ရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံအစိုးရ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပံ့ပိုးကူညီခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ညီတူညီမျှဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့ကို မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ရန်အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ထပ်လောင်းအတည်ပြုခဲ့ပြီး ထိုင်ဝမ်၊ တိဘက်နှင့် ရှင်းကျန်းဒေသ အရေးကိစ္စတို့နှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ ရပ်တည်ချက်အား နားလည်ကြောင်း ဖော်ပြခဲ့ပါသည်။

၈။ မြန်မာ-တရုတ် နယ်စပ်ဒေသများ၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ခိုင်မာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံ၌ နိုင်ငံရေးဆွေးနွေးမှုများမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်မှုများကို တရုတ်နိုင်ငံအနေဖြင့် ထောက်ခံအားပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်တို့အတွက် ကြိုးပမ်းချက်များအပေါ် တက်ကြွ၍အပြုသဘောဆောင်သည့် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ပါသည်။

၉။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကပြောကြားခဲ့ရာ တရုတ်နိုင်ငံ သမ္မတက ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ပါသည်။

၁၀။ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း လှိုက်လှဲနွေးထွေးစွာကြိုဆိုမှုနှင့် ထူးခြားကောင်းမွန်သော ဧည့်ဝတ်ကျေပွန်မှုများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာလီခချန်းနှင့် အစိုးရအဖွဲ့တို့ကို ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဝန်ကြီးချုပ် မစ္စတာလီခချန်းအား မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း၌ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ရာ တရုတ်နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်က ဖိတ်ကြားချက်အား ဝမ်းမြောက်စွာ လက်ခံခဲ့ပါသည်။

# ပြည်ထောင်စုဝန်ကြီးများအား ဧည့်သည်အဖွဲ့များ တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၉**


နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့အား တရုတ်နိုင်ငံ Huawei Technologies Co.Ltd မှ Senior Vice President, CITIC Group Corporation ဥက္ကဋ္ဌ Mr. Chang Zhenming နှင့် CITIC Construction ဥက္ကဋ္ဌ Mr. Tao Yang တို့သည် ယနေ့ နံနက်ပိုင်းက ပေကျင်းမြို့ရှိ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ သီးခြားစီလာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းအား STATE GRID Corporation of China မှ ဒုတိယဥက္ကဋ္ဌ၊ State Power Investment Corporation (SPIC) ဥက္ကဋ္ဌ Mr.Wang Binghua နှင့် China National Petroleum Corporation (CNPC) အဖွဲ့တို့က သီးခြားစီ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အား China Communications Services Corporation Limited ဥက္ကဋ္ဌ Mr. Si Furong၊ ZTE Corporation မှ ဒုတိယဥက္ကဋ္ဌ Mr. Liu Jian တို့ သီးခြားစီ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းအား China North Industries Corporation (NORINCO) ဒုတိယဥက္ကဋ္ဌ Mr. Chen Defang နှင့်အဖွဲ့က လာရောက်တွေ့ဆုံသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းအား State Power Investment Corporation (SPIC) ဥက္ကဋ္ဌ Mr.Wang Binghua လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အား ZTE Corporation မှ ဒုတိယဥက္ကဋ္ဌ Mr. Liu Jian လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# အစိုးရသစ်၏ ပထမရက် (၁၀၀) ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် တတိယအကြိမ် သတင်းစာရှင်းလင်းပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၉**

အစိုးရသစ်၏ ပထမရက်(၁၀၀)ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် တတိယအကြိမ် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရက် (၁၀၀)အတွင်း လုပ်ငန်းစဉ် (၇) ရပ်ကို ရွေးချယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းတို့မှာ ကုမ္ပဏီမှတ်ပုံတင်ကြေးများ ပြင်ဆင်သတ်မှတ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း၊ အောင်ဘာလေထီ ၅၀၀ ကျပ်တန် ထီအမျိုးအစားကို တိုးချဲ့ထုတ်ဝေရောင်းချနိုင်ရန် ပြင်ဆင်ခြင်း၊ တယ်လီဖုန်းပြောဆိုခအပေါ်တွင် ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို ပညာရေးကဏ္ဍတွင်သုံးစွဲရန် ဆောင်ရွက်ခြင်း၊ ရန်ကုန်ဆိပ်ကမ်းနှင့် လေဆိပ်တို့တွင် မြန်မာအလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System - MACCS) အသုံးပြု၍ ကုန်စည်ရှင်းလင်းခြင်း၊ ဆိပ်ကမ်းတွင် ထုတ်ကုန်/သွင်းကုန် ရှင်းလင်းခြင်းလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်ပေးခြင်းနှင့် လေကြောင်းကုန်စည်သွင်းကုန် ရှင်းလင်းရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## လုပ်ငန်းစဉ် (၉)ရပ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်နန္ဒာမွန်းက သာသနာရေးဆိုင်ရာအနေဖြင့် လုပ်ငန်းစဉ် (၉) ရပ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းတို့မှာ ဝိသာခါတန်ဆောင်းအကြီးစားပြုပြင်ခြင်း၊ ဒဂုံသီရိဘေးမဲ့ကန် ပြန်လည်တူးဖော်ခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာ ဆရာမများ၏ ထောက်ပံ့ကြေး တိုးမြှင့်ခြင်း၊ မြိုင်ကြီးငူ မြေပြဿနာ အငြင်းပွားမှုကိစ္စ ဖြေရှင်းဆောင်ရွက်ခြင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး ဆောင်ရွက်ခြင်း၊ သာမဏာသာရုပ္ပမဖြစ်သော ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့နှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခြောက်ကျောင်းကို အထက်တန်းအဆင့် တိုးမြှင့်ခြင်းနှင့် ဂေါပကအဖွဲ့များအား ကြီးကြပ်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း။

## ကမ္ဘာ့မှတ်တမ်းအမွေအနှစ် တင်သွင်း

အနုပညာဦးစီးဌာန၏ မူဝါဒဆိုင်ရာအပေါ် ဆောင်ရွက်ပြီးစီးမှုများမှာ အနုသုခုမဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို မေလတွင် ကျင်းပပြီးစီးခဲ့ပြီး မြန်မာတိုင်းရင်းသားရိုးရာ ကြိုးတပ်တူရိယာများ သုတေသနစာအုပ် ရေးသားပုံနှိပ်ပြီးစီး၍ ပြည်သူများအား ရောင်းချလျက်ရှိပါကြောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ပဒေသာယိမ်းအကများနှင့် သီရိဝံသဇာတ်ကြီးတို့ကို ဇွန်လက အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ လည်းကောင်း၊ ဇူလိုင်လတွင် အမျိုးသားဇာတ်ရုံ(မန္တလေး)၌ လည်းကောင်း ပြည်သူများအား အခမဲ့ ဖျော်ဖြေတင်ဆက်ခဲ့ပါကြောင်း၊ UNESCO ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးအတွက် ဘုရင့်နောင်ခေါင်းလောင်းကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် တင်သွင်းခြင်း၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် မြစေတီ(ရာဇကုမာရ်)ကျောက်စာတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အထိမ်းအမှတ် LOGO စိုက်ထူခြင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) လုံခြုံရေးအတွက် CCTV တပ်ဆင်ခြင်း၊ မီးသတ်စနစ်များ တပ်ဆင်ခြင်းနှင့် ဝင်းအတွင်းလျှပ်စစ်မီးသွယ်တန်းခြင်း ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသက်နိုင်ဦးက ရက် (၁၀၀) စီမံချက်ကာလတွင် ဆောင်ရွက်ခဲ့သည့် စုစုပေါင်းလုပ်ငန်း ၂၈ ခုအနက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍတွင် လုပ်ငန်း ၁၇ ခု၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍတွင် ခုနစ်ခု၊ သမဝါယမကဏ္ဍတွင် လေးခု ဆောင်ရွက်ခဲ့ပါကြောင်း၊

## ချေးငွေကျပ် ၃၄၇၄ ဒသမ ၀၅၁ သန်းထုတ်ချေး

အသေးစား အရင်းအနှီး ချေးငွေလုပ်ငန်းမှ စိုက်ပျိုး/မွေးမြူရေး အသင်းသားသစ်များအား ကျပ်တစ်သိန်းနှုန်း၊ အသင်းသားဟောင်းများအား ကျပ်တစ်သိန်းမှ ငါးသိန်းနှုန်း ထုတ်ချေးခြင်း၊ မျိုး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ သွင်းစုများပံ့ပိုးခြင်းတို့အတွက် စုစုပေါင်း ကျပ် ၁၈၂၀၂ ဒသမ ၂၈ သန်းနှင့် လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာများကို အသင်းသား တောင်သူလယ်သမား ၄၈၉ ဦးသို့ Hire Purchase စနစ်ဖြင့် စက်ပစ္စည်း ၅၉၁ စီး ရောင်းချပေးရန်အတွက် ချေးငွေစုစုပေါင်း ကျပ် ၃၄၇၄ ဒသမ ၀၅၁ သန်း ထုတ်ချေးခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းများအဖြစ် ရွာပေါင်း ၅၈၄ ရွာတွင် တွင်းပေါင်း ၆၀၂ ခု တူးဖော်ခြင်း ဆောင်ရွက်ခဲ့ပါကြောင်း။

## ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့

အယ်နီညို သဘာဝဘေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်အဖြစ် အပူဒဏ်မြင့်တက်မှုကြောင့် ငါးကန်ရှိငါးများသေဆုံးမှု လျော့နည်းစေရန်နှင့် ရေကြီးရေလျှံမှုကြောင့် လွတ်ထွက်ဆုံးရှုံးခြင်းမရှိစေရန် နှိုးဆော်ချက်နှင့် ငါးရစ်တက်ချိန်နှင့် ငါးသားပေါက် မိုးရာသီတွင် ငါးဖမ်းခြင်း မပြုလုပ်ရန် ပညာပေးနှိုးဆော်ချက်တို့ကို သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုတို့မှ ထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် ပဲခူး၊ ဧရာဝတီ၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်း၊ ကရင်ပြည်နယ်တို့ရှိ ကျေးရွာ ၄၇၇ ရွာရှိ ငါးမွေးတောင်သူ ၁၃၈၆၁ ဦးတို့အား အသိပညာပေးဟောပြောခြင်း၊ နှိုးဆော်စာဖြန့်ဝေခြင်းများ ဆောင်ရွက်ပြီးဖြစ်ရာ လုပ်ငန်းပမာဏအားဖြင့် ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန် နှင့် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်တို့က သစ်တောဥပဒေအား ပြန်လည်ပြင်ဆင်ရန်အချက်များအပြင် ပြင်ဆင်သည့်အချက်ပေါင်းမှာ (၄၁) ချက်ရှိပြီး မူလဥပဒေ၏ သုံးပုံနှစ်ပုံကျော် ပြင်ဆင်ခြင်းဖြစ်သဖြင့် ပြင်ဆင်သည့်ဥပဒေထုတ်ပြန်မည့်အစား ဥပဒေအသစ် ပြဋ္ဌာန်းသင့်ကြောင်း ပြန်ကြားချက်အရ ပြန်လည်ပြင်ဆင်ပြုစုလျက်ရှိပါကြောင်း။

ရာသီဥတုပြောင်းလဲမှုသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံး ကြုံတွေ့ခံစားနေကြရသည့် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး အဆိုးရွားဆုံးခံစားရမည့် နိုင်ငံစာရင်းတွင် ပါဝင်နေပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၊ ကုလသမဂ္ဂအခြေချနေထိုင်မှုအစီအစဉ်တို့၏ နည်းပညာအကူအညီ၊ ဥရောပသမဂ္ဂ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် အမျိုးသားရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ အပြီးသတ်မူကြမ်းကို ဆက်စပ်ဝန်ကြီးဌာန အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကြံဉာဏ်များရယူပြီး ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအမျိုးသားရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း အတည်ပြုချမှတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍတို့အတွက် Sectoral EIA Guidelines များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းထောက်များ၏မေးမြန်းချက်များကို ဝန်ကြီးဌာနကိုယ်စားလှယ်များက ပြန်လည်ဖြေကြားကြသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဘတ်ဂျက်ပိုငွေနှင့်စပ်လျဉ်း၍ မေးမြန်းချက်ကို ပြန်လည်ရှင်းလင်းရာတွင် ဘတ်ဂျက်ရေးဆွဲရာတွင် ရစရာရှိသည်များကို မှန်းရသလို သုံးစရာရှိသည်များကိုလည်း မှန်းရပါကြောင်း၊ တစ်နှစ်တာအကောင်အထည်ဖော်နေချိန်အတွင်း မှန်းဆသလို ဖြစ်မလာသည်များလည်း ရှိပါကြောင်း၊ တချို့ဆိုလျှင် ပြည်ပချေးငွေကို ရမည်ဟု မှန်းထားသော်လည်း မရသည်များ ရှိပါကြောင်း၊ ပိုလျှံငွေဖြစ်သည်ဆိုသည်မှာ ငွေကိုထုတ်ယူပြီးမှ ပြန်အပ်ခြင်း မဟုတ်ပါကြောင်း၊ စာရင်းအရ ပြန်အပ်ခြင်းဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးရှုထောင့်မှ ပိုလျှံငွေပြန်အပ်ခြင်းကို လက်ခံရပါကြောင်း၊ ယခုအခါ ဝန်ကြီးဌာနများကို အသေးစိတ် စိစစ်တင်ပြရန်ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

## ပြည်တွင်းအခွန်များဦးစီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွန်းက အောင်ဘာလေထီအစိုးရရောင်းဈေးနှင့် ပြင်ပပေါက်ဈေးကွာဟနေခြင်း၊ ၅၀၀ ကျပ် တန်ထီလက်မှတ်အသစ်ထုတ်မည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ မေးမြန်းချက်ကို ဖြေကြားရာတွင် အောင်ဘာလေထီ အပြင်ဈေးတိုးမြင့်နေရခြင်းမှာ ယခုအခါ ထီတစ်စောင် ၂၀၀ ဖြစ်ပါကြောင်း၊ တစ်အုပ်လျှင် ၁၁ စောင်ရှိပြီး တစ်အုပ်ရောင်းမှ ကျပ် ၂၀၀ မြတ်ပြီး ငါးအုပ်ရောင်းမှ ၁၀၀၀ မြတ်မည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် လူတစ်ဦး၏ နေ့တွက်စရိတ်မှာ ၁၀၀၀ ဖြင့် မလောက်ပါကြောင်း၊ ယင်းမှာ အဓိကပြဿနာဖြစ်နေပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၅) တွင်လည်း ဈေးကွက်စီးပွားရေး စနစ်ကျင့်သုံးရမည်ဟုပါရှိကြောင်း၊ သို့ဖြစ်၍ ဈေးကွက်ကို ထိန်းချုပ်၍မရနိုင်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း ထီလက်မှတ်ဈေးနှုန်းမှာ နှစ်ဒေါ်လာနှင့် သုံးဒေါ်လာထိရှိပါကြောင်း၊ သို့ဖြစ်၍ ပထမအဆင့်အနေဖြင့် ထီလက်မှတ်ဈေးကို ၅၀၀ ကျပ်သို့ ဆွဲတင်လိုက် ခြင်းဖြစ်ပါကြောင်း၊ တဖြည်းဖြည်း ၁၀၀၀၊ ၁၅၀၀၊ ၂၀၀၀ ကျပ်သို့ တိုးလာမည်ဖြစ်ပါကြောင်း၊ နောင်ဆို တစ်အုပ်ရောင်းရလျှင် ကျပ် ၂၀၀၀ မြတ်မည်ဖြစ်ပါကြောင်း၊ နောင်တွင် ဈေးတင်ရန် အခွင့်အရေးနည်းလာမည်ဖြစ်ကြောင်း၊ ယင်းမှာထီဈေးကြီးခြင်းကို ဖြေရှင်းရန် နည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ ၅၀၀ ကျပ်တန်ထီတွင် ဝယ်လိုအားနှင့် ရောင်းလိုအား ထိန်းချုပ်နိုင်၍ ပထမဆုံးလတွင် ၂၇ လုံး ထုတ်မည်ဖြစ်ပါကြောင်း၊ ဈေးကွက်ကို ထိန်းချုပ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထီလုပ်ငန်းရှင် ထီလက်မှတ်ဝယ်ယူလိုသူများကို သတင်းစာက ကြေညာမည်ဖြစ်ကြောင်း၊ နိုင်ငံတော် မနစ်နာစေရန် ဝယ်ယူသူထံမှ အရေအတွက်ပေါ်မူတည်ပြီး ပုံနှိပ်ခ သုံးလစာ စပေါ်ငွေရယူမည်ဖြစ်ကြောင်း၊ ၅၀၀ တန်ထီကို ကျပ် ၅၀၀ သာ ပေးချင်သူများအတွက် e - Lottery လုပ်သွားမည်ဖြစ်ပါကြောင်း၊ e – Lottery သည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေကို ယခင်အစိုးရလက်ထက်ကတည်းက တင်ပြထားပါကြောင်း၊ ဥပဒေအတည်ပြုပြီးပါက နောင်တွင် e – Lottery နှင့် ထီထိုးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဘတ်ဂျက်အများဆုံးမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

တယ်လီဖုန်းခွန် ၇ ဒမသ ၅ ဘီလီယံအား ပညာရေးဝန်ကြီးဌာနအပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် သုံးစွဲရန် အစီအစဉ် ရှိ မရှိ ဘတ်ဂျက်အများဆုံးသုံးစွဲသည့် ဝန်ကြီးဌာနနှင့် အနည်းဆုံးသုံးသည့် ဝန်ကြီးဌာနတို့ကို သိရှိလိုကြောင်း မေးခွန်းအပေါ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပညာရေးအသုံးစရိတ်မှာ ၇ ဒသမ ၅ ဘီလီယံတိုးသည့်အတွက် စုစုပေါင်းကျပ် ၁၆၃၁ ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ၃၈၁ ဘီလီယံသာရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ဘတ်ဂျက်မှာ ၂၀၁၆-၂၀၁၇ ခုနှစ် စုစုပေါင်း အသုံးစရိတ်၏ ၄ ဒသမ ၁ ရာခိုင်နှုန်းရှိပါကြောင်း၊ ဘတ်ဂျက်အများဆုံးမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဖြစ်ပြီး ဘတ်ဂျက်၏ ၂၄ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဘတ်ဂျက်အနည်းဆုံးမှာ အသစ်ဖွဲ့လိုက်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဖြစ်ပြီး ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ တယ်လီဖုန်းပြောဆိုမှုမှ ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို ပြည်သူလူထုတိုက်ရိုက်အကျိုးပြုမည့်ပညာရေး၊ ကျန်းမာရေးကဏ္ဍတွင် အသုံးပြုရန် ဦးစားပေးလမ်းညွှန်ထားပါကြောင်း၊ ပထမဆုံးစံပြအနေဖြင့် ပညာရေးကဏ္ဍတွင် သုံးမည်ဆိုပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လာမည့် ကာလများတွင်မည်သို့သုံးစွဲမည်ဆိုသည်ကိုလည်း အခါအားလျော်စွာ ပြောကြားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကုမ္ပဏီမှတ်ပုံတင်အရေအတွက် တိုးတက်လာခြင်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကုမ္ပဏီမှတ်ပုံတင်မှုအပိုင်းတွင် မှတ်ပုံတင်ကြေးပြင်လိုက်သည့်အတွက် ယခင်ထက်တိုးတက်လာပါကြောင်း၊ ယခင်က တစ်လလျှင် မြန်မာနိုင်ငံသားကုမ္ပဏီ မှတ်ပုံတင် ၅၀၀ ကျော် မှတ်ပုံတင်သော်လည်း ယခုအခါ ၁၀၀၀ ကျော် တိုးတက်လာပါကြောင်း၊ ကုမ္ပဏီမှတ်ပုံတင်မှု တိုးတက်လာခြင်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်လိုစိတ် တိုးတက်လာခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

စီးပွားရေးမူဝါဒရေးဆွဲမှု၊ ငွေကြေးဖောင်းပွမှုအခြေအနေနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီးပွားရေးမူဝါဒဆိုသည်မှာ လက်ရှိအစိုးရ၏ သက်တမ်းအတွင်း ဆောင်ရွက်သွားမည့်မူဝါဒကို ထုတ်ပြန်ခြင်းဖြစ်ပါကြောင်း၊မျှော်မှန်းချက်များ၊ ရည်မှန်းချက်များပါပါကြောင်း၊ မျှော်မှန်းချက်တွင် အားလုံးပါဝင်ပြီး စဉ်ဆက်မပြတ်တိုးတက်ရမည်ဆိုသည့်အချက် ပါဝင်ပါကြောင်း၊ ယခုမူဝါဒကိုရေးဆွဲရာတွင် စီမံ/ဘဏ္ဍာဝန်ကြီးဌာနနှင့် အခြားစီးပွားရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ရှင်းလင်းဆွေးနွေးထုတ်ပြန်ခြင်းဖြစ်ပါကြောင်း။

စာမျက်နှာ ၁၁ သို့❖

## ပြည်တွင်းရေးရာ

❖စာမျက်နှာ ၁၀ မှ

ဒေါ်လာဈေး ငွေကြေးဖောင်းပွခြင်းဆိုသည်မှာ အပြောင်းအလဲဖြစ်တတ်ပါကြောင်း၊ ပို့ကုန်များသည့်ကာလ၊ သွင်းကုန်များသည့်ကာလများတွင် ဖြစ်တတ်ပါကြောင်း၊ ကုန်သွယ်မှုတွင် လိုငွေပြနေပါကြောင်း၊ ရမည့်ဒေါ်လာထက် သုံးရမည့်ဒေါ်လာက များနေပါကြောင်း၊ သို့ဖြစ်၍ ဒေါ်လာဈေးတက်နေမည်ဖြစ်ပါကြောင်း၊ ဗဟိုဘဏ်က စောင့်ကြည့်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငွေဖောင်းပွမှုဆိုသည်မှာ အထွေထွေကုန်ဈေးနှုန်း မြင့်တက်လာခြင်းဖြစ်ပါကြောင်း၊ စီမံ/ဘဏ္ဍာဝန်ကြီးဌာနက ဘဏ္ဍာရေးမူဝါဒနှင့် ထိန်းကျောင်းပြီး ဗဟိုဘဏ်က ငွေကြေးမူဝါဒဖြင့် ထိန်းသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

### မြစိမ်းရောင်စီမံကိန်း

မြစိမ်းရောင်စီမံကိန်းနှင့်စပ်လျဉ်း၍ ကျေးလက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းက မြစိမ်းရောင်စီမံကိန်း၏ရည်ရွယ်ချက်မှာ ကျေးလက်နေ ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးအတွက် ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ရေးဆွဲခဲ့ပါကြောင်း၊ ကျေးလက်နေပြည်သူ ၇၅ ရာခိုင်နှုန်းသည် အရင်းအနှီးလိုအပ်နေပါကြောင်း၊ သို့ဖြစ်၍ ယခုစီမံကိန်းကို ရေးဆွဲခဲ့ပါကြောင်း၊ ကျေးရွာတစ်ရွာ သိန်း ၃၀၀ မတည်ပေးခြင်းဖြစ်ပါကြောင်း၊ ယင်းငွေကို ကျေးရွာကော်မတီကစိစစ်ပြီး မြို့နယ်ကော်မတီမှ ကွင်းဆင်းစစ်ဆေး၍ ထုတ်ချေးပေးပါကြောင်း၊ ကျေးရွာပေါင်း ၇၇၂၃ ရွာ ကျော်ပါကြောင်း၊ အစိုးရငွေမှာ ၁၆ ဘီလီယံဖြစ်ပါကြောင်း၊ ယင်းငွေမှာ နိုင်ငံတော်က မပိုင်ပါကြောင်း၊ ရရှိသည့် အတိုးများမှာ ကျေးရွာများမှ ပိုင်ပါကြောင်း ဖြေကြားသည်။

### လျှပ်စစ်မြစ်ရေတင်လုပ်ငန်း

လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ရပ်ဆိုင်းမည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ရေအသုံးချရေးနှင့် ဆည်မြောင်းဦးစီးဌာနတာဝန်ရှိသူက လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများစီးပွားရေးအရဆိုလျှင် အရှုံးပေါ်ပါကြောင်း၊ သို့သော်လည်း ဆင်းရဲနေသည့် ကျေးလက်တောင်သူလယ်သမားများအတွက် စိုက်ပျိုးသီးနှံရေရရန်အတွက် ယခုလုပ်ငန်းကို ထူထောင်ထားခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးအရ လုပ်ဆောင်ထားခြင်း မရှိပါကြောင်း၊ မြစ်ရေတင်လုပ်ငန်းတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ဒီဇယ်မြစ်ရေတင်လုပ်ငန်းတို့မှာ စီးပွားရေးအရ တွက်ခြေမကိုက်ပါကြောင်း။

ယင်းလုပ်ငန်းများမှာ တောင်သူလယ်သမားများ ရေရရှိရေးအတွက် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ ရက် ၁၀၀ စီမံချက်တွင် ပါဝင်သည့် မြစ်ရေတင်လုပ်ငန်း လေးခုဧက ၁၆၀၀ မှာ ယခင်ပေးနေကြသော နွေသီးနှံဧက ၅၈၀၀၀ အပြင် ထပ်မံတိုးတက်ရရှိအောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ မြစ်ရေတင် ၁၇၀ ကို ဖျက်သိမ်းမည်ဆိုသည်ကို ပြောပြီးဖြစ်ပါကြောင်း၊ တောင်သူများကလည်း ကိုယ်ပိုင်စက်များဖြင့် တစ်ပိုင်တစ်နိုင် ကိုယ်ထူကိုယ်ထဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် ယခုရှိသည့် မြစ်ရေတင် ၃၇၉၃ ခု အနက် ဒီဇယ်မြစ်ရေတင် အသေးစား ၁၇၀ ကို ပယ်ဖျက်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်သည့် လျှပ်စစ်မြစ်ရေတင်များကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆက်လက်ဆောင်ရွက်ပြီး တောင်သူများထံမှ ရေဖိုး ကောက်ခံသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Exim Bank မှ ဒေါ်လာသန်း ၇၀၀ ချေးငွေနှင့်စပ်လျဉ်း၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က China Exim Bank မှ အတိုးနှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်း အတိုးယူပြီး ကျေးလက်နေ တောင်သူများအား ၁၈ ရာခိုင်နှုန်းဖြင့် ချေးပေးပါကြောင်း၊ ၁၈ ရာခိုင်နှုန်း ဖြစ်သည့်အတွက် အတိုးနှုန်းများ များသည်ဆိုသော်လည်း ပြင်ပအတိုးနှုန်းထက် သက်သာပါကြောင်း၊ ပထမ ဒေါ်လာသန်း ၇၀၀ ချေးယူရေးနှင့် လက်မှတ်ထိုးထားသော်လည်း ဒေါ်လာသန်း ၄၀၀ ဖြင့် ဆောင်ရွက်ရာတွင် လုံလောက်သည့်အတွက် နောက်ထပ် ဒေါ်လာ သန်း ၃၀၀ ချေးယူရန် မလိုအပ်သေးပါကြောင်း ဖြေကြားသည်။

### စာရင်းကောက်ယူသွားမည်

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အတွင်း ရေမြုပ်သွားသည့်အတွက် ပျက်စီးဆုံးရှုံးသွားသော လယ်မြေများအတွက် အရန်မျိုးစပါး ဖြန့်ဝေနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြည်ထောင်စုရန်ပုံငွေမှ စပါး တင်း ၇၀၀၀၀၊ စိုက်ပျိုးရေးဦးစီးဌာန ရန်ပုံငွေမှ စပါးတင်း ၆၀၀၀၀ စုစုပေါင်း စပါးတင်း ၁၃၀၀၀၀ တို့ စုဆောင်းထားပါကြောင်း၊ ထို့ပြင် လုပ်ကွက်ကြီး တောင်သူများ၊ လုပ်ငန်းရှင်တောင်သူများ၊ သီးနှံမျိုးစေ့ ရောင်းဝယ်သူများမှ သိုလှောင်ထားမှုများမှာ အရန်စပါး တင်းသုံးသိန်းခွဲရှိပါကြောင်း၊ လောလောဆယ် အရန်မျိုးတင်း ၄၈၀၀၀၀ ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး ရေမြုပ်နေရာများ ပြန်လည်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ တင်း ၁၀၀၀၀၊ တိုင်းဒေသကြီးရန်ပုံငွေမှ တင်း ၁၀၀၀၀ သိုလှောင်ထားပြီးဖြစ်ပါကြောင်း၊ ရေပြန်ကျသွားသည့် အချိန်တွင် တိတိကျကျ စာရင်းကောက်ယူသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယခုနှစ် စိုက်ပျိုးစရိတ်တစ်ဧကလျှင် တစ်သိန်းခွဲ ချေးပေးထားသော်လည်း ရေကြီးနစ်မြုပ်သွားသည့် ဒေသများ၌ လယ်ယာမြေများအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်၊ မည်သို့စာရင်းကောက်ယူသွားမည် ဆိုသည်နှင့် စပ်လျဉ်း၍ မေးမြန်းချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန်က ရေကြီးနစ်မြုပ်သည့်ဒေသများမှ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ နစ်မြုပ်မှု၊ ပျက်စီးဆုံးရှုံးမှုစာရင်းတို့ကို အချိန်နှင့် တစ်ပြေးညီ နေ့စဉ်ကောက်ခံလျက်ရှိပါကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် အမှန်တကယ် ပျက်စီးဆုံးရှုံးသွားကြောင်းကို ကျေးရွာကော်မတီမှတစ်ဆင့် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် တိုင်းဒေသကြီးသို့ တင်ပြရမည်ဖြစ်ပြီး တိုင်းဒေသကြီးမှတစ်ဆင့် ရုံးချုပ်သို့ ရောက်ရှိလာပါက ချေးငွေ ပြန်ဆပ်ကာလကို ရွှေ့ဆိုင်းပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တန်ခိုးကြီးဘုရားများရှိ ဂေါပကအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ မေးခွန်းအပေါ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန်က ဂေါပကအဖွဲ့များ ပြုပြင်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ယခင် ရွှေတိဂုံစေတီတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဂေါပကအဖွဲ့ဝင် ၁၃ ဦးထဲမှ ငါးဦးကို အနားယူခွင့်ပြုလိုက်ပြီး ယာယီဂေါပကအဖွဲ့ဝင် ငါးဦးကို အသစ်ပြန်လည်ပြင်ဆင်ပြီး ခန့်အပ်ထားပါကြောင်း၊ ယာယီဂေါပကအဖွဲ့ဝင်များသည် သက်တမ်း တစ်နှစ်ပြည့်သည့်အခါ အချိန်ပြည့်ဂေါပကအဖွဲ့ဝင်များ ဖြစ်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ ကျိုက်ထီးရိုးစေတီတော်နှင့် ပတ်သက်၍လည်း ဝန်ကြီးဌာနအနေဖြင့် အစည်းအဝေးများကျင်းပ၍ ညှိနှိုင်းမှုများ ပြုလုပ်ပြီး လုပ်ငန်းစဉ်များ ချမှတ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

### ချစ်ကြည်ညီညွတ်ရေး

မြိုင်ကြီးငူတွင် ဖြစ်ပွားခဲ့သော မြေပြဿနာနှင့်ပတ်သက်၍ ဒုတိယအမြဲတမ်း အတွင်းဝန်က ယင်းကိစ္စနှင့်ပတ်သက်၍ ပြေလည်စေရန် ပြည်ထောင်စုဝန်ကြီး သွားရောက်၍ ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာများနှင့် ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ညှိနှိုင်းခဲ့ရာ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့ ခေါင်းဆောင်များက ကျေနပ်ပြီး တိုင်ကြားမှုမရှိသည့်အတွက် လက်ရှိတွင် ဆိုင်းငံ့ထားသည့်အနေအထား ဖြစ်ပါကြောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးကို အလေးထားဆောင်ရွက်နိုင်စေရန် ဘာသာရေးပဋိပက္ခများကို သာသနာရေးဝန်ကြီးဌာန အနေဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ပုဂံဒေသအား ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင်ရေး ဆောင်ရွက်နေမှုနှင့် ပုဂံဒေသရှိ ဥပဒေနှင့်ငြိစွန်းသော ဟိုတယ်အဆောက်အအုံများအား မည်သို့စီမံဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ယူနက်စကိုသို့ ဝင်ရောက်ခြင်းမှာ ကမ္ဘာ့အသိအမှတ်ပြုနေရာတစ်ခု သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ ယူနက်စကိုဝင်ရောက်နိုင်ရေးအတွက် ဆွေးနွေးပွဲများ အဆက်မပြတ်လုပ်နေပါကြောင်း။

### ခွင့်ပြုချက်များ ထုတ်ပြန်ထား

ဥပဒေအရ ယဉ်ကျေးမှုအမွေအနှစ်ဒေသထဲတွင် အဆောက်အအုံဆောက်လုပ်မည် သို့မဟုတ် စီးပွားရေးဆိုင်ရာလုပ်ငန်းများ လုပ်မည်ဆိုလျှင် ကြိုတင်ဆောင်ရွက်ရန် ခွင့်ပြုချက်များ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း ဥပဒေကြောင်းအရ အဆိုပါနယ်မြေဒေသမှ ဟိုတယ်များ၊ မိုတယ်များ၊ တည်းခိုခန်းများ ဆောက်လုပ်ရန် ခွင့်ပြုချက်ပေး၍မရပါကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုအပ်ပါကြောင်း၊ သို့သော်လည်း ၂၅ လုံးက ဆောက်လုပ်ပြီးဖြစ်နေသည့်အတွက် လုပ်ငန်းရှင်များလည်း ဆုံးရှုံးမှုမရှိစေရန်၊ ယဉ်ကျေးမှုအမွေအနှစ်ကိုလည်း ထိန်းသိမ်းနိုင်စေရန်ဆိုသည့် အနေအထားဖြင့် ပြည်ထောင်စုဝန်ကြီးက မူဝါဒအရ စဉ်းစားပေးမည်ဟု ပြောကြားခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ဘုန်းတော်ကြီးသင်ကျောင်းများအား ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ပတ်သက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်တင်ပြပြီး ခွင့်ပြုချက်ရပါက ထောက်ပံ့နိုင်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးသင်ကျောင်းများရှိ ဆရာ ဆရာမများ၏ ထောက်ပံ့ကြေးတိုးမြှင့်မှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

မြစ်ဆုံနှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အမြင်ကို မေးမြန်းရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်းက မြစ်ဆုံစီမံကိန်းကိုသုံးသပ်ရန် နိုင်ငံတော်က ကော်မတီတစ်ခု ဖွဲ့စည်းလိုက်ပါကြောင်း၊ မြစ်ဆုံကိစ္စသည် သက်ဆိုင်ရာဒေသခံ ပြည်သူများ၏ဆန္ဒ၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်မှုအပေါ် မူတည်ပြီး စဉ်းစားသုံးသပ်ရမည်ဖြစ်ကြောင်း၊ အဆိုပါ ကော်မတီမှ သုံးသပ်ချက်ထွက်ရှိလာသည့်အချိန်အထိ စောင့်ဆိုင်းရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာမည့် သုံးသပ်ချက်များသည် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး၊ လူမှုစီးပွား ထိခိုက်မှုအနည်းဆုံး အဖြေတစ်ခုဖြစ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ဖြေကြားသည်။

### ဖားကန့်မြေစာပုံပြိုမှု

ဖားကန့်မြေစာပုံပြိုမှုအပေါ် အရေးယူဆောင်ရွက်မှုကိစ္စနှင့်စပ်လျဉ်း၍ အမြဲတမ်း အတွင်းဝန်က ဖားကန့်တွင် လုပ်ကွက်အသစ်များ မချတော့ကြောင်း၊ လုပ်ကွက်သက်တမ်းတိုးခြင်းကိုလည်း ရပ်တန့်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ တူးဖော်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လုံးခင်း၊ ဖားကန့်တွင် မြေစာပုံများကို သတ်မှတ်ထားသည့် လှေကားထစ်ပုံစံအတိုင်း စနစ်တကျ ပုံရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုမ္ပဏီများ အနေဖြင့် မြေစာပုံများ စနစ်တကျစုပုံခြင်းရှိ၊ မရှိ စစ်ဆေးကြပ်မတ်ရေးအဖွဲ့ ၁၁ ဖွဲ့ဖြင့် စစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း၊ စနစ်တကျမစွန့်ပစ်သည့် ကုမ္ပဏီများတွေ့ရှိပါက အရေးယူသွားမည်ဖြစ်ပြီး ဒေသခံအဖွဲ့အစည်းများအား သတင်းပေးကြရန် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ရေမဆေးသမားများနှင့်ပတ်သက်၍လည်း ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ၎င်းတို့အတွက် အလုပ်အကိုင်ဖန်တီးပေးရေးကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ပိတ်သိမ်းသွားသည့် ကျောက်မျက်လုပ်ကွက်အရေအတွက်အား သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့်က သက်တမ်းကုန်သည့် လုပ်ကွက်များကို သက်တမ်းတိုးပေးခြင်း မပြုလုပ်တော့ပါကြောင်း၊ လောလောဆယ် လုပ်ကွက်ပေါင်း ၂၀၀၀ ကျော်ခန့်ရှိပါကြောင်း၊ သက်တမ်းမကုန်သေးသည့် လုပ်ကွက်များသာ ဆက်လက်လုပ်ကိုင်လျက်ရှိပါကြောင်း ဖြေကြားသည်။

သစ်ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ခိုးယူသည့်တရားမဝင်သစ်များသည် တရုတ်နိုင်ငံသို့ အများဆုံးရောက်ရှိကြောင်း၊ တရားဝင်တင်ပို့မှုတွင် အိန္ဒိယနိုင်ငံသို့ အများဆုံး တင်ပို့ပါကြောင်း၊ သစ်အချောထည် တင်ပို့မှုတွင် လက်ရှိတင်ပို့နေသည့် ပမာဏ၏ ၁၂ ရာခိုင်နှုန်းခန့်သာ တင်ပို့နိုင်ပါကြောင်း ဖြေကြားသည်။

ဖားကန့်ရေမဆေးကျောက်တူးသမားများနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းအပေါ် ရေမဆေးကိစ္စသည် ကြီးမားသည့် အင်အားစုနှင့် ကြီးမားသည့်ပြဿနာကြီးတစ်ခုဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဖြေရှင်းရန် ခက်ခဲပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းအဖြေရှာပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းကို ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

တိုင်းဒေသကြီး၊ပြည်နယ်များတွင် ရက်(၁၀၀) အတွင်း ကာကွယ်ဆေးထိုးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ












သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန


အစိုးရသစ်၏ပထမရက် (၁၀၀) ကာလအတွင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ သတင်းထုတ်ပြန်ခြင်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးရာသီတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု Green Environment Campaign









# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၀- ၈ -၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၂၅ -ကာတွန်းအစီအစဉ်
"The Girl Who Leapt Through Time"
၇း၂၀ ကက်ဆက်ဇာတ်လမ်း
"သုံးပင်လိမ်"
၈း၃၅ MRTV Entertainment Music
၈း၄၅ ဆရာမဒေါ်သန်းမြင့်အောင်
(အပိုင်း-၁)
၉း၁၅ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉း၂၅ စိတ်ဝင်စားဖွယ်ရာ
ဟိုပုံးနယ်တစ်ခွင်မှာ
၉း၃၅ မြန်မာရုပ်ရှင်
"မှော်ရုံဒေဝါ အလန်းဖူးစာ"
၁၂း၀၀ -အစီအစဉ်ပြီး၏

**ည ၈း၂၀ Live: Premier League "West Brom Vs Everton"**

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ Hyper Sports
၈း၃၅ ပန်းပျိုးခင်း(အပိုင်း-၆)
၈း၄၅ ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်)(မဟာဂီတ)(အဆင့်မြင့်ပညာ အဆင့်)(အမျိုးသား၊ အမျိုးသမီး)
၉း၃၅ Business News
၁၀း၃၅ ကဗျာရိပ်မြုံ "ရှုတိုင်းယဉ်"
၁၀း၄၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
"ဘောစိ"
၁၁း၁၅ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး"(သစ်တော်သီး နှင့် ကြိတ်မှန်ရွက်)
၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"(အပိုင်း-၈၃)
၂း၂၀ ရုပ်ရှင်ရိုက်မယ်
(လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်)
"ကျွဲကျောင်းသားလေး၊ သားကလေးများ"
၃း၄၅ Ooredoo MNL-1 2016
ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
ရတနာပုံ FCနှင့်
ချင်းယူနိုက်တက် FC
၆း၃၅ Tasty Trip
၇း၁၅ "သူ"(အပိုင်း-၁၃)
(ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မှုံနံ့သာ)
(ဒါရိုက်တာ-ဘိုသန့်)
၇း၄၅ "တွဲလက်တူညီ ၂၀ ရာစု ပင်လုံညီလာခံဆီ"
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
-ဂီတတံခါးလေးဖွင့်ပါဦး
-နိုင်ငံခြားဇာတ်လမ်းတွဲ
"အချစ်တဲ့လား"(အပိုင်း-၃၅)
-ဂီတသမား၊ ဂီတစကား
"တစ်ခေတ်က ကော်ပီတေး"
(ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၀၀ မေတ္တာပို့
၇း၁၀ ဓမ္မပူဇာတေး
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၉း၁၀ လူတိုင်းကျန်းမာသိမှတ်စရာ
၉း၃၅ ခရီးလည်းသွားစကားလည်းဆို
၉း၅၀ ဟန်ချက်ညီညီ
နိုင်ငံတော်သစ်ဆီ
၁၀း၃၀ Cooking Art
၁၀း၄၅ Happy Time
၁၁း၁၀ English For Myanmar
၁၁း၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
-တွေ့မယ်
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မေတ္တာအသချော်
(အပိုင်း-၈၈)
၂း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ Run & Cook
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဖေဖေကြီးကိုချစ်တယ်
အပိုင်း(၄၈)
၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၁၀ စားဖို့ဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ချစ်သူတို့စိတ်ဝမ်း
အေးချမ်းပါစေ
အပိုင်း(၆၂)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- လူရွှင်တော်စတား
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
အနားမညီတြိဂံ
အပိုင်း(၂၅)

## MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "သီးလည်းသီးပွင့်လည်းပွင့်စေချင်ပါတယ်"တရားတော်
(ဆရာတော်အရှင်ဆေကိန္ဒ)
၈း၀၀ Cartoon Series(Welcome To Sky Ville)
၉း၀၀ Drive It
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၅ Star တို့ရဲ့လက်ရာ
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သူပေးတဲ့ကတိစကား"
(အပိုင်း-၃၈)
၃း၄၅ ရန်ကုန်မြင်ကွင်းကျယ်
(SP Bakery 1 Year Anniversary)
၄း၀၀ Cartoon Series
(Welcome To Sky Ville)
၄း၄၀ ခေတ်သစ်ပျိုမေ
၅း၃၀ Fashiom Week
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သူပေးတဲ့ကတိစကား"
(အပိုင်း-၃၉)
၇း၁၅ စိန်ပွဲတော် (LIVE)

ကြေးမုံ ရုပ်ရှင်အညွှန်း

# ရယ်မောခြင်းဖြင့် ပရိသတ်များ ဘဝအမောပြေစေမည့်
# 'ဘောစိ' မြန်မာအချစ်ဟာသ ရုပ်ရှင်ဇာတ်ကားကြီး



မြန်မာရုပ်ရှင်ဇာတ်ကားများကို ရုံပြိုင်စနစ်ဖြင့် ပြသလျက်ရှိရာ အေအုပ်စုဝင်ဇာတ်ကားများဖြစ်သည့် 'ရိုက်လိုက်ပါဦး ဒုန်းဒုန်းဒုန်း'နှင့် ယခုအသစ်ရုံတင်ပြသမည့် 'ဘောစိ' ဇာတ်ကားတို့ဖြစ်ပြီး ဘီအုပ်စုတွင် 'စားတယ်(ကိုတင့်တို့စုပါရပ်ကွက်-၂)' ဇာတ်ကားတို့ကို ပရိသတ်များအနေဖြင့် စိတ်ကြိုက်ရွေးချယ်ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ပြည်ဟိန်းသီဟ ပုံဖော်ရိုက်ကူးကာ ဝါရင့်သရုပ်ဆောင်များဖြစ်သည့် လူမင်း၊ ဂွမ်းပုံ၊ ခင်လှိုင်၊ ဒိန်းဒေါင်နှင့် ရတနာဗိုလ်တို့ ခေါင်းဆောင်ပါဝင်ထားသည့် 'ဘောစိ' ဇာတ်ကားကို ယခုတစ်ပတ် အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ဩဂုတ် ၁၉ ရက်တွင် စတင်ပြသသွားမည်ဖြစ်သည်။

ယင်းဇာတ်ကား၏ ဇာတ်လမ်းအကျဉ်းမှာ 'ဘောစိ'ဟူသော ဂုဏ်ပုဒ်ကို မက်မောသူ အမျိုးသားတစ်ဦးက သူဌေးအမျိုးသမီးတစ်ဦးကို လက်ထပ်ပြီး ယင်းဂုဏ်ပုဒ်ကိုရခဲ့ယူပြီး မိမိအမှန်တကယ် သဘောကျသူနှင့် တွေ့သည့်အခါ. . . .။



ပရိသတ်များ ရယ်မောခြင်းဖြင့် စိတ်အပန်းပြေ သဘောကျနှစ်သက်စေမည့် အဆိုပါ 'ဘောစိ'အဆင့်မြင့်ရုပ်ရှင်ဇာတ်ကားကြီးကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ တော့ရှိုင်ရယ် စိန်ဂေဟာ ပါရမီ၊ မင်္ဂလာစံပြ၊ မင်္ဂလာဂမုန်းပွင့်၊ ဝင်းလိုက်၊ မြို့မနှင့် မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတို့တွင် စတင်ရုံတင်ပြသသွားမည်ဖြစ်သည်။

ဘောစိ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်၊ မင်္ဂလာ(သိမ်ကြီးဈေး) မင်္ဂလာစံပြ (ဘုန်းကြီးလမ်း)၊ဂမုန်းပွင့်(စံရိပ်ငြိမ်)Junction Square , Junction မော်တင်,Top Royal (ပါရမီ)မန္တလေးမြို့ရှိ ဝင်းလိုက်၊ မြို့မ၊ JCGV၊ ပြည်မြို့ရှိ မင်္ဂလာထွန်းသီရိ၊ နေပြည်တော်ရှိ JCGV၊ ဇေယျာသီရိ၊ အောင်သပြေ၊ မော်လမြိုင်မြို့ကို JCGV၊ ပုသိမ်မြို့ရှိ ရွှေပြည်တော်ရုပ်ရှင်ရုံ၊ ဘားအံမြို့ရှိ တက်နေဝင်းရုပ်ရှင်ရုံ၊ မြဝတီမြို့ရှိ သွန်းရွှေစင်ရုပ်ရှင်ရုံ၊ ထားဝယ်မြို့ရှိ အောင်မင်္ဂလာရုပ်ရှင်ရုံ၊ တောင်ကြီးမြို့ရှိ မြသုခရုပ်ရှင်ရုံ၊ ဖန်းမော်မြို့ရှိ စတားရုပ်ရှင်ရုံ၊ ပြင်ဦးလွင်မြို့ရှိ ချယ်ရီလွင်၊ Movie Planet၊ ရေနံချောင်းမြို့ရှိ ရတနာရုပ်ရှင်ရုံ၊ ပခုက္ကူမြို့ရှိ သီဟရုပ်ရှင်ရုံ၊ လားရှိုးမြို့ရှိ သီတာအေး၊ သိန်းထိုက်၊ အောင်သီရိရုံတို့တွင် ဩဂုတ် ၁၉ ရက်မှစတင်ကာ တစ်ပြိုင်တည်းပြသလျက်ရှိသည်။

ဆက်လက်ပြီး နိုင်ငံခြားဇာတ်ကားများအနေဖြင့် နိုင်ငံတကာရုပ်ရှင်ပွဲတော်အတော်များများတွင် ပါဝင်ပြသခဲ့သည့် တောင်ကိုရီးယားဖွန်ဘီဇာတ်ကားတစ်ကားဖြစ်သည့် Train To Busan ကိုလည်း ယခုတစ်ပတ်တွင် မြန်မာပရိသတ်တို့ ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

ဒါ့အပြင် သိပ္ပံဇာတ်ကားကြိုက်နှစ်သက်သူပရိသတ်ကြီးအတွက် ဗြိတိန်နှင့်အမေရိကန်ရုပ်ရှင် အတတ်ပညာရှင်တို့ ပူးတွဲထုတ်လုပ်ထားပြီး ၂၀၁၀ ခုနှစ်က ထွက်ရှိခဲ့သည့် Alice in Wonderland ဇာတ်ကား၏ နောက်ဆက်တွဲ Alice Through The Looking Glass သိပ္ပံဇာတ်ကားကို ခံစားကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

ယင်းဇာတ်ကားသည် ယခုနှစ်၏ Teen Choice Award ဆုပေးပွဲ၏ Choice Music: Song from a Movie or TV Show ဆုအတွက် ဆန်ခါတင် ရွေးချယ်ခြင်းခံထားရသည့် အဆိုပါဇာတ်ကားကို ယခုတစ်ပတ်တွင် နေပြည်တော် Cineplex၊ မင်္ဂလာဂမုန်းပွင့်နှင့် မင်္ဂလာဒိုင်းမွန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်သည်။

**ဖြိုးစန္ဒာမြင့်**

# တောင်ကိုရီးယားဇွန်ဘီဇာတ်ကား Train To Busan ရန်ကုန်တွင် စတင်ပြသ

Train To Busan ဇာတ်ကားသည် ယခုနှစ်အတွင်း ထွက်ရှိခဲ့သည့် တောင်ကိုရီးယား ဇွန်ဘီဇာတ်ကားတစ်ကားဖြစ်ပြီး နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ဖိတ်ခေါ်ပြသခြင်းခံခဲ့ရပြီး လူကြိုက်များသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

ယင်းဇာတ်ကားကို ယခုတစ်ပတ်တွင် မြန်မာနိုင်ငံရှိ ရုပ်ရှင်ရုံများတွင်လည်း တင်ဆက်ပြသမည်ဖြစ်သည်။

Train To Busan ဇာတ်ကားသည် မိခင်ဖြစ်သူနှင့် ခွဲနေရသဖြင့် မကျေမနပ်ဖြစ်နေသည့် သမီးဖြစ်သူအား မိခင်ဖြစ်သူထံသို့ လိုက်ပို့ရန်အတွက် ဆိုးလ်ဘူတာမှ သားအဖနှစ်ဦး ထွက်ခွာလာခဲ့သည်။

ထိုစဉ် ထူးဆန်းစွာဖြင့် ရထားထွက်ချိန်မှစတင်ကာ ဆန်းပြားသည့် ရောဂါပိုးတစ်မျိုးကြောင့် ဖုတ်ကောင်များ ဖြစ်သွားကြသည့် ဇွန်ဘီများက ရထားမောင်းသူနှင့်အပေါင်းအပါများကို စတင်တိုက်ခိုက်ကြသည်။



Train To Busan ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဆက်လက်ပြီး အဆိုပါမကောင်းဆိုးဝါးများသည် ဆိုးလ်မြို့မှ ဘူဆန်မြို့သို့ မောင်းသူမဲ့စွာဖြင့် အရှိန်ပြင်းပြင်း မောင်းနှင်နေသော အဆိုပါရထားတွင် လိုက်ပါလာသူခရီးသည်များအား တိုက်ခိုက်ကြလေသည်။

ထိုအခါ သမီးဖြစ်သူနှင့် ခရီးသည်များ၏ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် ဖခင်ဖြစ်သူက အခြားသူများ၏ အကူအညီကို ရယူကာ ဖုတ်ကောင်များကို သုတ်သင်ပြီး အားလုံးအသက်အန္တရာယ်မှ လွတ်မြောက်နိုင်မည့် မြို့တစ်မြို့သို့ ရောက်ရှိလွတ်မြောက်အောင် ကယ်တင်ပုံကို ရိုက်ကူးပုံဖော်ထားသော အက်ရှင် ဇာတ်ကားတစ်ကားဖြစ်သည်။

တောင်ကိုရီးယားဒါရိုက်တာ ယောင်ဟူဆန်၏ အဆိုပါ Train To Busan ဇာတ်ကားသည် မေလအတွင်းက ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဖိတ်ခေါ်ပြသခြင်းခံခဲ့ရပြီး ယင်းဇာတ်ကားတွင် မင်းသား Yoo Gong နှင့်အတူ အသက်(၁၀)နှစ်အရွယ်ရှိ ကလေးသရုပ်ဆောင် ကင်မ်ဆူအန်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

Train To Busan ဇာတ်ကားကို မင်္ဂလာ(၂)ဒဂုံစင်တာ(၂)မြေနီကုန်း၊ နေပြည်တော်၊ မင်္ဂလာဂမုန်းပွင့်နှင့် မင်္ဂလာထွန်းသီရိအဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် ဩဂုတ် ၁၉ ရက်မှ စတင်ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင်**

## ၂၀၁၆ ရီယိုအိုလံပစ်သတင်းများ

# အမည်သစ်ရသွားတဲ့ ရှိုင်ယန်လော့ချ်၊ အူစိန်ဘို့ရဲ့ မီတာ၂၀၀ပြေးပွဲ ထပ်တိုးအောင်မြင်မှုတွေနဲ့အတူ ရီယိုအိုလံပစ် ၁၄ ရက်မြောက်နေ့ ထူးခြားချက်များ






ပြီးခဲ့တဲ့ ဩဂုတ် ၁၄ ရက်မှာ အိုလံပစ်ရွှေတံဆိပ်ဆုရှင် အမေရိကန်ရေကူးသမား ရှိုင်ယန်လော့ချ်နဲ့ ကျန်အိုလံပစ်ပြိုင်ပွဲဝင် ကစားသမားသုံးဦးက လူရမ်းကားတချို့ဟာ သူတို့ကို သေနတ်ပြောင်းနဲ့ထောက်ပြီး ပစ္စည်းတွေ လုယက်ခဲ့တယ်လို့ ဘရာဇီးရဲတပ်ဖွဲ့ကို တိုင်ကြားခဲ့ပါတယ်။ ဒါပေမယ့် ဒီစွဲချက်က လိမ်ဆယ်မှုသက်သက်သာဖြစ်ခဲ့ပြီး တကယ်က အဲဒီလိုဖြစ်ရပ်မျိုးမရှိခဲ့ဘူးလို့ ဘရာဇီးရဲတပ်ဖွဲ့ဝင်တွေက ဩဂုတ် ၁၈ ရက်မှာ အတည်ပြုခဲ့ပါတယ်။ အမေရိကန် အိုလံပစ်ကော်မတီက သူတို့ကစားသမားရဲ့ အခုလိုအပြုအမူဆိုးအတွက် တောင်းပန်ခဲ့ရသလို ဩဂုတ် ၁၉ ရက်ထုတ် နယူးယောက်ပို့စ်က ရှိုင်ယန်လော့ချ်ကို "ဆိုးသွမ်းတဲ့ အမေရိကန်နိုင်ငံသား" "လူလိမ်"လို့ မျက်နှာဖုံးတင်ကာ ဖော်ပြခဲ့ပါတယ်။ ဩဂုတ် ၁၉ ရက်နေ့အတွင်း ရှိုင်ယန်လော့ချ်ဟာ နာမည်သစ် ကင်ပွန်းတပ်ခံခဲ့ရသလို ဒီကိစ္စရပ်က အားကစားရုပ်သံလိုင်းတွေ၊ လူမှုကွန်ရက်တွေနဲ့ သတင်းစာ စာမျက်နှာတွေမှာ နေရာအယူဆုံးသတင်း ဖြစ်နေပါတော့တယ်။

နောက်ထပ်သတင်းတစ်ပုဒ်ကတော့ တားမြစ်ဆေးသုံးစွဲမှုကြောင့် ဒီနှစ် ရီယိုအိုလံပစ်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခံထားရတဲ့ ရုရှားတုတ်ထောက်ခုန်အားကစားမယ် ယီလီနာကို အားကစားသမားများရဲ့ ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးချယ်လိုက်တယ်လို့ သိရပါတယ်။ ခုလို ရွေးချယ်ခံရမှုကြောင့် ယီလီနာဟာ အိုင်အိုစီ( အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ)နဲ့ ရှစ်နှစ်တာ တိုက်ရိုက်ထိတွေ့ခွင့်ရမယ့် ကိုယ်စားလှယ်ဖြစ်လာတော့မှာပါ။ သူကတော့ ခုလိုရွေးချယ်ခံရမှုက သူ့အပေါ် အားကစားနယ်ပယ်က မိတ်ဆွေတွေ ဘယ်လောက်ထိ ဆက်လက်ယုံကြည်တယ်ဆိုတာ ဖော်ညွှန်းလိုက်တာပဲလို့ ဆိုပါတယ်။ မှန်ပါတယ်။ ယီလီနာက ကျန်ကိုယ်စားလှယ်လောင်း ၁၉ ဦးကို နောက်ကောက်ချပြီး အခုလို အားကစားသမားများရဲ့ ကိုယ်စားလှယ်ဖြစ်ခွင့် ရလာခဲ့တာဖြစ်ပါတယ်။

အမေရိကန် သံလုံးပစ်အားကစားသမား ရှိုင်ယန်ခရူဆာက ၂၈ နှစ်တာ တင်ထားတဲ့အိုလံပစ်ပြိုင်ပွဲရဲ့ စံချိန်တစ်ရပ်ကို ချိုးဖျက်နိုင်မှုနဲ့အတူ နိုင်ငံအသင်းအတွက် အိုလံပစ်ရွှေတံဆိပ်ဆုကို ထပ်တိုးရယူပေးနိုင်ခဲ့ပါတယ်။ အသက် (၂၃)နှစ်အရွယ် ခရူဆာဟာ သံလုံးကို ငါးကြိမ်ပစ်ခဲ့ရာ ၂၂ ဒသမ ၅၂ မီတာ အကွာအဝေးထိရောက်ရှိခဲ့ပြီး ဒီစံချိန်က ၁၉၈၈ ခုနှစ် ယခင်အရှေ့ဂျာမနီမှ တင်မာမန်းရဲ့ ၂၂ ဒသမ ၄၇မီတာ စံချိန်ကို ချိုးဖျက်နိုင်ခဲ့ခြင်းလည်း ဖြစ်လာခဲ့ပါတယ်။

ကမ္ဘာ့အမြန်ဆုံးလူသား အူစိန်ဘို့က မီတာ၂၀၀ ပြေးပွဲမှာ သူ့အတွက် ဒီနှစ်ရီယိုအိုလံပစ်ပြိုင်ပွဲ ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ထပ်မံရယူနိုင်ခဲ့ပြန်ပါတယ်။ ဘို့ဟာ ၁၉ ဒသမ ၇၈ စက္ကန့်နဲ့ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပေမယ့် အခုစံချိန်က သူကိုယ်တိုင်တင်ထားတဲ့ ယခင်ကမ္ဘာ့စံချိန်ထက် စက္ကန့်ဝက်ပိုများခဲ့တာကြောင့် စံချိန်သစ်ထပ်ရချင်တဲ့ သူ့ရဲ့ဆန္ဒတွေ ပြည့်ခဲ့ခြင်းတော့ မရှိပါဘူး။ အခုလို ရွှေတံဆိပ်ဆု ထပ်မံဆွတ်ခူးခဲ့တာကြောင့် သူဟာ ဘေဂျင်းအိုလံပစ်မှာ သုံးဆု၊ လန်ဒန်အိုလံပစ်မှာ သုံးဆုအပါအဝင် စုစုပေါင်း အိုလံပစ်ရွှေတံဆိပ် ရှစ်ခုအထိ ရယူနိုင်ခဲ့တဲ့ ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ဩဂုတ် ၁၉ ရက်အတွင်းမှာ ခရိုအေးရှားလှံတံပစ်မယ် ဆာရာကိုလက်ခ် ရွှေတံဆိပ်ဆု ရယူနိုင်ခဲ့သလို တရုတ်ဒိုင်ဗင်မယ် ရမ်ကိုလင်က မီတာ ၁၀ ရေငုပ်ပြိုင်ပွဲမှာ အသက်(၁၅)နှစ်အရွယ်နဲ့ ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ပြီး ထရိုင်ယာသလွန်ပြိုင်ပွဲ (ရေကူး၊ စက်ဘီးစီးနဲ့ တာဝေးပြေးပွဲ)မှာ ဂရိတ်ဗြိတိန်မှ ဘရောင်လီညီအစ်ကိုနှစ်ဦး ရွှေတံဆိပ်နဲ့ ငွေတံဆိပ်ဆုတွေ အသီးသီး ဆွတ်ခူးခဲ့မှု စတဲ့ ထူးခြားတဲ့အကြောင်းအရာတချို့ကို ဩဂုတ် ၁၉ ရက် အိုလံပစ်တစ်နေ့တာ ရက်စွဲအဖြစ် အကျဉ်းတင်ဆက်ပေးလိုက်ပါတယ်။

မေလ့သင်း

### ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံးနိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၃၅ | ၃၃ | ၃၂ | ၁၀၀ |
| ၂ | ဗြိတိန်နှင့်မြောက်အိုင်ယာလန် | ၂၂ | ၂၁ | ၁၃ | ၅၆ |
| ၃ | တရုတ် | ၂၀ | ၁၇ | ၂၂ | ၅၉ |
| ၄ | ရုရှား | ၁၃ | ၁၅ | ၁၈ | ၄၆ |
| ၅ | ဂျာမနီ | ၁၃ | ၁၈ | ၁၁ | ၃၂ |
| ၆ | ဂျပန် | ၁၂ | ၆ | ၂၀ | ၃၈ |
| ၇ | ပြင်သစ် | ၈ | ၁၂ | ၁၄ | ၃၄ |
| ၈ | အီတလီ | ၈ | ၁၀ | ၆ | ၂၄ |
| ၉ | နယ်သာလန် | ၈ | ၄ | ၄ | ၁၆ |
| ၁၀ | ဩစတြေးလျ | ၇ | ၁၁ | ၁၀ | ၂၈ |
| ၁၁ | တောင်ကိုရီးယား | ၇ | ၃ | ၈ | ၁၈ |
| ၁၂ | ဟန်ဂေရီ | ၇ | ၃ | ၄ | ၁၄ |
| ၁၃ | စပိန် | ၆ | ၂ | ၃ | ၁၁ |
| ၁၄ | ဘရာဇီး | ၅ | ၅ | ၅ | ၁၅ |
| ၁၅ | ခရိုအေးရှား | ၅ | ၂ | ၀ | ၇ |
| ၁၆ | ဂျမေကာ | ၅ | ၀ | ၂ | ၇ |
| ၁၇ | နယူးဇီလန် | ၄ | ၈ | ၃ | ၁၅ |
| ၁၈ | ကင်ညာ | ၄ | ၄ | ၀ | ၈ |
| ၁၉ | ကနေဒါ | ၄ | ၃ | ၁၂ | ၁၉ |
| ၂၀ | ကာဇက်စတန် | ၃ | ၅ | ၇ | ၁၅ |

မှတ်ချက် -
၁၉-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ညနေ - ၆ နာရီ ရလဒ်များဖြစ်ပါသည်။
ဇော်ဝင်း

## ဘန်တီကီအတွက် ပေါင် ၃၂ သန်းပေးချေဖို့ အသင့်ရှိနေတဲ့ ခရစ္စတယ်ပဲလေ့စ်



ပရီမီယာလိဂ်ကလပ် ခရစ္စတယ်ပဲလေ့စ်သည် လီဗာပူးတိုက်စစ်မှူး ဘန်တီကီအတွက် ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းအထိ ပေးချေရန် သဘောတူခဲ့ကြောင်း စကိုင်းစပို့စ်သတင်းဌာနက ဖော်ပြသည်။ လီဗာပူးနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့သည် လန်ဒန်မြို့တွင် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် သဘောတူညီချက်ရရှိခဲ့ရာ ဆေးစစ်မှုကို ဆက်လက်ပြုလုပ်သွားရန်ရှိနေကြောင်းလည်း သိရသည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့်နွေဈေးကွက်တွင် ဘန်တီကီအား အက်စ်တွန်ဗီလာအသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ၃၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး တစ်ရာသီအကြာမှာပင် ပြန်လည်ရောင်းချသွားရန် အခြေအနေ နီးစပ်နေခြင်းဖြစ်သည်။ ဩဂုတ်လဆန်းပိုင်းကပင် လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်က ဘန်တီကီမှာ အသင်းပြောင်းရန် နီးစပ်နေသည်ဟူသော သတင်းများကို ငြင်းဆန်ခြင်းမပြုခဲ့ပေ။

သတင်းရင်းမြစ်များ၏အဆိုအရ တရားဝင်ပြောင်းရွှေ့ကြေးမှာ ပေါင် ၂၇ သန်းဖြစ်ပြီး ဘန်တီကီ၏ ခြေစွမ်းအပေါ်မူတည်၍အခြား ခံစားခွင့်အနေဖြင့် ပေါင်ငါးသန်း ထပ်တိုးရရှိမည်ဖြစ်သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းသည် မူလက ဘန်တီကီအတွက် ပေါင် ၂၃ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ လီဗာပူးဘက်မှ ပယ်ချခဲ့ပြီးနောက် ပိုမိုမြင့်မားသော ပြောင်းရွှေ့ကြေးဖြင့် ထပ်မံကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

## ဂါမီရိုမှာ ပထမဦးစားပေး ရွေးချယ်မှုမဟုတ်ကြောင်း ဆီမြွန်နီဝန်ခံ

အက်သလက်တီကိုအသင်းနည်းပြ ဒီယေဂိုဆီမြွန်နီက အသစ်ခေါ်ယူထားသည့် ပြင်သစ်တိုက်စစ်မှူး ဂါမီရိုမှာ သူ၏ ပထမဦးစားပေးကစားသမားခေါ်ယူမှု မဟုတ်ကြောင်း ဝန်ခံလိုက်သည်။ ဆီဗီလာ တိုက်စစ်မှူးဟောင်း ဂါမီရိုသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် သွင်းဂိုး ၂၉ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာကသာ ဆီမြွန်နီ၏ ပထမဦးစားပေး ခေါ်ယူချင်သည့် ကစားသမားဖြစ်ကြောင်း သိရသည်။

"ကျွန်တော်ရဲ့ ပထမဦးစားပေးပစ်မှတ်က ကော်စတာပါ။ ဒါကို ဂါမီရိုလည်း ရှင်းရှင်းလင်းလင်း သိပါတယ်။ သူ(ဂါမီရို)နဲ့ ကျွန်တော် ဖုန်းပြောတုန်းက ကျွန်တော့်အနေနဲ့ ကော်စတာကို ပြန်ခေါ်ချင်တယ်။ ဒါပေမယ့် အဆင်မပြေတာကြောင့် သူ့ကို ခေါ်ယူဖို့ ရွေးချယ်ခဲ့တယ်ဆိုတာကို ရှင်းပြခဲ့ပြီးသားပါ"ဟု ဆီမြွန်နီက ဆိုသည်။

အက်သလက်တီကိုအသင်းသည် အသင်း၏ တိုက်စစ်မှူးဟောင်း ကော်စတာကို ခေါ်ယူရန် တောက်လျှောက်ကြိုးပမ်းခဲ့သလို ကော်စတာကိုယ်တိုင်ကလည်း ချယ်လ်ဆီးမှ ထွက်ခွာလိုကြောင်း တောင်းဆိုခဲ့သည်။ သို့သော် ချယ်လ်ဆီးနည်းပြသစ် ဖြစ်လာသူ ကွန်တီက ကော်စတာအား ထွက်ခွာခွင့်မပေးလိုဘဲ အသင်းတွင် ထိပ်တန်းတိုက်စစ်မှူးတစ်ဦး ဖြည့်ဆည်းပြီးမှသာ အပြောင်းအရွှေ့ဖြစ်လာမည်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

## မျှော်မှန်းထားသည်ထက် လေးလစောပြီး ဝဲလ်ဘတ် ပြန်ကစားနိုင်မည်

အာဆင်နယ်တိုက်စစ်မှူး ဝဲလ်ဘတ်မှာ ပြီးခဲ့သည့်မေလအတွင်းရရှိခဲ့သည့် ဒူးဒဏ်ရာပြဿနာကြောင့် တစ်နှစ်ကြာအနားယူရတော့မည်ဟု မျှော်မှန်းထားသော်လည်း ယခုအခါ လေးလစောပြီး ခရစ္စမတ်ကာလမှာပင် ပြန်လည်ကစားနိုင်တော့မည်ဖြစ်သည်။ ဝဲလ်ဘတ်မှာ အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်၌ ဒဏ်ရာရရှိခဲ့ပြီးနောက် ယူရို-၂၀၁၆ ပြိုင်ပွဲတွင်လည်း အင်္ဂလန်အသင်းအတွက် ဝင်ရောက်ကစားနိုင်ခြင်းမရှိခဲ့ပေ။ သို့သော် ဝင်းဂါးက ဝဲလ်ဘတ်မှ ခြေထောက်ကောင်းကောင်း ထောက်နိုင်ပြီဖြစ်သလို ဓာတ်မှန်စစ်ချက်အရ ရှစ်လသာ အနားယူရတော့မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

### လှုပ်လှုပ်ရှားရှား ပြည်တွင်းအားကစား

## (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

(၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဖူဆယ်အားကစားရုံ၌ ယနေ့ နံနက် ၈ နာရီမှစတင်၍ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲတွင် (၄၅-၄၉)ကီလို၊ (၄၉-၅၃)ကီလို၊ (၅၃-၅၇)ကီလို၊ (၅၇-၆၁)ကီလို၊ (၆၁-၆၅)ကီလို၊ (၆၅-၆၉)ကီလိုနှင့် (၆၉)ကီလိုအထက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြပြီး အမျိုးသမီး ဗန်တိုအတိုက်ပြိုင်ပွဲတွင် (၄၅-၄၉)ကီလို၊ (၄၉-၅၃)ကီလို၊ (၅၃-၅၇)ကီလိုနှင့် (၆၁-၆၅)ကီလိုပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသားဓားသိုင်း ဓားတစ်လက်အတိုက်ပြိုင်ပွဲတွင် (၄၅-၅၀)ကီလိုပြိုင်ပွဲ၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲတွင် (၅၅-၆၀)ကီလိုပြိုင်ပွဲ၊ အမျိုးသမီးဓားသိုင်း ဓားတစ်လက်အတိုက်ပြိုင်ပွဲတွင် (၄၀-၄၅)ကီလို၊ အမျိုးသမီးဓားနှစ်လက်အတိုက်ပြိုင်ပွဲတွင် (၅၀- ၅၅)ကီလိုပြိုင်ပွဲများနှင့် အမျိုးသားအသင်းလိုက်စွမ်းရည်ပြပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**(မောင်မောင်ဇော်)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

**သောကြာဋီကာ**

ဩဂုတ်လ ၁၂ ရက်နေ့က သောကြာနေ့။ သောက်ရင် ကြာတဲ့နေ့ကပေါ့ ခင်ဗျာ။

အခုခေတ်မယ် လူငယ်အတော်များများက TGIF လို့တောင် ပြောနေကြပါပြီ။ အနက်ကတော့ "ကနေ့ သောကြာနေ့ဖြစ်တာ ဘုရားမတာပဲ" (Thank God It's Friday) ပေါ့ဗျာ။ တနင်္လာမှသည် သောကြာတိုင်အောင် အလုပ်တွေလုပ်ကြ၊ အဲတော့သောကြာနေ့ ရောက်လာပျော်စရာ၊စနေ၊ တနင်္ဂနွေနှစ်ရက်နားရတော့မှာ။ အဲဒီတော့ ကနေ့သောကြာနေ့ဖြစ်နေတာကိုက ဝမ်းသာစရာဆိုတဲ့ သဘောပေါ့။ အဲဒီတော့လည်းသောကြာနေ့ဆို ဝန်ထမ်းလူငယ်တွေဟာ ခေတ်ကာလအလျောက် အပြိုင်းအရိုင်းပေါ်ထွန်းလာတဲ့ ယမကာဆိုင် အမျိုးမျိုးဆီကို ရုံးဆင်းတာနဲ့ သုတ်ခြေတင်ကြပါတော့တယ်။

ခေတ်ကာလ သားသမီးနှစ်ယောက်ကို မွေးထားတဲ့ ကျွန်တော်တို့လည်း သောကြာနေ့ဆို အိမ်ကသမီးနဲ့ သားကိုဘေးမဲ့ပေးထားပါတယ်။ ဘေးမဲ့ပေးထားဆို အကြီးက(၂၇)နှစ်၊ အငယ်က(၂၅)နှစ်တောင် ရှိနေကြမှကိုး။ ကျွန်တော်တို့ ယဉ်ကျေးမှုအရသာ မိဘနဲ့တစ်အိမ်တည်း နေနေကြသေးတာ၊ တခြားယဉ်ကျေးမှု တွေမှာဆို သူတို့တွေ ကိုယ့်ဘာသာကို အိမ်ခွဲနေနေကြတာ၊ အနည်းဆုံးတော့ ၈ နှစ်၊ ၉ နှစ် ရှိလောက်ပြီဆိုတော့လည်း လုပ်ကြပေါ့။ အေးဆေးပါ။ နှစ်ယောက်စလုံးကလည်း ကိုယ့်ဝင်ငွေနဲ့ကိုဖြစ်နေကြပြီဆိုတော့ ပြောစရာမလိုတော့ ဘူးလေ။

အဲဒီတော့သူတို့ရဲ့ သောကြာနေ့များဟာ သောက်ရင်ကြာတဲ့ နေ့တွေပေါ့။ သန်းခေါင်ကျော်မှ ပြန်လာတာတွေဟာလည်း ကျွန်တော်တို့အတွက် ရိုးနေပါပြီ။ မအေမိဘဆိုတော့လည်း စိတ်ကလေးကတော့ အပူသား၊ လမ်းမှာများဘာဖြစ်နေကြလဲ၊ ဘယ်နားများမူးပြီး ခွေနေကြမလဲဆိုတာလည်း ခပ်ပူပူပေမယ့် တတ်နိုင်ဘူး။ ပြန်မလာသေးရင် မလာဘူးလို့မှတ်၊ ပြန်လာရင်လာတယ်လို့မှတ်။ ယောနိသောမနသီမကာယချင်လည်း ကာယနေကြရတဲ့ မိဘတို့ရဲ့ ဘဝ။

အဲ. . ကျွန်တော့်ကံများကောင်းချင်တော့ ကျွန်တော်ကအဲဒီ ဩဂုတ်လ ၁၂ ရက် သောကြာနေ့မှာ တစ်မြို့တစ်ရွာရောက်နေတယ်။ အဟဲ. . ကျွန်တော်လည်း တစ်ပတ်လုံးဟောဟဲလိုက်အောင် အလုပ်လုပ်ခဲ့ရတာမို့ သောကြာနေ့ဟာဘုရားမတာပဲဆိုပြီး သောက်တော့တာပေါ့ဗျာ။ သို့သော် အဲဒီနေ့က လူမှားပေါင်းမိတဲ့အတွက် စသောက်ချိန်ကိုက နောက်ကျနေတယ်။ ပြီးတော့ မိတ်ဆွေသစ်နဲ့ နှစ်ယောက်သား သောက်လိုက်ကြတာ တစ်လီတာရဲ့ သုံးပုံနှစ်ပုံ

လူတွေမှာ စေတနာဆိုတာ သိပ်ကိုနည်း လာကြပြီ။ ပစ္စည်းတစ်ခုခုကောက်ရတဲ့ အခါ ကိုယ်နဲ့မသက်ဆိုင်တာမို့ စေတနာ ထားပြီး ပြန်ပေးရကောင်းမှန်း သိတဲ့သူ တွေလည်း နည်းလာပြီလို့ထင်တယ်။




ပါတဲ့ပုလင်းဟာ ဖင်ကပ်ပဲကျန်တယ်။ကိစ္စပြတ်လို့ ဟိုတယ်ပြန်ရောက်ချိန်က နာရီပြန်တစ်ချက်။ ပြောပကော၊ သောက်ရင်ကြာတဲ့နေ့ပါ ဆိုမှ။

**သောက်တာ ကြာမှတော့ ပျောက်တာ နှစ်ခါမြောက်ပြီပေါ့**

နောက်တစ်ရက် စနေနေ့နေ့ခင်း ကျွန်တော့်အိမ်သူဆီဖုန်းဆက်တော့ ကျွန်တော့်အိမ်သူရဲ့ အသံကမကောင်းဘူး။ အိပ်ရာက နိုးပြီးဖြေတဲ့ အသံဖြစ်နေတယ်။ ဒါနဲ့မေးကြည့်တော့ မနေ့ညကသမီးနဲ့ သားမက်ကသောက်တာကြာသွားပုံများ မနက် ၄ နာရီထိုးမှ အိမ်ပြန်ရောက်လာသတဲ့။ (သားကတော့ အိမ်နီးချင်းနိုင်ငံဆီအလည်သွားနေတာမို့ အိမ်မှာမရှိဘူးခင်ဗျ။) ပြီးတော့ သမီးကိုင်နေတဲ့ အပေါင်းခြောက် အိုင်ဖုန်းပျောက်လာခဲ့သတဲ့။ အဲဒီမှာ ကျွန်တော့်အိမ်သူ မအိပ်ရဖြစ်သွားတာဆိုပဲ။

သမီးဖုန်းပျောက်တာ ဒါဒုတိယအကြိမ်ပါ။ ၂၀၀၉ ခုနှစ် နှစ်ဆန်းဆန်းချင်းမှာတစ်ခါပျောက်ခဲ့ပြီးပါပြီ။ အဲဒီတုန်းကဖုန်းကတ် တစ်ကတ်ရဲ့တန်ဖိုးက ငါးသိန်းခင်ဗျ။ ဖုန်းကသိပ်မတန်ဘူး။ တစ်သိန်းကျော်လေးသာ ပေးရတဲ့ ဆိုနီဖုန်းလေး။ အဲဒီတုန်းက"တတ်လွန်းပ့ါ"ဖုန်းတွေ သိပ်မတွင်ကျယ်သေးဘူး။ အင်တာနက်ကို ဖုန်းနဲ့တွင်တွင်ကျယ်ကျယ် မသုံးကြသေးတဲ့အချိန်။ ခုကျတော့ ဖုန်းကတ်တန်ဖိုးက သိတော်မူကြတဲ့အတိုင်း ကျပ် ၁၅၀၀ ပဲပေးရတဲ့ ကာလ။ (ဒါတောင် သမီးရဲ့အခုတစ်ခါ ပျောက်သွားတဲ့ ဖုန်းထဲကကတ်ဟာ နှစ်သိန်းခွဲပေးထားရတဲ့ ကတ်ဖြစ်ပြန်တယ်။ သိတယ်မဟုတ်လား၊ မြန်မာပြည်မှာ အဲဒီခေတ်က ပါလေရာဖုန်းဆိုတာ သဲကန္တာရထဲကသစ်ကုလားအုပ်လိုပဲ။ ပထမဆုံးက ငါးသိန်းပေးရတယ်။ ဖုန်းကတ်သာမကဖုန်းလေးပါ ပြန်ရတယ်။ နောက်ပိုင်းကျ ဖုန်းကတ်ပဲငါးသိန်း၊ ဖုန်းမပေးတော့ဘူး။ နောက် ၁၅ သိန်း။ ပြန်လျှော့တော့လည်း သဲကန္တာရက သစ်ကုလားအုပ် တဲထဲက ပြန်ထွက်နည်းပဲ။ ငွေကျပ် ၁၅ သိန်းကငါးသိန်း၊ ငါးသိန်းက နှစ်သိန်းခွဲ၊ နှစ်သိန်းခွဲကမှ ဖုတ်ဆို ၁၅၀၀ ဖြစ်သွားတာ။ တိုင်းသူပြည်သားအပေါ် စေတနာ ရေစီးကမ်းပြိုလိုက်စွာစီမံသွားကြပုံလေးကစီမံရေးရာ နိုဘယ်လ်ဆုကြီးတောင် ပေးချင်စရာဗျား။)

အဲ. . နောက်တိုးသိရတဲ့ သတင်းကလည်းဝမ်းသာစရာပါခင်ဗျာ။ သမီးက ဖုန်းပျောက်ခဲ့သလို သမီးရဲ့ခင်ပွန်း ကျွန်တော့်ရဲ့သမက်တော်ကလည်း ပိုက်ဆံအိတ်ပါ ပျောက်ခဲ့ပါသတဲ့။ ပိုက်ဆံကတော့ သောင်းဂဏန်းလောက်သာကျန်တော့ပေမယ့် ယာဉ်မောင်းလိုင်စင်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့လည်းပါသွားပါသတဲ့။ ကျွန်တော်ရယ်မိတယ်။ ရတနာရှိရာ ရတနာစုတယ်လို့ပဲ ပြောရမလား၊ နတ်ဖက်တဲ့ လင်မယားဆိုပြီးပဲ ထောမနာပြုရမလား စဉ်းစားရင်းနဲ့ပေါ့။

**"တတ်လွန်းပ့ါ" ဖုန်းများရဲ့ တန်ခိုးတော်**

ထားပါတော့ဗျာ။ ရှည်နေတဲ့ လေကို ချုံ့ရရင်တော့ အခုခေတ် "တတ်လွန်းပ့ါ" ပါလေရာဖုန်းတွေဟာ အတော်စွမ်းတယ်ခင်ဗျ။ သမီးကိုင်နေတဲ့ အပေါင်းခြောက်အိုင်ဖုန်းဆိုတာတော့ ပန်းသီးဖုန်းထဲမှာ နောက်ဆုံးပေါ်။ သူကလည်းလွှတ်တတ်ပဲ။ ဖုန်းသာပျောက်သွားတယ်။ အဲဒီဖုန်းဘယ်နေရာမှာရှိနေတယ်ဆိုတာကို မြေပုံနဲ့ခြေရာခံလို့ရသတဲ့ဗျိုး။ အံ့ဘနန်းပါပဲဗျာ။ ဖုန်းဆက်ကြည့်ကြတော့ ဟိုဘက်ကမကိုင်ဘူး။ ဆက်ပါများတော့ ဖုန်းကိုပိတ်လိုက်တယ်။ ဒါနဲ့ စနေတစ်နေ့လုံး ခြေရာခံကြပါတယ်။ ဖုန်းဖွင့်ထားပြီဆိုတာနဲ့ ခြေရာကောက်လို့ရပါသတဲ့။

ကံကောင်းချင်တော့ အဲဒီမိနေတဲ့ခြေရာက ကျွန်တော်တို့အိမ်နဲ့ မလှမ်းမကမ်းမှာ ဖြစ်နေတယ်။ ကားနဲ့သွားရင် သုံးမိနစ်အတွင်းလောက်ရောက်နိုင်တဲ့နေရာ။ သို့သော် အနီးတစ်ဝိုက်ကိုသာ သိနေရပြီး အတိအကျက ရှာမတွေ့ဖြစ်နေတယ်။ စနေတစ်နေ့လုံး အခက်တွေ့နေတယ်။ တနင်္ဂနွေ မနက်ကျတော့ ခြေရာပြန်ပေါ်လာတယ်။ ဒါနဲ့ကျွန်တော့်သမီးတို့ လိုက်ကြရပြန်တယ်။ သည်တစ်ခါမှာတော့ သူတို့ကံကောင်းသွားတယ်။ ဖုန်းရှိနေတဲ့နေရာကို အပ်ကျမတ်ကျတွေ့တယ်။

ရှည်နေတာကိုတိုအောင် ထပ်ချုံ့ရရင်တော့ ဖုန်းကိုသာမက သမက်တော်ရဲ့ ပိုက်ဆံအိတ်ကိုပါ ပြန်ရလာခဲ့ကြပါတယ်။ သမက်ရဲ့ ပိုက်ဆံအိတ်ကိုတော့ ကောက်ရကတည်းက ပိုက်ဆံမပါဘူးလို့ ပြန်ပေးသူများက ပြောပါသတဲ့။ ပြီးတော့ပြန်ပေးတဲ့အတွက် ငွေလိုချင်ကြောင်း ရေလာမြောင်းပေးစကားတွေပြောတဲ့အတွက် ပိုက်ဆံတစ်သိန်းပေးခဲ့ကြပါသတဲ့။ မြေပုံနဲ့ ခြေရာခံရင်းသူတို့ ပြန်တွေ့တဲ့နေရာက အထင်ကရရပ်ကွက်ကြီးနားက ကျူးကျော်တဲလေးတွေ ရှိရာအရပ်ပါတဲ့။

**မိန်းမမေတ္တာပကာသနီ**

ဒါကတနင်္ဂနွေနေ့ နေ့ခင်းမှာ ကျွန်တော့်အိမ်သူက ကျွန်တော့်ဆီ သတင်းပို့တာပါ။ သတင်းပို့ရင်းနဲ့ ကျွန်တော့်အိမ်သူက သူ့အကြံကိုပြောပြပါတယ်။ အဲဒီပြန်ပေးသူ မိသားစုဆီကို ဟင်းကောင်းကောင်းတွေ ချက်ပြီးပို့ပေးချင်တယ်တဲ့။

ကျွန်တော့်ပါးစပ်က လွှတ်ခနဲထွက်သွားပါတယ်။ "ဘာလို့ပို့မှာတုန်း။ ပိုက်ဆံတစ်သိန်းတောင် ပေးပြီးပြီလေ"လို့။

ကျွန်တော့်အိမ်သူ ပြန်ပြောတဲ့စကားက ကျွန်တော့်ကို သည်ဆောင်းပါးရေးဖြစ်စေခဲ့သလို သည်ခေါင်းစဉ်ကိုလည်း ပေးဖြစ်စေခဲ့ပါတယ်။

"မဟုတ်ဘူးလေ။ လူတွေမှာ စေတနာဆိုတာ သိပ်ကိုနည်းလာကြပြီ။ ပစ္စည်းတစ်ခုခုကောက်ရတဲ့အခါ ကိုယ်နဲ့မသက်ဆိုင်တာမို့ စေတနာထားပြီး ပြန်ပေးရကောင်းမှန်း သိတဲ့သူတွေလည်း နည်းလာပြီလို့ထင်တယ်။ ပစ္စည်းကောက်ရခြင်းဟာ ငါ့အတွက်ငွေတွင်းပဲဆိုတဲ့ အတွေးတွေနဲ့ လူတွေများလာသလားလို့။ အဲဒါကြောင့် ငွေထက်ပိုတဲ့နည်းနဲ့ သူတို့ကိုစေတနာ အရသာခံစားရအောင် လုပ်ပေးချင်လို့ရှင့်"တဲ့။

ဟား. . ကျွန်တော်ဖြုံသွားပါတယ်။ ကျွန်တော် မတွေးမိတာကို သူတွေးပြလိုက်တာ။ တော်လှချည်လား။ အနားမှာရှိနေရင် ကျွန်တော့်ထက် ခုနစ်နှစ်ငယ်တဲ့သူ့ကို ထိုင်ပြီးဦးတောင်ချမိမလားပဲ။ တကယ်ရိုသေသွားပါတယ်ဗျာ။

ဟုတ်ပါရဲ့။ လူတွေမှာ စေတနာ နည်းလာကြပြီ။ ကိုယ်ကျိုးတွေ သိပ်မျှော်လာကြပြီ။ အဲဒါကိုအပြစ်တွေ ထိုင်ပြောနေမယ့်အစား ကိုယ်နိုင်သလောက်ကလေး စေတနာလေးတွေ ပြသရင်းနဲ့ စေတနာလက်ဆင့်ကမ်းလေးတွေ နှိုးဆော်တာက ပိုမထိရောက်နိုင်ဘူးလား။ လူဆိုတာခံစားတတ်သူချည်းပါ။ ကိုယ်ခံစားရရင် သူတစ်ပါးကိုလည်း အဲဒီအရသာကို လက်ဆင့်ကမ်းပြီး ပြန်ပေးချင်တဲ့ သဘာဝက လူတိုင်းမှာရှိပါတယ်။ စေတနာနည်းတဲ့၊ စေတနာကန်းတဲ့ ဝန်းကျင်မှာ ကျွန်တော်တို့နေနေရတယ်။ အဲဒီဝန်းကျင်ကိုအပြစ်မတင်ဘဲ ကျွန်တော်တို့တစ်ဦးချင်းစီကပဲ ကိုယ်တတ်နိုင်တဲ့အတိုင်းအတာနဲ့ စေတနာလေးတွေပြရင်း စေတနာနိုးလာအောင် ဝိုင်းနှိုးသွားကြမယ်ဆိုရင်-

ကျွန်တော်မတွေးမိတာကို တွေးဖြစ်အောင် အမှတ်မထင် ပြောခဲ့တဲ့ ကျွန်တော့်အိမ်သူ၊ ကျွန်တော့်မိန်းမရဲ့ မေတ္တာစေတနာကို အလေးပြုရင်း သည်စာကို ကျွန်တော်ရေးလိုက်ပါတယ်။ စိတ်ကူးယဉ်လွန်းလိုက်တာလို့ ပြောချင်လည်း ပြောကြပါလိမ့်မယ်။ သို့ပေသည့် အားလုံးအတွက် တွေးဆဆင်ခြင်စရာတစ်စုံတစ်ရာ ရသွားတန်ကောင်းရဲ့လို့တော့ မျှော်လင့်မိပါတယ်ခင်ဗျား။ ။

## KBZ Bank U-19 Cup ပြိုင်ပွဲအတွက် စပွန်ဆာစာချုပ် ချုပ်ဆို

**ရန်ကုန် ဩဂုတ် ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ KBZ Bank က အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် KBZ Bank U-19 Cup 2016 ပြိုင်ပွဲ စပွန်ဆာစာချုပ်ပွဲနှင့် ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက MFF ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် CEO ဦးဘုန်းနိုင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး KBZ Group of Companies မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်က စပွန်ဆာပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် CEO ဦးဘုန်းနိုင်ဇော်နှင့် KBZ Group of Companies မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်တို့ စပွန်ဆာစာချုပ်ချုပ်ဆိုပြီး စာချုပ်များလဲလှယ်ကြသည်။

ယင်းနောက် တက်ရောက်လာသော မီဒီယာများ၏ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။ KBZ Bank သည် ယခု ယူ-၁၉ ပြိုင်ပွဲအပြင် မလေးရှားဆီးဂိမ်း မတိုင်မီကျင်းပမည့် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲအတွက်ပါ Title Sponsor အဖြစ် ပံ့ပိုးကူညီမည်ဖြစ်သည်။

အာဆီယံယူ-၁၉ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသည်။ KBZ Bank U-19 Cup ပြိုင်ပွဲကို အိမ်ရှင်မြန်မာအသင်းအပါအဝင် ထိုင်းယူ-၁၉ အသင်း၊ ဗီယက်နမ်ယူ-၁၉အသင်း၊ ဂျပန်ဒုတိယတန်းကလပ်ဆာပေါ်ရို ယူ-၁၈ အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပကာ အမှတ်အများဆုံး နှစ်သင်းဗိုလ်လုပွဲနှင့်အဆင့် ၃၊ ၄ အသင်းမှာ တတိယနေရာလုပွဲ ကစားရမည် ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**



# မကွေးမြို့ကမ်းနားလမ်းဘေးရှိ အရိပ်ရသစ်ပင်ကြီး အောက်က စာသင်ဝိုင်း



**မကွေး ဩဂုတ် ၁၉**
အကြောင်းအမျိုးမျိုးကြောင့် လမ်းပေါ်တွင် အလုပ်လုပ်ကိုင်နေရသော ကလေးများကို မကွေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ စုစည်းပြီး မကွေးမြို့ ကမ်းနားလမ်းဘေးရှိ အရိပ်ရသစ်ပင်ကြီးအောက်တွင် စာသင်ဝိုင်းပြုလုပ်၍ စာသင်ကြားပေးနေကြောင်း သိရသည်။

မိဘများချို့တဲ့၍ လမ်းပေါ်တွင် အမှိုက်ကောက်၊ ပလတ်စတစ်ကောက်ပြီး လမ်းပေါ်မှာ စီးပွားရှာ၍ ကျောင်းမနေနိုင်သော ကလေးငယ်များကို စာပေသင်ကြားခြင်း၊ လိမ္မာယဉ်ကျေးမှုသင်ပြပေးခြင်း၊ အာဟာရကျွေးမွေးခြင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ မြှင့်တင်ပေး မှုများကို မကွေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက ဇူလိုင် ၁ ရက်က စတင်အကောင်အထည်ဖော် သင်ကြားပေးခဲ့ကြောင်း အဆိုပါစာသင်ဝိုင်း ဦးဆောင်သူ ကိုကျော်ဖြိုးဒီဇင်ထိုက်က ပြောသည်။

ဒီကလေးတွေကို လွယ်လွယ်ကူကူ စုစည်းလို့ ရခဲ့တာတော့ မဟုတ်ပါဘူး။ တချို့ကလေးတွေက အိမ်ရဲ့ ဝင်ငွေကို အဓိက ရှာနေကြရတာဆိုတော့ မိဘတွေရဲ့ ဆူပူကြိမ်းမောင်းရိုက်နှက်တာတွေရှိခဲ့လို့ အိမ်တိုင်ရာရောက် ကလေးတွေရဲ့ မိဘတွေနဲ့ တွေ့ဆုံဆွေးနွေးပြီးမှ စာသင်ဝိုင်းလေးဆီကို ခေါ်လို့ရခဲ့တာပါဟု ဆက်လက်ပြောသည်။

အဆိုပါ ပလက်ဖောင်း စာသင်ဝိုင်းဖြစ်မြောက်ရန်အတွက် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ စုပေါင်းလှူဒါန်းမှုနှင့် စေတနာရှင် အလှူရှင်များ စုပေါင်းကူညီမှုဖြင့် ကလေးများအား အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စာသင်ဝိုင်းကို တစ်ပတ်လျှင် ဗုဒ္ဓဟူးနေ့ တစ်နေ့သာ ပိတ်ရက်ပြုလုပ်ကာ ကျန်ရက်များတွင် ညနေ ၃ နာရီခွဲမှ ၅ နာရီခွဲအထိ တစ်နေ့ နှစ်နာရီကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့လည်း တက္ကသိုလ်ရောက်အောင်တော့ မထားနိုင်ပါဘူး။ ဒါပေမယ့် ပုံမှန်ကလေးတွေနဲ့စာရင် ဒီကလေးတွေက ကလေးအခွင့်အရေးတွေ မရရှိတဲ့အတွက် ကျွန်တော်တို့ တတ်နိုင်သလောက် ဒီကလေးတွေကို စာရေးတတ်၊ ဖတ်တတ်အောင်နဲ့ အသိဉာဏ်ပညာရရှိပြီး လူမှုနယ်ပယ်မှာ ဝင်ဆံ့အောင် တတ်နိုင်သရွေ့ ဆောင်ရွက်ပေးသွားမှာပါ" ဟု ကိုကျော်ဖြိုးဒီဇင်ထိုက်က ပြောသည်။

အဆိုပါ စာသင်ဝိုင်းတွင် မကွေးမြို့ ကမ်းနားလမ်းဘေးမှ ကလေးများ၊ ရေလုပ်သား သားသမီးများ၊ ဆုံရပ်ကွက်မှ ကလေးများ အသက်ခုနစ်နှစ်မှ ၁၄ နှစ်အတွင်းရှိ ကလေးငယ် ၄၀ ခန့် လာရောက် စာသင်ကြားခဲ့ကြကြောင်းသိရပြီး ၎င်းကလေးများထဲ၌ ကျောင်းနေသည့် ကလေးများပါသလို ကျောင်းမနေသော ကလေးများလည်းပါရှိသည်ဟု သိရသည်။

စာသင်ဝိုင်းတွင် လာရောက်စာသင်ကြားနေသော မကွေးမြို့ဆုံရပ်ကွက်ထဲမှ မနေနေက "သမီးက ကော်ဘူးကောက်တာပါ။ တစ်နေ့ ကျပ် ၄၀၀၀ ဖိုးရရင် အိမ်ပြန်လို့ရတယ်။ ဆရာ၊ ဆရာမတွေ စာမသင်ခင် ကျပ် ၄၀၀၀ ဖိုးရအောင် ကြိုးစားကောက်ထားတာပါ။ စာသင်ဝိုင်းက ဆရာတွေ၊ ဆရာမတွေက မုန့်လည်းကျွေးတယ်၊ ထမင်းလည်းကျွေးတယ်၊ စာတွေသင်ပေးတယ်၊ ယဉ်ကျေးလိမ္မာအောင်လည်း သင်ပေးတဲ့အတွက် ပျော်ပါတယ်။ ကျောင်းမနေဖူးပါဘူး၊ အခု ကိုယ့်နာမည်တစ်လုံး ရေးတတ်နေပါပြီ" ဟု ပြောသည်။

အဆိုပါ စာသင်ဝိုင်းကို ဦးဆောင်သူ ကိုကျော်ဖြိုးဒီဇင်ထိုက်က "ကျွန်တော့်မိဘတွေက ဆင်းရဲတဲ့အတွက် ကျွန်တော်ငယ်ငယ်က စာသင်ကြားရာမှာ မပြည့်မစုံနဲ့ ကောင်းကောင်းသင်ကြားနိုင်ခွင့် မရှိခဲ့ပါဘူး။

ဒါပေမယ့် ကျွန်တော့် မိဘတွေက ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ပေးတဲ့အတွက် ကျေးဇူးတင်ရပါတယ်။ ကိုယ့်ဘဝလို့ စာနာပြီး ဒီစာသင်ဝိုင်းလေးဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့တာပါ။ ကိုယ်တတ်နိုင်သရွေ့ ကလေးတွေကို ကူညီခွင့်ရတဲ့အတွက် ဝမ်းသာရပါတယ်" ဟု ပြောသည်။

**သန်းနိုင်ဦး(ငဖဲ)**

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုကျင်းပ

**မောက်မယ် ဩဂုတ် ၁၉**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာန သူနာပြုအဆင့်(၁) ဒေါ်ချိုချိုလွင်က ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးများအား အာဟာရတိုက်ကျွေးခြင်းလုပ်ငန်းဆိုင်ရာများအကြောင်းနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး အကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဆရာမ ဒေါ်နန်းစိမ်းနုက မိခင်နို့စနစ်တကျ တိုက်ကျွေးရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးတွဲဖက်အတွင်းရေးမှူး ဒေါ်နန်းညိုမြက အိုင်အိုဒင်းဆားအသုံးဝင်ပုံနှင့် ခန္ဓာကိုယ်ကြီးထွားစေသောအစာ၊ အင်အားဖြစ်ထွန်းစေသောအစာ၊ ရောဂါကာကွယ်စေသောအစာ စသည့်အစာအုပ်စုကြီးသုံးစုအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းက ငါးနှစ်အောက်ကလေးငယ်များအား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိတာမင်(အေ)ဆေးများ တိုက်ကျွေးပြီး သူနာပြုအဆင့်(၁) ဒေါ်ချိုချိုလွင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်တို့အား အိုင်အိုဒင်းဆား အသုံးဝင်မှုနှင့် အာဟာရပြည့်ဝသော အစားအစာ ချက်ပြုတ်နည်းများကို လက်တွေ့ပြချက်ပြုတ်ပြသခဲ့ပြီး အာဟာရပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## မြို့နယ်မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ထုတ်လုပ်သူများအသင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကျင်းပ

**ခင်ဦး ဩဂုတ် ၁၉**
သီးနှံအလိုက် မျိုးကောင်း မျိုးသန့် မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး နည်းပညာလုပ်ငန်းကိစ္စများ ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးကျင်းပသော မြို့နယ် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သူများအသင်း(Seed Grower Association) အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက ကံသစ်ကျေးရွာအုပ်စု (G.A.Ps) မျိုးစေ့ထုတ်စံပြကွက် ဧက ၅၀ ရှင်းလင်းဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမျိုးနိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဆွေက မျိုးစေ့ထုတ်လုပ်သူများအသင်း ဖွဲ့စည်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်ဝင်းက မျိုးသန့် မျိုးစေ့ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်းက မျိုးစေ့လုပ်ကွက်များ ပိုးမွှားရောဂါကာကွယ်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်က မျိုးစေ့ထုတ်လုပ်သူများအသင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားရာ မျိုးစေ့ထုတ်အသင်းဝင်တောင်သူများက မျိုးစေ့ထုတ်လုပ်ငန်းများနှင့် ပတ်သက်သည်များကို ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်ပြီး မျိုးစေ့ထုတ် စံပြကွက်အတွင်းရှိ လူဖြင့် ကြဲပက်စိုက်ပျိုးနည်းစနစ်၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းစနစ်၊ သိပ္ပံနည်းကျဖြင့် စိုက်ပျိုးနည်းစနစ်နှင့် ပျိုးသက်နုစိုက်ပျိုးနည်းစနစ်တို့ဖြင့် စိုက်ပျိုးထားသောလယ်များကို မြို့နယ်ဦးစီးမှူး ဦးစိုးအောင်က တောင်သူများအား လိုက်လံ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**





ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုအပ်ချက်များ ဆောင်ရွက်နိုင်ရန်အတွက် ဦးမျိုးအောင်+ဒေါ်ခင်ရီမွန် (ဆန်းမြန်မာအပြည်ပြည်ဆိုင်ရာ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်) မိသားစုတို့က အလှူငွေကျပ် ၁၅ သိန်းကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများထံ ဩဂုတ် ၁၇ ရက်က ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ၅၈၈

## အိမ်မဲမြို့နယ် မြို့မ ၂ အခြေခံပညာမူလတန်းကျောင်း၌ နို့တိုက်ကျွေး

**အိမ်မဲ ဩဂုတ် ၁၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ နို့တိုက်ကျွေးရေးအစီအစဉ် School Milk Programme အရ အထက်ပိုင်းရပ်ကွက် မြို့မ(၂) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၉၆ ဦးအား နို့အာဟာရဘူးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာယုလှိုင်နှင်းနှင့် ဒေါက်တာချောစိမ့်စိမ့်ထွန်းတို့က ကျောင်းသား၊ ကျောင်းသူလေးများအား နို့သောက်ခြင်းမှ ရရှိသည့် အာဟာရ၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးမြင့်နိုင်က ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ထက်မြက်၍ ထူးချွန်ကျောင်းသား၊ ကျောင်းသူများဖြစ်အောင်ကြိုးစားကြရန်ပြောကြားခဲ့ပြီး ကလေးငယ်များအား တာဝန်ရှိသူများက နို့ဘူးများ ဝေငှတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

# နိုင်ပွဲရဖို့ခက်နေသေးတဲ့လက်ရှိချန်ပီယံ

## ပရီမီယာလိဂ်ရင်ခုန်သံ-၂

**ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်(၂)ကိုလာမယ့် ဩဂုတ် ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ လက်ရှိချန်ပီယံလက်စတာဟာ အာဆင်နယ်နဲ့ရင်ဆိုင်ရမှာဖြစ်ပြီး အိမ်ကွင်းဖြစ်ပေမယ့်လည်း နိုင်ပွဲရယူနိုင်ဖို့အတွက် ခက်ခဲနေဦးမယ့်အခြေအနေမှာရှိနေပါတယ်။**

■ ရှိုင်းမင်းမင်း

### မန်ယူ-ဆောက်သမ်တန် နံနက် ၁း၃၀(၂၀-၈-၁၆)

အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် မန်ယူတို့နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ပေါ့ဂ်ဘာလည်းပွဲထွက်ခွင့်ရရှိလာမှာဖြစ်လို့ မန်ယူတို့ လူပြန်စုံလာနိုင်ပါတယ်။ ဆောက်သမ်တန်ကတော့ အဓိကကစားသမားတွေထွက်ခွာသွားမှုနဲ့အတူ ခြေစွမ်းပိုင်းက ကျဆင်းနေပြီး တစ်ယောက်လျော့နေတဲ့ ဝတ်ဖို့ဒ်ကိုတောင်အနိုင်မရခဲ့ပါဘူး။ ဒါကြောင့်လည်း အိုးလ်ထရက်ဖို့ဒ်မှာမန်ယူကိုယှဉ်နိုင်ဖို့ခက်ပြီး မန်ယူကပဲ အနိုင်ရသွားနိုင်ပါတယ်။

### စတုတ်-မန်စီးတီး ည၆း၀၀(၂၀-၈-၁၆)

အဖွင့်ပွဲစဉ်မှာ ဆန်းဒါးလန်းကိုအနိုင်ရခဲ့တယ်ဆိုပေမယ့်လည်း မန်စီးတီးရဲ့အသင်းလိုက်ကစားပုံကကောင်းမွန်မှုမရှိသေးပါဘူး။ အထူးသဖြင့် ဂွါဒီယိုလာရဲ့ နည်းဗျူဟာအောက်မှာအထိုင်ကျဖို့ ရှန်းကန်နေရဆဲဖြစ်ပါတယ်။ စတုတ်ကတော့ အဖွင့်ပွဲစဉ်မှာမစ်ဒယ်ဘရော့ကို အနိုင်မရခဲ့ဘူးဆိုပေမယ့်လည်း အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိသလို အိမ်ကွင်းအားနဲ့လည်းခံကစားသွားမှာဖြစ်လို့ မန်စီးတီးတို့ ကစားရပိုမိုခက်ခဲနိုင်ပါတယ်။ မန်စီးတီးအနိုင်ရနိုင်ပေမယ့်လည်း ဂိုးပြတ်ဖို့တော့ခက်ပါတယ်။

### ဆွမ်ဆီး-ဟားလ်စီးတီး ည၈း၃၀(၂၀-၈-၁၆)

အဖွင့်ပွဲစဉ်မှာ လက်စတာကိုအနိုင်ရခဲ့တယ်ဆိုပေမယ့် ဟားလ်စီးတီး ခြေစွမ်းက အကောင်းဆုံးလို့မဆိုနိုင်ပါဘူး။ အထူးသဖြင့်ခံစစ်ပိုင်းက အားနည်းချက်တွေရှိခဲ့ပြီး လက်စတာတိုက်စစ်မှူးဗာဒီအဆုံးသတ် အားနည်းခဲ့လို့သာ ဟားလ်စီးတီးတို့အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဆွမ်ဆီးက လည်းအိမ်ကွင်းအားနဲ့ဖိအားပေးကစားမှာဖြစ်တာကြောင့် ဆွမ်ဆီးတို့အနိမ့်ဆုံးသရေရမယ်။

### စပါး-ပဲလေ့စ် ည၈း၃၀(၂၀-၈-၁၆)

အဲဗာတန်ကို သရေသာကစားနိုင်ခဲ့တာမှန်ပေမယ့်လည်း အဆိုပါပွဲမှာ ဒုတိယပိုင်းအတွင်းစပါးရဲ့ကစားပုံကောင်းမွန်ခဲ့ပါတယ်။ အဲဗာတန်ဂိုးသမားလက်စွမ်းပြခဲ့လို့သာ စပါးတို့နိုင်ပွဲမရခဲ့တာဖြစ်ပြီး ဒီပွဲစဉ်မှာတော့ အိမ်ကွင်းနိုင်ပွဲရအောင် စပါးတို့တိုက်စစ်ပိုင်းကိုပိုမို အားပြုကစားလာမှာသေချာနေပါတယ်။ ပဲလေ့စ်ကတော့ ခံစစ်ပိုင်းကိုသာအားပြုကစားမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းအရသာမန်ထက်မပိုတာကိုတွေ့ရပါတယ်။ စပါးပဲကပ်နိုင်မယ်။

### ဝက်ဖို့ဒ်-ချယ်လ်ဆီး ည၈း၃၀(၂၀-၈-၁၆)

ဝက်ဖို့ဒ်ကအဖွင့်ပွဲမှာတစ်ယောက်လျော့နဲ့တောင်မှ ဆောက်သမ်တန်ကို သရေကစားနိုင်ခဲ့ပါတယ်။ ဒီပွဲမှာလည်းဝက်ဖို့ဒ်တို့ အိမ်ကွင်းဖြစ်တာကြောင့် အမှတ်ရရှိရေး အားစိုက်ကစားလာရင်ချယ်လ်ဆီးတို့ ကစားရခက်ခဲနိုင်ပါတယ်။ ချယ်လ်ဆီးရဲ့လက်ရှိခြေစွမ်းပိုင်းမဆိုးပေမယ့်လည်း ဝက်ဖို့ဒ်ရဲ့ခံကစားအားကြောင့် ဂိုးရရေးရုန်းကန်ရနိုင်သလို ကပ်ပြီးသာ နိုင်ခြေရှိပါတယ်။

### ဝက်စ်ဘရွန်း-အဲဗာတန် ည၈း၃၀(၂၀-၈-၁၆)

အဖွင့်ပွဲမှာ စပါးကိုသရေကစားနိုင်ခဲ့တယ်ဆိုပေမယ့် ဒုတိယပိုင်းမှာ အဲဗာတန်ရဲ့ကစားအားကျဆင်းခဲ့တာကိုသတိပြုရမှာဖြစ်ပါတယ်။ အဲဗာတန်-အနေနဲ့ ဂိုးသမားလက်စွမ်းပြခဲ့လို့သာ သရေတစ်မှတ် ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ လူကာကူကလည်းအသင်းမှာမတည်ငြိမ်လို့ပွဲထွက်မကစားရမှုနဲ့အတူ အဲဗာတန်တိုက်စစ်ကဂိုးရဖို့လည်း ရုန်းကန်နေရပါတယ်။ ဝက်စ်ဘရွန်းကလည်းအိမ်ကွင်းမှာခံကစားမှာဖြစ်လို့ ဝက်စ်ဘရွန်းသရေလောက်ရမယ်။

### ဘန်လေ-လီဗာပူး ည၈း၃၀(၂၀-၈-၁၆)

အိမ်ကွင်းပွဲစဉ်မှာ ဆွမ်ဆီးကိုရှုံးနိမ့်ခဲ့ရတာကြောင့် ဘန်လေဟာ ဒုတိယမြောက်အိမ်ကွင်းပွဲဖြစ်တဲ့ ဒီပွဲမှာအမှတ်ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဘန်လေရဲ့ခံစစ်ပိုင်းကစားပုံကလည်း ကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့် ဘန်လေရဲ့တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ လီဗာပူးကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမငြိမ်သေးဘူးဆိုပေမယ့်လည်း တိုက်စစ်ကစားပုံကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဘန်လေတို့ကပ်ပြီး ရှုံးနိမ့်သွားဖို့ရှိနေပါတယ်။

### လက်စတာ-အာဆင်နယ် ည၁၁း၀၀(၂၀-၈-၁၆)

လက်စတာဟာ အဖွင့်ပွဲမှာဟားလ်ကိုအရေးနိမ့်ရသလို ကွင်းလယ်ကစားပုံလည်းအားနည်းမှုတွေရှိခဲ့တာတွေ့ရပါတယ်။ တိုက်စစ်ပိုင်းက အခွင့်အရေးတွေဖန်တီးနိုင်ခဲ့ပေမယ့်လည်း ဗာဒီပုံမှန်ခြေစွမ်း မရခဲ့တာကိုလည်းတွေ့ရပါတယ်။ အာဆင်နယ်ကတော့အသင်းလိုက် ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ အာဆင်နယ်အနည်းငယ်အခက်တွေ့နိုင်ပေမယ့် နိုင်ပွဲကပ်ရနိုင်ပါတယ်။

### ဆန်းဒါးလန်း-မစ်ဒယ်ဘရော့ ည၇း၀၀(၂၁-၈-၁၆)

မန်စီးတီးနဲ့ပွဲမှာ ဆန်းဒါးလန်းရဲ့ခံကစားပုံကောင်းမွန်ပါတယ်။ တန်ပြန်တိုက်စစ်ကိုလည်း အကောင်းဆုံးကစားနိုင်တာတွေ့ရပါတယ်။ ခံစစ်ပိုင်းက အားနည်းမှုအချို့ရှိတယ်ဆိုပေမယ့်လည်း ပြိုင်ဘက်မစ်ဒယ်ဘရော့ကလည်း ခြေစွမ်းပိုင်းသာမန်သာရှိပါတယ်။ အထူးသဖြင့် မစ်ဒယ်ဘရော့ဟာ အဝေးကွင်းပွဲတွေမှာ စွမ်းဆောင်ရည် အနည်းငယ်အားနည်းတတ်တာကြောင့် ဆန်းဒါးလန်းတို့အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းကပ်ရနိုင်တယ်။

### ဝက်စ်ဟမ်း-ဘုန်းမောက် ည၉း၃၀(၂၁-၈-၁၆)

ဝက်စ်ဟမ်းရဲ့အသင်းလိုက်ကစားအားကကောင်းမွန်မှုရှိပါတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင် ဝက်စ်ဟမ်းရဲ့ကစားအားကပိုမိုကောင်းမွန်မှု ရှိတာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ ဘုန်းမောက်ရဲ့ခြေစွမ်းပိုင်း ကလည်း မဆိုးဘူးဆိုပေမယ့် ဝက်စ်ဟမ်းရဲ့အိမ်ကွင်းအားကိုတော့ ကျော်ဖြတ်နိုင်ဖို့ခက်ပါတယ်။ အိမ်ကွင်းမှာ ဝက်စ်ဟမ်းကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။ ဂိုးပြတ်ဖို့တော့ခက်ခဲနိုင်ပါတယ်။

# လက်စတာစီးတီးအသင်းမှာ ဆက်ရှိနေဖို့ လေးနှစ်သက်တမ်းတိုးလိုက်တဲ့ မာရက်ဇ်

ပရီမီယာလိဂ်လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းကတော့ အသင်းရဲ့ အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ တောင်ပံကစားသမားမာရက်ဇ်ကို အသင်းမှာ ဆက်ရှိနေဖို့ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ပါပြီ။

အသက်(၂၅)နှစ်အရွယ်ရှိ အယ်လ်ဂျီးရီးယားကြယ်ပွင့်မာရက်ဇ်ဟာ အခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတစ်သင်းဖြစ်တဲ့ အာဆင်နယ်အသင်းကို ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေပြုလုပ်ထားခဲ့တဲ့ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

မာရက်ဇ်ဟာ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာ လက်စတာစီးတီးအသင်းအတွက် သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့အပြင် အသင်းဖော်တွေဂိုးသွင်းနိုင်ဖို့လည်း ဂိုးဖန်တီးပေးနိုင်မှု ၁၁ ကြိမ်အထိ ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။

အဲဒါကြောင့် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့(ပီအက်ဖ်အေ)က ပေးတဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

ပရီမီယာလိဂ်ချန်ပီယံ လက်စတာစီးတီးအသင်းဟာ မာရက်ဇ်ကို စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့တဲ့အပြင် အခြားသောမာရက်ဇ်၏ ကစားဖော်များဖြစ်ကြသည့် ဝက်စ်မိုဂန်၊ ဂျေမီဗာဒီ၊ ကတ်စပါရှမိုက်ကယ်နှင့် အန်ဒီကင်းတို့ကိုလည်း စာချုပ်သစ်များ ထပ်တိုးချုပ်ဆိုနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် လက်စတာစီးတီးအသင်းနည်းပြ ကလော်ဒီယိုရာနီရီဟာ အသင်းရဲ့အားထားရတဲ့ကစားသမားတွေကို စာချုပ်သစ်ချုပ်ဆိုရုံမက ၎င်းကိုယ်တိုင်လည်း အသင်းနဲ့ လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့ပါတယ်။ လက်စတာစီးတီးအသင်းဟာ ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့သွားခဲ့တဲ့ ကွင်းလယ်ကစားသမား ကန်တီကို ဆုံးရှုံးခဲ့ရပြီးတဲ့နောက်မှာတော့ အသင်းရဲ့အဓိကကစားသမားတွေကို စာချုပ်သစ်များချုပ်ဆိုခဲ့တာပဲဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းဟာ ကွင်းလယ်ကစားသမားကန်တီကို ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းနဲ့ ချယ်လ်ဆီးအသင်းကို ရောင်းချခဲ့တာဖြစ်ပါတယ်။


ဒါကြောင့် အခြားသောအသင်းရဲ့ အားထားရတဲ့ကစားသမားတွေကို ထပ်မံမဆုံးရှုံးစေဖို့ အတတ်နိုင်ဆုံး ထိန်းသိမ်းသွားမယ်လို့လည်း လက်စတာစီးတီးအသင်းနည်းပြ ကလော်ဒီယိုရာနီရီက ဆိုခဲ့ပါတယ်။

လက်စတာစီးတီးအသင်းနဲ့ ယခုစာချုပ်သစ်ချုပ်ဆိုလိုက်တဲ့ မာရက်ဇ်ဟာ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းက ပြင်သစ်ဒုတိယတန်းကလပ် လီဟာဗရီအသင်းကနေ လက်စတာစီးတီးအသင်းကို ပြောင်းရွှေ့လာခဲ့တာပါ။

အခုချုပ်ဆိုလိုက်တဲ့ စာချုပ်အရ မာရက်ဇ်ဟာ ၂၀၂၀ ခုနှစ်အထိ လက်စတာစီးတီးအသင်းမှာ ဆက်ရှိနေဖို့ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်တယ်။

မာရက်ဇ်ဟာ အခုချုပ်ဆိုလိုက်တဲ့ လေးနှစ်သက်တမ်းတိုးစာချုပ်ကြောင့် တစ်ပတ်လုပ်ခလစာ ပေါင် ၁၀၀၀၀၀ ရရှိတော့မှာလည်းဖြစ်တယ်။

မာရက်ဇ်အနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမှာ လက်စတာစီးတီးအသင်းနဲ့အတူပွဲပေါင်း ၃၈ ပွဲပါဝင်ကစားပေးခဲ့တဲ့အပြင် သွင်းဂိုး ၁၈ ဂိုးအထိလည်း သွင်းယူပေးနိုင်ခဲ့ပါတယ်။




အယ်လ်ဂျီးရီးယားကြယ်ပွင့် မာရက်ဇ်ဟာ နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၂၀၁၄ ခုနှစ်မှာစတင်ပွဲထွက်ခွင့်ရခဲ့တာဖြစ်ပြီး လက်ရှိအချိန်အထိ ပွဲပေါင်း ၂၄ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး လေးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

အဲဒါကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီက အယ်လ်ဂျီးရီးယားရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးပါ။

လက်စတာစီးတီးအသင်းကို ရောက်လာတဲ့အချိန်ကစလို့ အသင်းနဲ့အတူ ပွဲပေါင်း ၈၇ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။

လက်ရှိမှာ လက်စတာစီးတီးအသင်းရဲ့ အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ ဂျက်ဖရေးကို ဝက်စ်ဘရွန်းအသင်းက ခေါ်ယူဖို့ပြင်ဆင်နေတာကြောင့် လက်စတာစီးတီးအသင်းက ဂျက်ဖရေးကိုလည်း စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားပါတယ်။

**(ငွေကြယ်)**

## ဘားအံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများဆုချီးမြှင့်

**ဘားအံ ဩဂုတ် ၁၉**

ဘားအံတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ ဒုတိယပညာသင်ကာလအတွင်း ကျင်းပခဲ့သော ဘာသာရပ်ပေါင်းစုံ စစ်တုရင်၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ဘော်လီဘောနှင့် ဂျူဒိုပြိုင်ပွဲများ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက ဘားအံတက္ကသိုလ် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာမြမြအေး တက်ရောက်ပြီး တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အားကစားပြိုင်ပွဲများတွင် အကောင်းဆုံးဆုရရှိသူများအား ဒုတိယပါမောက္ခချုပ်ကလည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယဆုရ ဘာသာရပ်ပေါင်းစုံမှ အသင်းများအား ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခ၊ စီမံအရာရှိကြီးများကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြမြအေး၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)၊ ပါမောက္ခ၊ စီမံအရာရှိကြီးများ၊ တွဲဖက်ပါမောက္ခ ဆရာ ဆရာမများနှင့် ဘာသာရပ်ပေါင်းစုံမှ ဆုရကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရှေးဟောင်းသစ်သားကျောင်းဖြစ်သည့် သင်္ဂဇာကျောင်းသို့ နိုင်ငံတကာခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လေ့လာ



**မန္တလေး သြဂုတ် ၁၉**
မြန်မာဘုရင်တို့၏ နောက်ဆုံးမင်းနေပြည်ဖြစ်သော မန္တလေးမြို့တွင် လေ့လာစရာများစွာရှိသည်။ ထိုလေ့လာစရာများစွာထဲတွင် လက်ရာမြောက်ရှေးဟောင်းသစ်သားကျောင်းများလည်း ပါဝင်သည်။ မန္တလေးမြို့တွင် လက်ရာမြောက် ရှေးဟောင်းသစ်သားကျောင်းများအဖြစ် ရွှေနန်းတော်ကျောင်း၊ သင်္ဂဇာကျောင်း၊ ရွှေအင်ပင်ကျောင်း၊ ဗန်းမော်ကျောင်း၊ မဟာမင်းထင်ကျောင်းနှင့် အခြားကျောင်းများစွာယနေ့တိုင် ရှေးမူမပျက် တည်ရှိနေသည်။ ထိုကျောင်းတော်များသို့ နိုင်ငံတကာခရီးသွားဧည့်သည်များ အားထားလေ့လာကြသည်။

လက်ရှိကာလတွင် ရှေးဟောင်းသမိုင်းဝင်သစ်သားကျောင်းတော်များတွင် ထူးခြားစွာပိဋကတ်တိုက်ပါ ထည့်သွင်းထည်ဆောက်ထားသည့် လက်ရာမြောက်သစ်သားကျောင်းဖြစ်သော မင်းတုန်းမင်းတရားကြီးကောင်းမှုတော် သင်္ဂဇာကျောင်းတော်ကြီးကို နိုင်ငံတကာခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လေ့လာလျက်ရှိသည်။ သင်္ဂဇာကျောင်းမှာ ပဥ္စမသင်္ဂါယနာတင် ရတနာပုံမြို့တည်နန်းတည်မင်းတုန်းမင်းတရားကြီးက မန္တလေးမြို့တည်ပြီး တစ်နှစ်ခန့်အကြာ မြန်မာသက္ကရာဇ် ၁၂၂၃ တွင် သင်္ဂဇာဆရာတော်ကြီးအား ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လက်ရာမြောက်ကျောင်းတော်ဖြစ်ပြီး သံတော်ဆင့်မိုင်းခိုင်မြို့စား မင်းလှသီရိဇေယျသူ၊ သစ်တောအခွန်မင်းကြီး မဟာမင်းကျော်မင်းလှစည်သူ၊ ပြည်လုံးအုံ့လှော်ကားထောင်ကဲမင်းလှဇေယျကျော်သူတို့က စုပေါင်းကြီးကြပ်ကွပ်ကဲတည်ဆောက်ခဲ့သည်။ ကျောင်းတော်ကြီးတစ်ခုလုံး ကျွန်းတိုင်လုံးကြီးများဖြင့် ထုပ်လျောက်များခံကာ တည်ဆောက်ထားသည်။ ကျောင်းအတွင်းဝင်လိုက်သည်နှင့် အမွှမ်းပန်းများကို ကျွန်းသစ်ဖြင့်ပြုလုပ်တပ်ဆင်ထားသည်ကို တွေ့မြင်နိုင်သည်။ ခန့်ထည်သောသရက်ကင်းလှေကားငါးစင်းပါဝင်ပြီး ထူးခြားစွာ ပိဋကတ်တိုက်ကိုလည်း အုတ်အင်္ဂတေတို့ဖြင့် တည်ဆောက်ထားပြီး အဂ္ဂမဟာမဏ္ဍလကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရသုဓမ္မာသာသနာပိုင် သင်္ဂဇာဆရာတော်ကြီးအား လှူဒါန်းခဲ့သည်။

နှစ်ကာလကြာမည်ဖြစ်သည့်အတွက် ကျောင်းတိုက်မှာ အိုးမင်းနေသော်လည်း ကျောင်းဦးပြာသာဒ်ဘုံခုနစ်ဆင့်လေးဖက်လေးတန်မှ ယွန်းဆောင်များ၊ သရက်ကင်းလှေကားများ၊ ဝရန်တာများနှင့် ရှေးမူမပျက် မြင်တွေ့နိုင်သည်။ ကျောင်းတိုက်အတွင်းတွင် ကော့ပလ္လင်၊ ရတနာပုံခေတ်ရုပ်ပွားတော်များ၊ စာတိုက်ဗီရိုများ၊ အမွှမ်းပန်းများ ရှေးခေတ်လက်ရာများကို တွေ့မြင်နိုင်သည်။

သမိုင်းဝင်လက်ရာမြောက် သင်္ဂဇာရှေးဟောင်းသစ်သားကျောင်းတော်ကြီးမှာ မန္တလေးမြို့ ဒေးဝန်းအနောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ်တွင် တည်ရှိသည့်အတွက် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ ကားများဖြင့် သီးခြားအားထား လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## အမှုထမ်းဝန်ထမ်းအိမ်ရာဆောက်လုပ်မည့်မြေနေရာကြည့်ရှု

**အင်းတော် သြဂုတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်သစ်ချဆိပ်နေရာတွင် အမှုထမ်းဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ လေးထပ် ဆောက်လုပ်နိုင်ရေးအတွက် အဆိုပါဆောက်လုပ်မည့်မြေနေရာအား မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အဖွဲ့ဝင်များသည် အဆောက်အအုံဆောက်လုပ်မည့် ငွေတောင်ဦးကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ သြဂုတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီခန့်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အခုတည်ဆောက်မယ့် မြေနေရာရဲ့ မြေကြီးခံနိုင်ရည်အဆင့်အတန်းကို စမ်းသပ်စစ်ဆေးပြီးမှ စနစ်တကျတည်ဆောက်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းကိုကတော့ စက်တင်ဘာ လဆန်းပိုင်းလောက်မှာ စတင်ဆောင်ရွက်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု ငွေတောင်ဦးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကျော်မြိုင်**



မကွေးတိုင်းဒေသကြီး နတ်မောက်-မကွေး ကားလမ်းမိုင်တိုင်အမှတ်(၆၅/၅) တံတားအမှတ်(၃/၃၃) တံတားအောက်ရေလမ်းပိတ်ဆို့မှုကြောင့် ရေများလမ်းမပေါ်ကျော်ကျပြီး တံတားအရှေ့ဘက်တွင် ကမ်းပါးပြိုကျခြင်း၊ တံတားအုတ်ခုံများ ကျိုးပဲ့ပျက်စီးမှုများကို နတ်မောက်မြို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းထွန်းနှင့် နဒီရွှေဝါကုမ္ပဏီတာဝန်ခံတို့က သြဂုတ် ၁၆ ရက်က တံတားရေတိုက်စားမှုကို ကြည့်ရှု၍ ကတ္တရာလမ်းပျက်စီးမှုမရှိစေရန် တံတားအောက်ရေသွားနိုင်ရန် ရေလမ်းပြုပြင်ခြင်းတို့ကို နဒီရွှေဝါကုမ္ပဏီက ဘူဒိုဇာဖြင့် ပြုပြင်ဆောင်ရွက်နေကြောင်း တွေ့ရစဉ်။ လှဝင်း(နတ်မောက်)

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စီမံခန့်ခွဲခြင်းလုပ်ငန်းဆောင်ရွက်

**ဗန်းမော် သြဂုတ် ၁၉**
ကချင်ပြည်နယ် ဗန်းမော်၌ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဖြစ်ရပ် စီမံခန့်ခွဲခြင်းလုပ်ငန်းကို လူမှုဝန်ထမ်းဦးစီးဌာနရုံးခန်းမ၌ သြဂုတ် ၁၆ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌကိုယ်စား လူမှုဝန်ထမ်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးခင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်အောင်က လူမှုဝန်ထမ်းဦးစီးဌာန အခန်းကဏ္ဍနှင့် စီမံချက် ၁၀ ချက်အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့တက်ရောက်လာသော ဌာနဆိုင်ရာအရာရှိများနှင့် အရပ်ဘက်အဖွဲ့အစည်းများ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ခဲ့ကြသည်။

ဆက်လက်ပြီး ရတနာ့မေတ္တာအဖွဲ့ လက်ထောက်စီမံချက်မန်နေဂျာ ဒေါ်မေသူဝင်းက စီမံချက်လုပ်ငန်းများ အဓိက(၄)ချက်တို့နှင့်ပတ်သက်၍ ကလေးသူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေဖို့ နေ့စဉ်ဝင်ငွေလုပ်ငန်းများရှိစေဖို့နှင့် ငြိမ်းချမ်းရေးပြန်လည်ဖော်ဆောင်ခြင်းလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကောင်းမွန်စေရန် စသည့်အချက်များကို ရှင်းလင်းပြောကြားခြင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမိသားစု ပြန်လည်ဆက်သွယ်ရေးကွင်းဆင်းကြီးကြပ်ရေးမှူး ဦးမျိုးမင်းထွေးက မြန်မာနိုင်ငံကြက်ခြေနီအသင်း ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစီမံချက်လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ တက်ရောက်ခဲ့သော ဂရုဏာဖောင်ဒေးရှင်းအသင်းအဖွဲ့ တာဝန်ခံ ဒေါ်ဘောက်ဂျာနှင့် NRC အဖွဲ့ဝင် ဒေါ်နွယ်နွယ်ဝင်းတို့က အသက်မပြည့်သော ကလေးသူငယ်များ စစ်တပ်တာဝန်ထမ်းဆောင်သူများကိစ္စနှင့် ပတ်သက်၍ မေးမြန်းရာ ရတနာ့မေတ္တာအဖွဲ့ လက်ထောက်စီမံချက်မန်နေဂျာ ဒေါ်မေသူဝင်းက ပြန်လည်ဖြေကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးသင်တန်း ဂွမြို့နယ်၌ ဖွင့်လှစ်သင်ကြား

**သံတွဲ သြဂုတ် ၁၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးသင်တန်းကို သြဂုတ် ၁၅ ရက်က အဆိုပါရုံး၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေးရှုလျက် ယခုကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် သင်တန်းဖွင့်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းသို့ ဂွမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကို သြဂုတ် ၁၅ ရက်မှ ၁၈ ရက်ထိ သင်ကြားပို့ချခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့(Help Age International)မှ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ငွေကြေးပေးဝေခြင်း အသိပညာဖြန့်ဝေခြင်း အလုပ်ရုံဆွေးနွေး

**ပခုက္ကူ သြဂုတ် ၁၉**
အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (Help Age International) မှ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ငွေကြေးပေးဝေခြင်း အသိပညာဖြန့်ဝေခြင်းအလုပ်ရုံဆွေးနွေးပွဲကို ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သြဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထူးအောင်နှင့် ဌာနဆိုင်ရာများ၊ ပခုက္ကူမြို့နယ်အတွင်း စီမံကိန်းဝင်ရောက်လုပ်ကိုင်ပြီး ကျေးရွာ ၃၀ မှ တာဝန်ရှိသူများ၊ နိုင်ငံတကာ NGO များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်ထူးအောင်နှင့် လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးတို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။

ယင်းနောက်(Help Age International) မှ ပခုက္ကူမြို့နယ်ညှိနှိုင်းရေးမှူး ဦးဇော်ဝင်းနိုင်က လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အကြီးတန်းစီမံချက်မန်နေဂျာ ဒေါက်တာဟိန်းသက်စိုးက အသက်(၈၅) နှစ်နှင့်အထက် ဘိုးဘွားများအား ငွေပေးဝေခြင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးရွာများမှ တက်ရောက်လာသူများနှင့် နိုင်ငံတကာ NGO များက ယင်းတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(Help Age International) မှ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ မလှိုင်၊ ရေစကြို၊ ပခုက္ကူမြို့နယ်တို့တွင် သုံးနှစ်တာစီမံချက်ဖြင့် ကျေးရွာပေါင်း ၁၈၀ ခန့်ကို လုပ်ငန်းစဉ်သုံးရပ်ဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ငွေကြေးပေးဝေခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပခုက္ကူမြို့နယ်ညှိနှိုင်းရေးမှူး ဦးဇော်ဝင်းနိုင်၏ပြောပြချက်အရ သိရသည်။

**တင်အောင်ဝင်း**

# မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း (၃)တန်နှင့်အထက် ယာဉ်မဝင်ရနယ်မြေများသတ်မှတ်



**မန္တလေး ဩဂုတ် ၁၉**
ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောကျပ်တည်းမှုလျော့နည်းစေရေးအတွက် (၃)တန်နှင့်အထက်ယာဉ်များအား မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းမဝင်ရန် နယ်မြေများသတ်မှတ်ထားကြောင်း သိရသည်။

(၃)တန်နှင့်အထက်ယာဉ်များ မြောက်ဘက်ကမ်းနားလမ်းနှင့် မြို့ပတ်လမ်းဆုံ (ညောင်ကွဲ) မှ မြို့ပတ်လမ်းအတိုင်း ကျွဲရေကုန်းအထိ၊ အရှေ့ဘက်ကျွဲရေကုန်းလမ်းမှ မြို့ပတ်လမ်းအတိုင်း မန္တလေး-ပြင်ဦးလွင်ကားလမ်းနှင့် ၄၈ လမ်းဆုံအထိ၊ ၎င်းမှ မနော်ဟရီလမ်းအတိုင်း ၆၂ လမ်းဆုံအထိ၊ ၎င်းမှ ၆၂ လမ်းအတိုင်း အင်းခရုလမ်းဆုံအထိ၊ ၎င်းမှ စက်မှုပန်းခြံလမ်းမှ ရန်ကုန်-မန္တလေးလမ်းဆုံအထိ၊ ၎င်းမှထုံးဘို-မြစ်ငယ်လမ်းဆုံအထိ၊ တောင်ဘက်တွင် ရန်ကုန်-မန္တလေးလမ်းနှင့် ထုံးဘို-မြစ်ငယ်လမ်းဆုံမှ စစ်ကိုင်း-မြစ်ငယ်လမ်းအတိုင်း စစ်ကိုင်းလမ်းနှင့်ဆုံသည့်နေရာအထိ၊ အနောက်ဘက်တွင် စစ်ကိုင်း-မြစ်ငယ်လမ်းနှင့် စစ်ကိုင်းလမ်းဆုံသည့်နေရာမှ စစ်ကိုင်းလမ်းခွဲ ရွှေကြက်ယက်အထိ၊ ၎င်းမှ မြို့ပတ်ကမ်းနားလမ်းအတိုင်း ရှမ်းလေးကျွန်းအထိ၊ ၎င်းမှ မြို့ပတ်လမ်းဆုံ ညောင်ကွဲအထိ သတ်မှတ်ထားသည်။

အမရပူရမြို့နယ် တောင်သမန်ကန်ပတ်လမ်းအရှေ့ခြမ်း ရတနာပုံတက္ကသိုလ်ထိပ်မှ ကန်ပတ်လမ်း ကြက်လျှာစွန်းအထိ (၃)တန်နှင့်အထက် ကုန်တင်ယာဉ်များမဝင်ရ သတ်မှတ်ထားသည်။

ကန်ပတ်လမ်းသည် ရတနာပုံတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အများဆုံးသွားလာရာလမ်းဖြစ်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် (၃)တန်နှင့်အထက်ယာဉ်မဝင်ရ သတ်မှတ်ပေးသဖြင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း အမှတ်(၁၁) ယာဉ်ထိန်းတပ်ဖွဲ့ခွဲရုံးမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

(၃)တန်နှင့်အထက်ယာဉ်မဝင်ရဆိုင်းဘုတ်များကိုလည်း ဝင်ရောက်သည့်ဝင်ပေါက်အားလုံးတွင် တပ်ဆင်ထားပြီး သတ်မှတ်ဇရိယာအတွင်း ဝင်ရောက်ပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။ **သီဟကိုကို(မန္တလေး)**

## ကလေးမြို့လှိုင်သာယာရပ်ကွက်နေပြည်သူများ မြေအောက်ရေတွင်းရေခန်းခြောက်ခြင်းပြဿနာများ ရင်ဆိုင်နေကြရ

**ကလေး ဩဂုတ် ၁၉**
ကလေးမြို့အတွင်းရှိ လှိုင်သာယာ၊ ကြို့သုံးပင်၊ တောင်ဖီလာရပ်ကွက်တို့၏ အောက်ဘက်လယ်ယာမြေများ ရေသောက်ဆည်ဖြစ်သည့် ခိုင်ကမ်းဆည်သည် ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးရန်ပုံငွေနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယခင်ရက်ပိုင်းအတွင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ရေထဲမျောပါခဲ့ကြောင်း သိရသည်။

အဆိုပါရေစီးကြောင်းသည် ဆည်အလယ်ဗဟိုမှစီးဝင်၍ မြောင်းလက်တံမှ စီးဆင်းနေသောရေသည် ရေမှတ်အထက် ၇ ပေခန့် မြင့်ကျန်နေခဲ့ရာ တောင်သူများ လယ်ယာရေမရရှိသည့်အပြင် လှိုင်သာယာရပ်ကွက်နေပြည်သူများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ အပြင်အဆောင်နေ ကျောင်းသား၊ ကျောင်းသူများအားလုံး မြေအောက်ရေတွင်းရေခန်းခြောက်ခြင်း ပြဿနာများဖြင့် ရင်ဆိုင်နေကြရသည်။

ယခုအချိန်တွင် ရေကြောင်းပြောင်းလဲလာခြင်းကြောင့် သောက်သုံးရေအတွက် ချောင်းရေများပုံမှန်စီးဆင်းနိုင်ရေး ကိုယ့်အားကိုယ်ကိုးဖြင့် ရပ်ရွာပြည်သူများမှငွေစု၍ ချောင်းရေပြန်လည်စီးဆင်းလာရန် ပြုလုပ်ဆောင်ရွက်နေကြပြီး လှိုင်သာယာရပ်ကွက် သောက်သုံးရေပြတ်လပ်မှုနှင့် ရေတွင်းများရေခန်းခြောက်မှုများအား ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဆည်မြောင်းဦးစီးဌာနတို့၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကျေးရွာမီးသတ်ကန်ကို သောက်သုံးရေဖြည့်ဆည်းပေးပြီး ကလေးလွင်ပြင်နှင့် မီးသတ်ဦးစီးဌာနတို့ကလည်း ရပ်ကွက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဂျိုးနက်**

## ရေပေးရေးနှင့် တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် ဩဂုတ် ၁၉**
မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်သည် သထုံခရိုင် ဦးစီးမှူးနှင့်အဖွဲ့ လိုက်ပါလျက် ဩဂုတ် ၁၈ ရက်က သထုံခရိုင်အတွင်း ဘီးလင်းမြို့နယ် ဂုံညင်းနွယ်ကျေးရွာတွင် ပြုလုပ်သော အသက်မွေးဝမ်းကျောင်းပညာ အထောက်အကူပြုသင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ သင်တန်းသားများ မော်တော်ဆိုင်ကယ်စက်ပြင်လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး လူထုဗဟိုပြုစီမံကိန်းကျေးရွာတွင် မူလတန်းကျောင်း တိုးချဲ့အဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ ရက် ၁၀၀ လုပ်ငန်းများ ဖြစ်သည့် ရေပေးရေးနှင့် တံတားဆောက်လုပ်မှုအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပုသိမ်ကြီးမြို့နယ်တွင် မိုးစပါးများစတင်စိုက်ပျိုး



**ပုသိမ်ကြီး ဩဂုတ် ၁၉**
မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားစိုက်ပျိုးသောနိုင်ငံဖြစ်သောကြောင့် ဆန်စပါး စိုက်ပျိုးခြင်းသည် အရေးကြီးသောကဏ္ဍတစ်ရပ်အဖြစ်တည်ရှိနေသည်။ ယခုအခါ မိုးစပါးများ စိုက်ပျိုးချိန်ဖြစ်သောကြောင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် မိုးစပါးများ စတင်စိုက်ပျိုးလျက်ရှိသည်။

"ကျွန်တော်တို့ဒေသမှာ မိုးစပါးတွေ စတင်စိုက်ပျိုးနေကြပြီ။ ဒီဒေသကတော့ မိုးစပါးဆို မဂျမ်းတောပဲစိုက်တာများတယ်။ တခြားမျိုးတွေဖြစ်တဲ့ ဧရာပဒေသာတို့၊ ဧရာမင်းတို့၊ သုခတို့လည်းစိုက်ကြပါတယ်။ ဒီဒေသက အရှေ့တော မဂျမ်းတောဆိုနာမည်ကြီးလေ။ စားလို့လည်းကောင်းတယ်။ ဈေးကောင်းလည်းရတယ်။ တစ်ဧကစိုက်ရင် မျိုးနှစ်တင်းပျိုးထောင်ရတယ်။ တစ်ဧကကို ကောက်စိုက်သမ ၁၂ ဦးငှားရတယ်။ တစ်မနက်ကို ငွေကျပ် ၃၀၀၀ ပေးရတာ။ မဂျမ်းတောက ပုံမှန်တစ်ဧကတင်း ၈၀ လောက်ထွက်တယ်။ တစ်ဧကစိုက်ပျိုးစရိတ် နှစ်သိန်းကျော်လောက်ရှိတယ်။ ဈေးကကောင်းတော့ အဆင်ပြေပါတယ်" ဟု ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ပုဂံခေတ်မှသည် ခေတ်အဆက်ဆက် စပါးကျီဟုတင်စားခေါ်ခဲ့သော ပုသိမ်ကြီးမြို့နယ်သည် ဆည်တော်လေး၊ ဆည်တော်ကြီးဆည်ရေသောက်စနစ်ဖြင့် သီးနှံများ ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ယခုအခါ မိုးစပါးများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## ကျေးသီးမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**ကျေးသီး ဩဂုတ် ၁၈**
မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ် ရက် ၁၀၀ စီမံချက်အရ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ရဲမှူးအောင်ကြီးနှင့် ဒုရဲမှူးအောင်ဝင်းနိုင် ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၇ ရက် နံနက် ၈ နာရီမှ ၁၁ နာရီခွဲထိ လုံပုရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်ခြင်း၊ ချုံနွယ်၊ မြက်ပင်များ ရှင်းလင်းခြင်း၊ ရေဝပ်နေရာများအား မြေဖို့ခြင်းတို့ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တရားမဝင်လက်နက်များ မကိုင်ဆောင်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲ၊ ရောင်းဝယ်ခြင်းမပြုလုပ်ရန် စည်းရုံးဟောပြော

**ဘားအံ ဩဂုတ် ၁၉**
ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြာညို၊ အိန္ဒုနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လင်းထွန်းတို့အဖွဲ့သည် နောင်ပလိန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမင်းဇော်အဖွဲ့နှင့် KNU၊ KNLApc မှ ဖလောင်ဦးစီးအဖွဲ့တို့ပူးပေါင်း၍ ဘားအံမြို့နယ် နောင်ပလိန်ကျေးရွာ နောင်ပလိန်ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းက ကျေးရွာသားများနှင့် တွေ့ဆုံကာ တရားမဝင်လက်နက်များမကိုင်ဆောင်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်ခြင်းများ မပြုလုပ်စေရေးအတွက် ပြည်သူဗဟိုပြုဟောပြောခဲ့ကြောင်း သိရသည်။

ထိုတွေ့ဆုံဟောပြောပွဲသို့ ကျေးရွာသူ၊ ကျေးရွာသား ၈၀ တက်ရောက်ခဲ့ပြီး ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြာညိုက တရားမဝင်လက်နက်များ မကိုင်ဆောင်ရေးနှင့် မူးယစ်ဆေးဝါးများမရောင်းချရေး၊ မသုံးစွဲရေးနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးစည်းရုံးဆောင်ရွက်ခဲ့ပြီး အိန္ဒုနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့်ပတ်သက်သည့် ဆောင်ရွက်သင့်သည်များကို အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

## လယ်ယာလုပ်သားရှားပါးမှုဖြေရှင်းနိုင်ရန်အတွက် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးသရုပ်ပြပွဲ ကျင်းပ

**မြို့သစ် ဩဂုတ် ၁၉**
မကွေးခရိုင် မြို့သစ်မြို့လယ်ပြင်ရပ်ကွက်တွင်နေထိုင်သော တောင်သူဦးဇော်ထွန်းလုပ်ကိုင်လျက်ရှိသော ကွင်းအမှတ် (၁၃၀၃) ဦးပိုင်အမှတ် (၅၁) အကွက်တွင် လယ်ယာလုပ်သားရှားပါးမှုပြဿနာများ ဖြေရှင်းဆောင်ရွက်နိုင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းကူညီမှုအရ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းများကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကွင်းအတွင်း ပြုလုပ်ခဲ့သည်။

ယင်းသို့ ပြုလုပ်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ စက်မှုလယ်ယာမှ တာဝန်ရှိသူများက ကွင်းအတွင်းသို့ မနောသုခမျိုးကွဲဖြင့် နှစ်ဧကအား ကူညီစိုက်ပျိုးမှုများပြုလုပ်ခဲ့ရာ စိတ်ပါဝင်စားသောတောင်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ကြည့်ရှုအားပေးခဲ့သည်။ အချို့သောတောင်သူများ၏ သိရှိလိုသော မေးမြန်းမှုများကိုလည်း စိုက်/ညှိအဖွဲ့များက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေး သေဆုံးမှုလျော့ချရေး ဆွေးနွေး

**နမ့်ဆန် ဩဂုတ် ၁၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ် ကျောက်ဖြူကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြင့်တင်နိုင်ရန်အတွက် ငှက်ဖျား၊ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ Cesvi အဖွဲ့နှင့် ကျေးရွာကျန်းမာရေးကော်မတီတို့ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် Cesvi အဖွဲ့တာဝန်ခံ ဦးကျော်မျိုးသူက Cesvi အဖွဲ့၏ လုပ်ငန်းများကို ရှင်းလင်းပြောကြားရာ ကျေးရွာတွင်အရေးပေါ် ကိုယ်ဝန်ဆောင်လူနာများ၊ သက်ငယ်(သို့) သက်ကြီး ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးငယ်များ၊ မွေးကင်းစကလေးငယ်များ ဖျားနာခြင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေသည့် ကလေးငယ်များ၊ ငှက်ဖျား၊ တီဘီရောဂါဖြစ်ပွားနေသည့် လူနာများရှိလာပါက ကျေးရွာကျန်းမာရေးကော်မတီမှတစ်ဆင့် Cesvi အဖွဲ့သို့ လူနာကို ညွှန်းပို့ပြီး လူနာ၏ဆေးကုသစရိတ်များကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ကျေးရွာကော်မတီများမှ လစဉ်ဆောင်ရွက်သွားမည့် ကျန်းမာရေးလုပ်ငန်းစဉ်များ၊ ကျေးရွာတွင် အရေးပေါ်ဆေးကုသစရိတ် လိုအပ်နေသည့် ဆင်းရဲချို့တဲ့သော လူနာများကို ထောက်ပံ့ကူညီပေးနိုင်ရန် ကျန်းမာရေးရန်ပုံငွေ စုဆောင်းထားရှိမှုအခြေအနေများ၊ ကျေးရွာတွင် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှု၊ မွေးကင်းစနှင့် ငါးနှစ်အောက်ကလေးငယ်များ သေဆုံးမှု လျော့ချနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

# ပင်လည်ဘူးမြို့နယ်၌ သက်ကြီးဘိုးဘွားများအား အားဆေးနှင့်ထောက်ပံ့ငွေများဖြင့်ကန်တော့

**ပင်လည်ဘူး ဩဂုတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်တွင် တိုင်းလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနမှ ဝါတွင်းကာလ သက်ကြီးဘိုးဘွားများအား နှစ်စဉ်ထောက်ပံ့ငွေများ ထောက်ပံ့ ပေးလျက်ရှိရာ ဩဂုတ် ၁၇ ရက်က အသက် ၉၀ ကျော် သက်ကြီးဘိုးဘွားများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ မြို့ပေါ်ရပ်ကွက်ရှိ အသက် ၉၀ ကျော် သက်ကြီးဘိုးဘွားများ၏နေအိမ်များသို့သွားရောက်ပြီး အားဆေးများနှင့် ထောက်ပံ့ငွေများဖြင့်ကန်တော့ခဲ့ကြသည်။



အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ကျပ် ၁၅၀၀၀၊ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ကျပ် ၂၀၀၀၀ စီ ထောက်ပံ့ ပေးအပ်ပြီး ပင်လည်ဘူးမြို့နယ်တွင် အသက် ၉၀ နှင့်အထက် ၆၁ ဦး၊ အသက် ၁၀၀ နှင့်အထက် သုံးဦးရှိကြောင်းသိရသည်။

**မျိုးလွင် (ပင်လည်ဘူး)**

# အလောင်းတော်ကဿပစံကျောင်းတော်သို့ သွားသည့်လမ်းတွင် အရိပ်ရသစ်ပင်မျိုးစုံ ၁၀၀၀၀ ကျော် စိုက်ပျိုး

**ပုလဲ ဩဂုတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ ရွှေဆံပင်တံတားလမ်းဒေသ အလောင်းတော်ကဿပစံကျောင်းတော်သို့သွားသည့် လမ်းဘေး၌ ရွှေဆံပင်ဆရာတော်အရှင်ဝေပုလ္လနှင့် အကျိုးတော်ဆောင်အဖွဲ့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးကို ဦးတည်၍ ကျွန်းနှင့် အရိပ်ရသစ်ပင် ၁၀၀၀၀ ကျော် စိုက်ပျိုးပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေဆံပင်ဆရာတော် အရှင်ဝေပုလ္လ (သာသနဓဇဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂဓရ)က သစ်ပင်တောတောင်များ စည်ပင်ထွန်းကားရေးဟာ သက်ရှိသတ္တဝါများရဲ့ အသက်စည်းစိမ်ချမ်းသာအမျိုးမျိုးကို ဖန်တီးပေးနေသောကြောင့် သစ်တောသစ်ပင်များကို ထိန်းသိမ်းဖို့အတွက် လူသားတိုင်းမှာ တာဝန်ရှိပါကြောင်း၊ သစ်ပင်တစ်ပင်ဟာ တစ်ရက်ကို အောက်စီဂျင် ၁၂ လီတာလောက် ထုတ်ပေးတာကြောင့် ပျမ်းမျှအားဖြင့် လူတစ်ယောက်ဟာ တစ်ရက်ကို အောက်စီဂျင် ၆၃၁ လီတာလိုအပ်ကြောင်း၊ လူတစ်ယောက် အသက်ရှင်ဖို့ အသက်ရှူနိုင်ဖို့ အရွယ်ရောက်ပြီးသား သစ်ပင် ၅၃ ပင် ရှိကိုရှိမှ အဆင်ပြေနိုင်ကြောင်း၊ ဒါကြောင့် မိမိဆောင်ရွက်နေတဲ့ အလောင်းတော်ကဿပ စံကျောင်းတော်သို့ သွားရောက်တဲ့ ရွှေဆံပင်လမ်းတံတားတစ်လျှောက် နှစ်စဉ် သစ်ပင်မျိုးစုံ ၁၀၀၀ ကျော် စိုက်ပျိုးခဲ့သော်လည်း ယခုနှစ်မှာတော့ သစ်ပင်မျိုးစုံ ၁၀၀၀၀ ကျော်ကို ဒေသမှာရှိတဲ့ ပြည်သူများနဲ့ လက်တွဲပူးပေါင်းပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စိုက်ပျိုးပေးခြင်းဖြစ်ကြောင်း မိန့်ကြားခဲ့သည်။

ထို့နောက် ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ယင်းမာပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ၌ ရွှေဆံပင်ဆရာတော်နှင့် လမ်းတံတားအကျိုးတော်ဆောင်ဆရာတော်များ၊ ပုလဲမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ ယင်းမာပင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်မေရီ၊ ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ယင်းမာပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ရွှေဆံပင်ပညာဒါနကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၀၀၀ ကျော်က ကျွန်းနှင့် အရိပ်ရသစ်ပင်မျိုးစုံ ၁၀၀၀၀ ကျော် စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**



# ယာသီးနှံဖြစ်သည့် မိုးမြေပဲများအောင်မြင်၍ တောင်သူများအကျိုးအမြတ်ရရှိ

**ကျွန်းလှ ဩဂုတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယာသီးနှံဖြစ်သည့် မြေပဲကို မိုးမြေပဲ၊ ဆောင်းမြေပဲ၊ ရေကျပဲဟူ၍ စိုက်ပျိုးကြကြောင်းသိရသည်။

အဆိုပါ မိုးမြေပဲကို မိုးရွာသွန်းမှုပေါ်မူတည်ပြီး ဇွန်လဆန်းတွင် စတင်စိုက်ပျိုးကြသော်လည်း တချို့တောင်သူများက နောက်ကျမှစိုက်ပျိုးကြကြောင်း၊ တစ်ဧက မျိုးတစ်တင်းခွဲစိုက်ပျိုးပြီး ငွေကျပ်၃၅၀၀၀ ကုန်ကျကြောင်း၊ ထွန်ရှင်းခ နံနက်တစ်ပိုင်းလျှင် ငွေကျပ် ၃၅၀၀ ပေးရပြီး ထွန်စက်ငှားလျှင် တစ်နာရီ ငွေကျပ် ၁၀၀၀၀ ပေးရကြောင်း သိရသည်။

“ဒီနှစ်မိုးမြေပဲသုံးဧကကို ပြောင်း၊ ပဲစင်းငုံတို့ဖြင့်ရော၍ စိုက်ထားပါတယ်။ မျိုးစေ့ဖိုး၊ ထွန်ရှင်းခ၊ မြေဩဇာဖိုး၊ အလုပ်သမားခ ငွေကျပ် ၁၅၀၀၀၀ ကျော် ကုန်ကျပါတယ်။ ရာသီအလိုက် မြေပဲစိုက်ပျိုးခြင်းဖြင့် တောင်သူတွေ အကျိုးအမြတ်ရရှိသည့်အပြင် မြေပဲရိုးကို နွားစာအဖြစ် အသုံးပြုရခြင်းကြောင့် စိုက်ပျိုးသင့်ပါတယ်”ဟု မြေပဲစိုက်တောင်သူတစ်ဦးက ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# အင်ကြင်းကုန်းကျေးရွာ၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေး

**ဗန်းမောက် ဩဂုတ် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ဒယူးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်း၊ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စပယ်၊ အ-လ-က(ခွဲ)ကျောင်းအုပ်ဆရာကြီး ဦးဟိန်းစိုးနှင့် မြို့နယ်လူထုဗဟိုပြုစီမံကိန်းမှ ဒေါ်နှင်းစန္ဒာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းက အမှာစကားပြောကြားပြီး ဒယူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းပြောကြားသည်။

ထို့နောက် အင်ကြင်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ မူလတန်းကျောင်း အလျား ပေ ၁၂၀၊ အနံ ၃၃ ပေနှင့် အမြင့် ၁၄ ပေရှိ ကျောင်းဆောင်အား ကွန်ကရစ်ခင်းခြင်း၊ အမိုးပြုပြင်ခြင်းနှင့် ဆေးသုတ်ခြင်းဆောင်ရွက်ရာ ၉၃ သိန်းကျော်တို့ကိုလည်းကောင်း၊ မူလတန်းကြိုကျောင်း နှစ်ထပ်ဆောင် အလျား ၅၆ ပေ၊ အနံ ၂၇ ပေနှင့် အမြင့် ၂၂ ပေရှိ ကျောင်းဆောင်အား ကွန်ကရစ်ခင်းခြင်းနှင့် ကျောင်းဆေးသုတ်ပြုပြင်ဆောင်ရွက်ရာ ၁၂ သိန်းကျော် စုစုပေါင်းကုန်ကျငွေကျပ် ၁၀၅ သိန်းကျော်ကို လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

# ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၉**
ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၇၀ ဖြင့်လည်းကောင်း၊ အမှတ်(၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးဝင်းမြင့် ဦးဆောင်၍ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်ကွက်ပြည်သူ ၃၀ ဖြင့်လည်းကောင်း၊ ကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများပါဝင်သော အင်အား ၁၀၀ ကျော်သည် မိုးရာသီ ကျောင်းကျန်းမာရေးအတွက် ဩဂုတ် ၁၄ ရက် နံနက် ၇ နာရီမှစ၍ အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ် (၁၀) ကျောင်းဝင်းအတွင်း၊ အပြင် ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး၊ ချုံနွယ်ပိတ်ပေါင်း၊ ရေပေါ်အမှိုက်နှင့် ကနဖော့ပင်များအား ရှင်းလင်းဆောင်ရွက်ကြသည်။

ကျောင်းပိတ်ရက်အပတ်စဉ်များတွင်လည်း မြို့နယ်တွင်းရှိ ကျောင်းများကို အစဉ်အလာဖြစ်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မီးသတ်ဦးစီးအရာရှိ ဦးမြင့်ဦးထံမှ သိရသည်။

**၃၂၉**

# ဒေးဒရဲမြို့လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့မှ သွားရောက်လှူဒါန်းထောက်ပံ့

**သာပေါင်း ဩဂုတ် ၁၉**
သာပေါင်းမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ရေဘေးရှောင် ပြည်သူများအား ဒေးဒရဲမြို့သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဦးပညာစာရ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ ဒေးဒရဲမြို့ လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များက ရွှေညောင်ပင်ကျေးရွာအုပ်စုရှိ ရေဘေးရှောင်ပြည်သူ ၁၆၁၃ ဦး၊ လင်းတာကျေးရွာအုပ်စုရှိ ရေဘေးရှောင်ပြည်သူ ၆၈၀ တို့အား ဆန်အိတ် ၂၅၀၊ ရေသန့် ခြောက်လုံးပါ ကတ် ၂၀၀၊ ဆီ ငါးဆယ်သားပါ ဘူး ၁၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၂၂၅၀၀ တို့ကို ကျေးရွာများအရောက်လှူဒါန်းထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။



**မျိုးဇော်သိန်း ပြန်/ဆက်)**



## သင်ထောက်ကူပြပွဲပြိုင်ပွဲ လသာမြို့နယ်တွင် ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

လသာမြို့နယ် အ-ထ-က (၂) မြညီလာခန်းမ၌ ဩဂုတ် ၁၆ ရက်က ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ ပူးပေါင်းတီထွင်ထားသည့် သင်ကြားမှုအထောက်အကူပြုသော သင်ယူမှုပစ္စည်းများ ပြပွဲပြိုင်ပွဲကို ပြုလုပ်ခဲ့ရာ လသာမြို့နယ်တွင်းမှ အ-ထ-က၊ အ-လ-က၊ အ-မ-က ကျောင်းပေါင်း ခြောက်ကျောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

သင်ထောက်ကူပစ္စည်းများသည် စာသင်ကြားရာ၌ ပုံနှိပ်စာသားများကို သင်ယူရာတွင် မှတ်မိလွယ်၍ စွဲမြဲစေခြင်း၊ ဘာသာရပ်အလိုက် ဗဟုသုတများ၊ ပြင်ပဗဟုသုတများ တိုးပွားစေခြင်းနှင့် တစ်တန်းမှတစ်တန်းသို့ တက်ရောက်သင်ကြားခြင်း၊ သင်ခန်းစာတစ်ခုနှင့် တစ်ခု ချိတ်ဆက်သင်ကြားရေးအတွက် များစွာ ထိရောက်မှုရှိကြောင်း လသာမြို့နယ် ပညာရေးမှူး ဒေါက်တာစုစုလှိုင်က ရှင်းလင်းပြောကြားခဲ့သည်။

**မြင့်မြင့်ရွှေ(ပြန်ဆက်)**

# တောင်ဥက္ကလာပမြို့နယ်အတွင်း ရေတိုက်စားမှုကြောင့် မြေသားနံရံပြိုကျမှုအား ပြုပြင်ဆောင်ရွက်နေ

**ရန်ကုန် ဩဂုတ် ၁၉**

တောင်ဥက္ကလာပမြို့နယ် တိုးချဲ့ ၄ ရပ်ကွက် ရေပေါက်ကြည်ချောင်းနှင့် တကောင်းမြောင်းဆုံရာ ကေတုမာလာ ၄ လမ်းနှင့် စေတနာလမ်းထောင့်တွင် ချောင်းရေတိုက်စားမှုကြောင့် မြေသားနံရံပြိုကျပျက်စီးကာအန္တရာယ်ရှိသဖြင့် ကုန်းရေနှစ်မျိုးသွား Ambivious ယန္တရားဖြင့် နံရံမြေဖို့ပေးခြင်း၊ ရပ်ကွက်မှ ရာအိမ်မှူး ဦးအောင်နိုင်ကျော်၊ ဦးမြင့်သန်းတို့ဦးဆောင်ကာ ရပ်ကွက်လူငယ်များဖြင့် သဲအိတ်များဖို့ကာ ချောင်းရေမဝင်စေရေးအတွက် ဩဂုတ် ၁၇ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ယန္တရားနဲ့ ရေပေါက်ကြည်ချောင်း ရေစီးဆင်းမှုကောင်းအောင် ဩဂုတ် ၁၀ ရက်ထဲက လုပ်ပေးနေတာပါ။ ပြီးခဲ့တဲ့ရက်တွေက ဒီရေတက်တာများတော့ တာအက်ကွဲပြီးပြိုကျတာကို အချိန်မီသိလို့ လူအင်အား၊ စက်အင်အားနဲ့ တားဆီးနိုင်ခဲ့ပါတယ်။ အရင် ၁၉၉၀ ခုနှစ်လောက်ကလုပ်ထားတဲ့ အုတ်ရိုးတာတော့ရှိတယ်။ ဒါပေမယ့် မကောင်းတော့ဘူး။ အုတ်ရိုးအဟောင်းပေါ် မြေထပ်ဖို့ထားတာ အမြင့် ၂ ပေခွဲလောက်ရှိမယ်။ ရေတက်လာရင် တာရိုးကိုဇလုပ်တိုက်နေတော့ စိုးရိမ်ရတာကြောင့် ယခုလိုဆောင်ရွက်ပေးရတာပါ"ဟု မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူရလွင်တို့က ပြောသည်။

အဆိုပါ ရေပေါက်ကြည်ချောင်းအပြင် တကောင်းမြောင်းကိုလည်း ယန္တရားဝင်လို့ရသည်အထိ ဆယ်ယူပေးသွားမည်ဖြစ်ကြောင်းသိရှိရပြီး ရေပေါက်ကြည်ချောင်းအစ မရမ်းကုန်းမြို့နယ်အတွင်း၌လည်း ရေလျှံမှုများကင်းဝေးစေမည်ဟု သိရသည်။

**၁၆၇**



# တောင်ရိုးပညာရေးဖောင်ဒေးရှင်းရန်ပုံငွေရရှိရေး သံဃာတော်များ၊ ဓနုဒေသဦးစီးအဖွဲ့နှင့် တောင်ရိုးကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်း

**ပင်းတယ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တောင်ရိုးတိုင်းရင်းသား ဆရာတော်၊ သံဃာတော်များနှင့် တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအသင်း(ဗဟို)မှ ချမှတ်ထားသော ဒေသအသီးသီးရှိ တောင်ရိုးတိုင်းရင်းသားလူငယ်များ ပညာရေးမြှင့်တင်ရန် ပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေ ရရှိဖို့အတွက် ဆရာတော်၊ သံဃာတော်များနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒေသဦးစီးအဖွဲ့ဝင် တောင်ရိုးတိုင်းရင်းသားကိုယ်စားလှယ် တွေ့ဆုံညှိနှိုင်းခြင်း အခမ်းအနားကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပွေးလှကျေးရွာအုပ်စု ရှောက်ပင်ကျေးရွာ ရေဂနိုင်ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပေးပြီး ဆရာတော်များထံမှ ငါးပါးသီလခံယူကာ ဆရာတော်များက မေတ္တာသုတ်ချီးမြှင့်ပေးခဲ့သည်။ ယင်းနောက် ရှမ်းပြည်နယ် ရွှေကျင်သံဃနာယကဥက္ကဋ္ဌ ရွှေညောင်မြို့ ကုန်းလှိုင်သာ သနောဒယပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် ရှမ်းပြည်နယ် သံဃနာယကအတွင်းရေးမှူး တောင်ကြီးမြို့ဓမ္မသုခကျောင်းတိုက် အုပ်ဆရာတော် ဦးဥတ္တမတို့က ဩဝါဒချီးမြှင့်ပေးပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

တောင်ရိုးပညာရေး ဖောင်ဒေးရှင်းရန်ပုံငွေရရှိရေးအတွက် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းမိသားစုက ပညာရေးရန်ပုံငွေကျပ်ငါးသိန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရုံးအဖွဲ့က ငွေကျပ်တစ်သိန်းနှင့် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် တောင်ရိုး တိုင်ရင်းသားကိုယ်စားလှယ် ဦးကျော်ငြိမ်းက တောင်ရိုးတိုင်းရင်သားလူငယ်များအတွက် အဝတ်အထည်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေဘေးရှောင် အိမ်ထောင်စု ၆၀ နှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့

**ဝါးခယ်မ ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မြဂိုးကြီးကျေးရွာအုပ်စုမှ ရေဘေးရှောင်အိမ်ထောင်စုများနှင့် မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ငှက်ပျောချောင်းနယ်မြေရဲစခန်းမှ တစ်ပိုင်တစ်နိုင် ထောက်ပံ့ပစ္စည်းများ ပေးအပ်မှုကို ဩဂုတ် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ထိုသို့ မြဂိုးကြီးကျေးရွာအုပ်စုတွင် မြစ်ရေမြင့်တက်လာမှုကြောင့် နေအိမ်ကြမ်းခင်းထိ ရေဝင်ဖြစ်ပေါ်ခဲ့ကာ မိသားစုများမှာ ထပ်ခိုးများ ပြုလုပ်နေထိုင်လျက်ရှိပြီး ထိုသို့နေထိုင်သော အိမ်ခြေ ၆၀ မှ အိမ်ထောင်စု ၆၀ ကို ငှက်ပျောချောင်းနယ်မြေရဲစခန်းမှ ရဲအုပ်မောင်မောင်စိုးနှင့် တပ်ဖွဲ့ဝင်များက တစ်ပိုင်တစ်နိုင် ထောက်ပံ့မှုအဖြစ် အိမ်ထောင်စု တစ်စုလျှင် ဆန်တစ်ပြည်နှင့် သုံးလုံး၊ စွန်ညီနောင်ခေါက်ဆွဲခြောက်ထုပ် တစ်ထုပ်၊ ဆီ ၄၀ ကျပ်သား၊ ကြက်သွန်နီ ၃၀ ကျပ်သားနှင့် မိသားစုဝင်များ၏ ကျောင်းသား ကျောင်းသူ ၄၀ အတွက် တစ်ဦးလျှင် ဗလာစာအုပ်ငါးအုပ်၊ ပေတံ တစ်ချောင်း၊ ခဲတံ နှစ်ချောင်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**



## ထားဝယ်မြို့နယ်အတွင်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ထောက်ပံ့ငွေများပေးအပ်

**တနင်္သာရီ ဩဂုတ် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျောက်တလုံးကျေးရွာအုပ်စုအတွင်းမှ သွားလာရန် ခက်ခဲ၍ ချို့တဲ့သော ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက ၎င်းစာသင်ကျောင်းများ၌ ပြုလုပ်ခဲ့သည်။

မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန် ကြီးကြပ်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာမများ၊ ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးအဖွဲ့ဝင်များ လိုက်ပါလျက် ရေကြောင်းခရီးဖြင့်သာ သွားလာနိုင်၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲလှသော အခြေခံပညာ မူလတန်းကျောင်း(ခွဲ) ကျောက်ညှပ်(ဘုရားဝတ်) ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးတို့အား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ကျောင်းဝတ်စုံတစ်စုံစီ၊ စေတနာလုပ်အားပေးဆရာမ ဒေါ်တင်ဇာဝင်းအား ချီးမြှင့်ငွေကျပ် ၃၀၀၀၀ နှင့် ကျောင်းဆောင်ပြုပြင်ရန်အတွက် ငွေကျပ် ၂၀၀၀၀၊ 'အောင်ဘုန်းပြည့်စုံ'ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဌေးလွင်က ငွေကျပ် ၅၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အခမ်းအနား၌ မြို့နယ်ပညာရေးမှူးက ကျောင်းဆောင်ရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ထပ်မံတိုးပွားလာအောင် စည်းရုံးပေးစေလိုကြောင်း ပြောကြားသည်။ အထက်တန်းသူနာပြုဆရာမ ဒေါ်မာမာစုက ကျေးရွာအတွင်း ခြင်မပေါက်ပွားစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း အသိ ပညာပေးဆွေးနွေးခဲ့သည်။ ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးတင်နှင့် ပြန်/ ဆက်ဦးစီးဌာန ဦးထိန်ဝင်းတို့က အသင်းဖွဲ့စည်းရေး၊ စာဖတ်ခြင်း၏ အကျိုးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာမများက ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု စမ်းသပ်စစ်ဆေးပေးပြီး လိုအပ်သည့် ဆေးဝါးများ ပံ့ပိုးပေး၍ ကျေးရွာအတွင်း ခြင်မပေါက်ပွားစေရန် စာသင်ကျောင်းအတွင်း၊ အပြင်နှင့် လူနေအိမ်ခြံများအား ခြင်ဆေးမှုတ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းနောက် အခြေခံပညာမူလတန်းကျောင်း(ခွဲ) ကြိမ်ချောင်းဝကျေးရွာမှ ကျောင်းသား ကျောင်းသူ ၁၅ ဦးနှင့် ကျွဲခရံကျေးရွာမှ ကျောင်းသား ကျောင်းသူ ၃၅ ဦးတို့ကိုကျောင်းဝတ်စုံတစ်စုံစီနှင့် 'အောင်ဘုန်းပြည့်စုံ'ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဌေးလွင်က ကျွဲခရံကျေးရွာကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ပေးအပ်ခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

## ကြီးနီကျေးရွာ အထက်တန်းကျောင်း(ခွဲ)၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲပြုလုပ်

**ချောက် ဩဂုတ် ၁၉**

ချောက်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးနီကျေးရွာ အထက်တန်းကျောင်း(ခွဲ) ကျောင်းခန်းမ၌ ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမျိုးဝင်းနှင့် ဝန်ထမ်းများသည် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးခြင်း၊ ကျောင်းမုန့်ဈေးဆိုင်များမှ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များ ရောင်းချရေးအတွက် အသိပညာပေးဆွေးနွေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ကျောင်းစာကြည့်တိုက်အတွက် ဌာနထုတ်ဂျာနယ်များ လှူဒါန်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းဆွေးနွေး အသိပညာပေးပွဲကို ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းဈေးသည်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မချို(ချောက်)**

# ကြော်ငြာ

## ASIAN TOUR CONCERTS 2016
(Thai Philharmonic Orchestra)

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ထိုင်းနိုင်ငံ Mahidol University တို့ ညှိနှိုင်း ဆောင်ရွက်ချက်အရ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့မှ "Thai Philharmonic Orchestra" (TPO)သည် ၎င်း၏ နိုင်ငံတကာဂီတအနုပညာရှင်(၉၀)ဦးနှင့်အတူ ရန်ကုန်၊ မန္တလေးမြို့နှင့် နေပြည်တော်မြို့များတွင် ဂီတဖျော်ဖြေပွဲ(၃)ပွဲကျင်းပရန်အတွက် မြန်မာနိုင်ငံသို့ လာရောက်ကြမည်ဖြစ်ပါသည်။ အဆိုပါအဖွဲ့တွင် ဂျာမနီနိုင်ငံမှ ဂီတပညာရှင် Maestro Gudni Enllssonနှင့် ကမ္ဘာကျော်စန္ဒရားပညာရှင် Oliver Kernတို့ ပါဝင်ကြမည်ဖြစ်ပါသည်။ ဖျော်ဖြေပွဲများတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင်(၈)ဦးနှင့် နိုင်ငံတော်ဆိုင်းဝိုင်းကြီးမှ ဂီတပညာရှင်(၂)ဦးတို့ကလည်း ပူးပေါင်းပါဝင်တင်ဆက်ကြမည်ဖြစ်ပါသည်။

၂။ ကျင်းပပြုလုပ်မည့် ဖျော်ဖြေပွဲများကို Mahidol University၊ ထိုင်းသံရုံး၊ ဂျာမနီသံရုံးနှင့် Goethe Institute တို့က ကူညီပံ့ပိုးပေးပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဖျော်ဖြေပွဲများအတွက် Liveရိုက်ကူးထုတ်လွှင့်ပြသနိုင်ရန် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ ဖျော်ဖြေပွဲများကို အောက်ပါနေ့ရက်များအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

(က) ဩဂုတ်လ ၂၆ရက် (Doors Open AT 7:00PM)
ရန်ကုန်မြို့၊ အမျိုးသားဇာတ်ရုံ

(ခ) ဩဂုတ်လ ၂၇ရက် (Doors Open AT 7:00PM)
မန္တလေးမြို့၊ အမျိုးသားဇာတ်ရုံ

(ဂ) ဩဂုတ်လ ၂၉ရက် (Doors Open AT 6:30PM)
နေပြည်တော်၊ MICC-II

၄။ ဖျော်ဖြေပွဲများအားလုံးကို အခကြေးငွေမယူဘဲ တင်ဆက်မည်ဖြစ်သောကြောင့် မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၅။ စုံစမ်းမေးမြန်းရန်အတွက် ဖုန်းနံပါတ်မှာ-
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
- ဒေါ်အေးသီတာထွန်း(လ/ထညွှန်မှူး-သံစုံ) Ph-5142933
- ဦးဝင်းမင်းဖြိုးကို(ဦးစီး-သံစုံ) Ph-5006552
- ဒေါ်ညိုမိစိုး(ဦးစီး-သံစုံ) Ph-450022350
- Office Ph-01-527122(Ext-149)

Goethe-Institute Myanmar
- Ph-01-2306064
- www.goethe.de/myanmar
- Email.ticket@yangon.goethe.org

Royal Thai Embassy, Yangon
- Ph 01-226728
- www.thaiembassy.org/yangon
- Email.@thaiembmyanmar

### ဖခင်အမည်မှန်
အထက(၅)ကမာရွတ်၊ နဝမတန်း Dတွင် ပညာသင်ကြားလျက်ရှိသော မနန်းမိုးမိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးခွန်မောင်သိန်းဖြစ်ပါသည်။
**ဦးခွန်မောင်သိန်း**

### ဖခင်အမည်မှန်
နမ့်ခမ်းမြို့၊ အထက(၁) နဝမတန်း(A)မှ နန်းဆိုင်နောင့်၏ ဖခင်အမည်မှန်မှာ ဦးအိုက်ထွန်း(ခ)ဦးမောင်အေး ဖြစ်ပါသည်။


### မန္တလေး ဗုဒ္ဓဂယာ နှင့် သီရိလင်္ကာ အထူးဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာ ခရီးစဉ်များ
(၈)ရက် ခရီးစဉ် – ၁၅.၁၀.၂၀၁၆ ၊ ၁၅.၁၁.၂၀၁၆
သီရိလင်္ကာ ခရီးစဉ်များ
စက်တင်ဘာလ (၇.၉.၂၀၁၆ - ၁၄.၉.၂၀၁၆)
အောက်တိုဘာလ ၊ နိုဝင်ဘာလ ၊ ဒီဇင်ဘာလ


### မွေးသက္ကရာဇ်အမှန်
နမ့်ခမ်းမြို့၊ အထက(၁) နဝမတန်း(A)မှ မအမ်မလီရွှယ်ရွှယ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၁-၂၀၀၁ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်
နမ့်ခမ်းမြို့၊ အထက(၁)နဝမတန်း (A)မှ မသင်းသင်းလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၉-၂၀၀၀ ဖြစ်ပါကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးဆူးကျင်ဟွာဖြစ်ပါသည်။


Vegas Myanmar
Contact : +95(9)455220997, +95(9)455220998, +95(9)31081738
Mail : vegasmyanmartour@gmail.com
Facebook : www.facebook.com/vegasmyanmartour
95000/-
35000/-
110000/-
38000/-
No.49(B), 2nd Floor (A-3), Oke Kyin Bo Tar Tone Road, (16) Ward, Hlaing Township, Yangon, Myanmar.

Manpuku
JAPANESE BBQ
BUFFET STYLE
လူကြီး 12,800 Ks
ကလေး (၃ပေခွဲ မှ ၄ပေ) 7,000 Ks
ကလေး (၃ပေခွဲအောက်) FREE



၁၀ယောက်
4,800Ks
Promotion ရှိသေးတယ်နော်



(၁)သိန်းကျပ် သုံးစွဲတိုင်း 5,000 Ks Coupon လက်ဆောင်ပေးနေပါသည်
ဆိုင်ဖွင့်ချိန် (3:00pm ~ 11:00pm) Last Order နောက်ဆုံးမှာကြားရန် (10:00pm)
အမှတ် (26/26B) အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရထားသံလမ်းအနီး။
Ph: 099 6155 5966, 099 6155 5977, 09 8300 426

ROBINSON Business School
Education for Business Leaders



Come visit our campuses at Yangon and Nay Pyi Taw!
Special Scholarship available!
Official University Partners
UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT
VICTORIA UNIVERSITY THE SCHOOL OF MANAGEMENT
DUAL Masters MBA / MIM
DUAL Bachelors BBA / BIM
Yangon Campus: 206-E, Level-2, La Pyayt Wun Plaza, Dagon Township, Yangon Nay Pyi Taw Campus: No. 59, Tharaphy Street, Tha Pyay Gone Quarter, Zabu Thiri Township, Nay Pyi Taw
Call us: 09 43196211(YGN)/ 09 4200 53536(YGN)/ 09 4544 33711(NPT) Robinson Business School enquiry@rbsmm.com www.rbsmm.com

Technopreneur - Challenges & Opportunities in 21st Century
psb Academy
Study Grant
SGD 500 / SGD 1000



- Meet Lecturers from Australia's Number 1 University Under 50
- Fast - track Pathway Options
- Achieve Degree from Top Universities from Australia and UK
- Campus Exchange Programs
- Internship Opportunity in Australia

Mandalay
Date : 25 Aug 2016 (Thu)
Time : 1:00 pm - 3:00 pm
Venue : Sedona Hotel (Amarapura Room)

Yangon
Date : 28 Aug 2016 (Sun)
Time : 9:00 am - 11:00 am
Venue : Novotel Hotel (Bagan Room)

LA TROBE UNIVERSITY
NEWCASTLE
Edinburgh Napier
Coventry University
UNIVERSITY OF LONDON
UNIVERSITY OF WOLLONGONG
Loughborough University

SAIC STUDY ABROAD Information Centre
သင့်ပညာရေး အတွက် ယုံကြည် အားထားရာ
(09) 5151 008, (09) 73 2424 04 STUDY ABROAD Information Centre

တာဝန်နေဝင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

အငှားမြေညွှန်
09-500 5916
09-730 97123


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
Facebook ကို MPT ဖြင့် အခမဲ့
အသုံးပြုလိုက်ပါ
အချိန်တိုင်း အချင်းချင်း
အဆက်အသွယ်မပြတ် ရှိနေနိုင်မယ့်
ဝန်ဆောင်မှုအသစ်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

Reg : 219/99

# “ ရွှေချစ်သူများအတွက် အထူးသတင်းကောင်း ”

ရန်ကုန်မြို့ ရွှေဘုံသာလမ်း၊ အောက်ဘလောက်တွင် အောင်သမာဓိ စိန်ရွှေရတနာဆိုင်အမှတ်(၅)ကို (၂၀.၆.၂၀၁၆)နေ့နှင့်
မန္တလေးမြို့ ၂၂လမ်း၊ ၈၈ × ၈၉လမ်းတွင် အောင်သမာဓိ စိန် နှင့် ရွှေဖြူသီးသန့် ဆိုင်အမှတ်(၆)ကို (၁.၇.၂၀၁၆)နေ့တွင် ဖွင့်လှစ်လိုက်ပါတယ်။
ဆိုင်သစ်များ ဖွင့်လှစ်သည့် အထိမ်းအမှတ် အနေဖြင့် ဆိုင်ဖွင့်သည့်နေ့မှ စတင်၍
ရက်ပေါင်း (၁၀၀) အတွင်း အောင်သမာဓိ ဆိုင်တိုင်းတွင် ဝယ်ယူအားပေးသော ရွှေချစ်သူများကို မန္တလေးမှာ ရွှေထည်(၁၀၀)၊ ရန်ကုန်မြို့မှာ ရွှေထည် (၁၀၀)

**ကံစမ်းမဲ ပေးနေပါပြီ ...**

ရန်ကုန်မြို့မှာ (၂၀.၆.၂၀၁၆) မှ (၂၇.၉.၂၀၁၆)နေ့အထိ၊ မန္တလေးမြို့မှာ (၁.၇.၂၀၁၆) မှ (၈.၁၀.၂၀၁၆)နေ့အထိ
ကံစမ်းမဲ ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ပါဝင်ကံစမ်းနိုင်ဖို့ အမြန်ဆုံးလာရောက် ဝယ်ယူအားပေးကြပါရန် ဖိတ်ခေါ်အပ်ပါတယ်။

ဆိုင်အမှတ်(၁) - ၈၉လမ်း၊ ၂၁ × ၂၂လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၂ - ၃၆၈၄၄၊ ၃၉၇၃၀၊ ၇၁၇၄၄
ဆိုင်အမှတ်(၂) - အမှတ်(၁၁၅)၊ ၈၄လမ်း၊ ၂၉ × ၃၀လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၂ - ၆၆၇၈၅
ဆိုင်အမှတ်(၃) - အမှတ်(၅၅)၊ ၂၉လမ်း၊ အောက်ဘလောက်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ - ၃၈၉၉၂၂
ဆိုင်အမှတ်(၄) - အမှတ်(၁၁၇)၊ ၈၄လမ်း၊ ၃၁ × ၃၂လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၂ - ၃၀၃၄၂၊ ၃၀၇၈၄၊ ၃၀၇၈၅
ဆိုင်အမှတ်(၅) - အမှတ်(၈၀)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ - ၃၇၅၈၃၉
ဆိုင်အမှတ်(၆) - ၂၂လမ်း၊ ၈၈ × ၈၉လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၉ - ၂၅၈၉၀၇၁၂၉
အလုပ်ရုံ - ၁၄လမ်း၊ ၈၇ × ၈၈လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၂ - ၇၃၁၀၈၊ ၇၅၅၅၆

We must work together! We must build our Nation!

MYANMAR'S LAND
Success, Motivation and Management Institute

သင်..အသက်ငယ်ငယ်နဲ့ အောင်မြင်ချင်ပါသလား ➤➤ လူငယ်မန်နေဂျာသင်တန်း

www.facebook.com/mlinstitute

YOUNG MANAGER TRAINING



စီးပွားရေးစီမံခန့်ခွဲမှုပညာကို
စိတ်ဝင်စားသူ
လူငယ်တိုင်းအတွက် . . .

- အခြေခံစီးပွားရေးစီမံခန့်ခွဲမှုပညာ (Basic Business Management)
- Marketing, HR, Operation အခြေခံ အသိသုတများ
- Business Plan, Business Model ရေးဆွဲနည်း
- ခေါင်းဆောင်မှုပညာ (Leadership Skill)
- အပြုသဘောရှုမြင်မှု၊ စကားပြောဆိုမှုပညာ
- Problem Solving Skill, How to get idea ?

New Campus တွင်


၁၀-၉-၂၀၁၆ ဖွင့်မည့်သင်တန်းကာလ (၂-လ) Sat-Sun 5:30 pm to 7:30 pm

Guest Speaker များအဖြစ် ပါဝင်ဆွေးနွေးပေးပါမည်။

Campus - Taw Win Centre (3rd Floor) website : www.lynnthaiknyunt.com
Contact: 01503172, 09259290274, 09259290273, 0943121060, 0932350785, 095010014

Home
Since 1996

ပါကေးအစားထိုး ကြမ်းခင်း Special Promotion


READY MADE FLOOR
** Selected items only

၃ ကျင်းဝယ် ➔ ၁ ကျင်း လက်ဆောင်
Buy “Floor” Get Free

လက်ဆောင်
Japan Wall Leather


** Terms & conditions applied

မြန်မာတနိုင်ငံလုံး ဆိုင်ခွဲပေါင်း(၁၁)ခုတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်
HOTLINE: 09 79 700 70 70
09 79 700 70 80

ABAC Offshore Myanmar Campus မှ ထိုက်ရိုက်ချီးမြှင့်သည့်...
MBA အဖွဲ့ရ (၁၆၆) ဦးနှင့် ပါရဂူအဖွဲ့ရ (၁) ဦး ဘွဲ့ထုတ်ပေးပြီးဖြစ်သော ....
ပါရဂူအတွေ့အကြုံရှိ ပညာရှင်များ ဦးစီးသင်ကြားပေးနေသော ....
ထိုင်းနိုင်ငံ Assumption University မှ တိုက်ရိုက်ချီးမြှင့်သည့် ....

**MBA** (Batch 15)
*Master of Business Administration*

Study at Myanmar Plaza

**M.M.OD** (Batch 1)
*Master of Management in Organization Development*

**Ph.D.OD** (Batch 4)
*Doctor of Philosophy in Organization Development*

**Ph.D.BA** (Batch 2)
*Doctor of Philosophy in Business Administration*

**More New Professional Management Certificate Programs**
Opening Soon...

- Marketing Management
- Financial Management
- General Management
- Technology Management
- Tourism Management
- Organization Development
- Automotive Dealer Management

Part Time Program (Mon-Fri: 6:00 PM ~ 9:00 PM / Sat & Sun: 9:00 AM ~ 4:00 PM / Block Teaching)

**Martin's Learning Center:** Unit 105B, Myanmar Plaza, Kabaaye Pagoda Road, Yankin Township, Yangon, Myanmar.
Website: www.grad.au.edu / www.au.edu
Email: admission.abacmartin@gmail.com

09-43109805 / 09-799657660 / 09-428154292

PUN HLAING SILOAM HOSPITALS

သင် နှင့် သင်စောင့်ရှောက်လိုသူ၊ တန်ဖိုးထားရသူ၊ အားထားရသူများအတွက် ဓမ္မတာတရားကိုပြသရန်

“ အားနည်းသူကို ပေးမကူ လူထုအကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု ”

EMERGENCY 01 68 44 11

Silver Ward

Silver Ward တွင်
သားဖွားမီးယပ်ဆိုင်ရာနှင့်
အထွေထွေခွဲစိတ်ကုသမှုဆိုင်ရာများ
အတွက် အပြီးအစီး ကုန်ကျစရိတ်
စုစုပေါင်းမှာ
ဓလောင်းကျပ် မှ ငါးသိန်းကျပ်
ဝန်းကျင်အတွင်းသာ ဖြစ်ပါသည်



တစ်ရက်အခန်းခ
၁၀၀၀၀ ကျပ်တွင်

ဝန်ဆောင်မှုများ
တာဝန်ကျ ဆရာဝန်များ၏ ကြပ်မတ်ကုသမှု
တာဝန်ကျ သူနာပြု ဆရာ၊ ဆရာမများ၏ နေ့ခင်းညမပြတ် ကျန်းမာရေးစောင့်ရှောက်မှု
အစားအသောက် တစ်နေ့ (၃) ကြိမ် ဝန်ဆောင်မှု
သန့်ရှင်းရေး ဝန်ဆောင်မှု

ရရှိနိုင်မည့် Facilities
လူနာများ အပန်းဖြေကြည့်ရှုရန် TV များ
လူနာစောင့်များ နားနေရန် ခန်းမဆောင်
မျက်နှာကြက်ပန်ကာများ
သန့်ရှင်းသပ်ရပ်သော ရေချိုးခန်း၊ သန့်စင်ခန်းများ

facebook

Pun Hlaing Siloam Hospitals
www.punhlaingsiloamhospitals.com
Pun Hlaing Golf Estate Avenue, Hlaing Tharyar Township,Yangon, Myanmar. Tel: +95 1 684 323, 684 325, 684 336, +95 9 421042679 Fax: +95 1 684 324




နှစ်ထပ်လုံးချင်း ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်
သာကေတရှပ်ရှင်ရုံ+KBZ Bank+(၁) ဈေး+ရွှေပုဇွန်+CAPITAL+
Orange တို့နှင့်နီး မြေအကျယ် (၂၅ ပေ x ၆၀ ပေ) ခြံထဲတွင်
ကားနှစ်စီးစာပါကင်ပါ၊ ထူပါရှိ ၀၆ လမ်း ဈေးနှုန်း (၁၅၂၀ သိန်း) ညှိနှိုင်း၊
(တိုက်ခန်း ကားတို့နှင့် အလိုက်ယူ လဲလိုပါသည်။) ဖုန်း - ၀၉ ၅၀၅၆၃၆၂။

FORWARD
CAR RENTAL
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်းမြို့ပြင်
လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
Ph: 09 5089800
09 252522200

ODYSSEY
ပြည်တွင်း၊ပြည်ပလေယာဉ်လက်မှတ်
ဘီဇာရောက်ရိုဝန်ဆောင်မှု
01-246334,246339,240545
အရောင်းခွဲကိုယ်စားလှယ်ယူနိုင်သည်

ထိုင်ဝမ်အလည်ခရီးစဉ်နှင့်
ကျန်းမာရေးစစ်ဆေးကုသရန်
အထူး (10)ည(6)ရက်နေ့မှ(11)ရက်နေ့အထိ အလည်အပတ် ခရီးစဉ်ရှိသည်။
သွားမည့်သူများကြိုတင်စာရင်း ပေးသွင်းနိုင်ပါသည်။
လိုက်ပါမည့်သူများ
(31.8.2016)ရက်နေ့တွင် နောက်ဆုံးစာရင်းပိတ်ပါမည်။
ကျန်းမာရေးစစ်ဆေးကုသရန်အတွက် အချိန်မရွေးရောက်ရှိ
သွားရောက်ဆေးကုသနိုင်ရန် ဆောင်ရွက်ပေးပါသည်။
ဆက်သွယ်ရန်။ ။ အမှတ်(၇၀)၊ရွှေတောင်တန်းလမ်း၊လမ်းမတော်မြို့နယ်၊ဆိုဖြည့်ထပ်၊
Ph: 09 796285752 , 01 226365 ၊ ဦးတင်ဝင်း 09 5159407




**FAMILY BUSINESS GROUP HOTEL LTD**
